www.burmeseclassic.com

အောင်မြင်စာပေ

# ဒေဝဂ

# သရဲကိုအံတုတဲ့ ပယောဂဆရာများ




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း



၂၀၁၇ ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက် (မြ၀၀၀၇၇)၊ အမှတ်(၁၄၅)၊ နှင်းဆီ[illegible]လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

ထုတ်ဝေသူ ဦးအောင်မြင့် (မြ၀၀၂၇၆)၊ အောင်မြင့်စာပေ။

ဖြန့်ချိရေး အောင်မြင့်စာပေ၊ အမှတ်(၁) [illegible]၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# ဒေဝဝ

# သရဲကြုံခဲ့ရတဲ့ ပရယောဂဆရာများ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com




ဘဝချင်း ခြားနားနေတဲ့အခြေအနေမှာ
သက်ရှိလူသားယောင်ဆောင်
ပြီး နှလုံးသားထဲ
တိတ်တိတ်ခိုးဝင်မိတာ
ခွင့်လွှတ်ပါ မိုးရယ်...
သံသရာအဆက်ဆက်က
မြဲမြဲမြံမြံ ဖွဲ့ရစ်ခဲ့မိတဲ့
ချစ်ခြင်းကို အရိပ် ဘယ်လိုမှ
မလွန်ဆန်နိုင်ခဲ့မိလို့ပါ...။
ပရလောကသားအဖြစ်က
နေ အယောင်ဆောင်ခဲ့ပေမယ့်
လည်း မိုးအပေါ် ချစ်မိတဲ့
ချစ်ခြင်းတရားကတော့
အစစ်အမှန်ရယ်ပါ။

(အလင်းရိပ်)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အရိပ်...ဘယ်လိုမှ ဆုံစည်းခွင့်မရနိုင်တဲ့ အခြေ
အနေမျိုးမို့ ကံကြမ္မာကို ခါးသီးမိပါရဲ့။ သံသရာ အစဉ်
အဆက်က နှောင်ဖွဲ့ခဲ့မိတဲ့ ချစ်ခြင်းတရားကို ကိုယ်ဘယ်လိုရှင်းဖြတ်
ရမှာလဲ၊ ဘာပဲဖြစ်ဖြစ် အရိပ်ကလေးရယ်၊ သံသရာတစ်ကြော့မှာတော့
ပြန်တွေ့နိုင်အောင် ကိုယ်တို့ ဆုတောင်းကြ မယ်နော်။

(မိုးသား)

www.burmeseclassic.com

www.burmeseclassic.com

အစ်ကို...ကျွန်မတို့ နာနာဘာဝတွေကို ဖန်တီးပြီး လုပ်စားခဲ့ကြတယ်၊ အခု အခြေအနေ ကြုံလို့ သူတို့အတွက် ကောင်းမှုပြန်လုပ်ပေးရ အောင်။

(မော်စီ)



www.burmeseclassic.com

www.burmeseclassic.com



ပညာလာဖြိုင်တယ်လို့ မအောက်မေ့ပါနဲ့၊ အလှူလာခဲ့တာပါ၊ အို...အို....ပိုက်ဆံအလှူခံတာ မဟုတ်ပါဘူးကွယ်...၊ ဆရာ့မှာ အားလုံး ပြည့်စုံပါတယ်၊ ဆရာ အလှူခံချင်တာက အဲ့ဒီနာနာဘာဝမလေးကိုပါပဲ။

(ဆရာဇော်)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

အရိပ်...မျက်နှာကို လက်ဖဝါးနှစ်ဖက်ထဲ နှစ်ထားရင်းက..ဖြစ်နိုင်လျှင် အငွေ့ပြန်လို့ ပျောက်ကွယ်သွားလိုက်ချင်သည်။

မျက်ရည်များက လက်ဖဝါးပြင်မှာ ရွှဲနစ်လို့နေပြီ။

ငိုရလွန်းသဖြင့်လည်း မောဟိုက်၍ပင်နေပြီ။

"ဒါက...ငိုနေရုံနဲ့ ပြီးမယ့်ကိစ္စမဟုတ်ဘူး အေးသင်းရိပ်"

အထက်စီးဆန်လှသော စကားသံကို ကြားရလျှင် မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်တို့က အိခနဲ ပြိုဆင်းလာပြန်သည်။

"ပြော...မင်း ဘယ်နည်းနဲ့ ဖြေရှင်းပေးမှာလဲ!...ပြော..."

မန်နေဂျာဆီမှ ကျားတစ်ကောင်လို ဟိန်းဟောက်သံ ထွက်လာခဲ့လျှင် အရိပ်ရဲ့ကျောပြင်ကလေးမှာ ဆတ်ခနဲ တုန်သွားရသည်။

အရိပ် ဘယ်နည်းနဲ့ ဖြေရှင်းပေးရမှာလဲ...။

အရိပ်သည် ငိုနေရုံမှလွဲ၍ ဘာမှမလုပ်တတ်တော့၊ ဒါဟာ လည်း အကောင်းဆုံးသော ဖြေရှင်းနည်းမဟုတ်မှန်း သိပါရဲ့...။

"ပြောလေ...မင်းကြိုထုတ်ထားတဲ့ ငွေငါးသိန်းကို ဘယ်လိုပြန်ဆပ်မှာလဲ!...ပြောစမ်း"

မန်နေဂျာကြီးဆီမှ ဟိန်းဟောက်သံ တစ်ခွန်းထွက်လာတိုင်း အရိပ်ရဲ့ကျောပြင်ကလေးမှာ တစ်ခါတုန်သွားလျက် မျက်ရည်တို့မှာလည်း တစ်ခါထပ်ကျလာရပြန်သည်။

"အလင်းရိပ်...မင်း အဲ့လိုကြီး ငုံ့စုံပစ် ငိုမနေနဲ့..၊ မော့စမ်း မျက်နှာကို..."

အရိပ်မှာ ကြောက်ကြောက်နှင့်ပင် ဂျာကြီးအမိန့်အတိုင်း မော့ကြည့်လိုက်ရသည်။

"မင်း ငွေကြိုထုတ်တုန်းက တစ်လကို ငါးသောင်းဖြတ်ပါ လို့ ပြောခဲ့တယ် မဟုတ်လားဟင်!...ပြောစမ်း"

"ဟုတ်...ဟုတ်"

အရိပ်မှာ ရှိုက်သံဖလုံးဖထွေးကြားက အနိုင်နိုင်အားယူကာ ပြန်ဖြေရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးခဲ့တဲ့လတုန်းက အမေနေမကောင်းလို့ပါဆိုတော့ လူမှုရေးအရ သက်ညှာပြီး ငါနားလည်ပေးခဲ့တယ်"

အရိပ်မှာ ဂျာကြီး၏ ကျယ်လောင်လှသော အသံကြီးကြောင့် ရုက်စွဲ့သိမ်ငယ်ကာ ခေါင်းကိုပြန်ငုံ့ချလိုက်မိသည်။

"မငုံ့နဲ့...ငါစကားပြောလို့ မပြီးသေးဘူး၊ ခေါင်းကို ပြန်မော့စမ်း"

ဂျာကြီး ဟိန်းခနဲ အော်ပြန်သည်။

အရိပ်မှာ ပခုံးများပါ ဆတ်ခနဲ တုန်သွားလျက် ကမန်းကတန်း မော့ကြည့်လိုက်ရသည်။

"ဒီလကျတော့ အိမ်ပြင်မှာမို့တဲ့၊ မင်းအကြောင်းပြချက်က တစ်လတစ်မျိုး မရိုးနိုင်တော့ဘူးလားဟင်!..အလင်းရိပ်"

အရိပ်မှာ အဆက်မပြတ် ကျဆင်းလာသော မျက်ရည်တို့ကို သုတ်ရင်းက တံတွေးကို အတင်းမျိုချလျက်...

"အိမ်...အိမ်က လေပြင်းတိုက်ခံရလို့ အရမ်းကို ရွှဲ့နေလို့ပါ ဂျာကြီးရယ်၊ ရှေ့လကျရင် အရိပ် ဆက်ဆက်,ဆပ်နိုင်အောင် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

"ဘာ!!.."

ဒီတစ်ခါ အော်လိုက်သံက အသံနက်ကြီး။

"ဆက်ဆက်..အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်၊ မင်းစကားတွေက တစ်လုံးမှ မတိကျဘူး အလင်းရိပ်၊ ငါ ဘယ်လိုယုံကြည်ရမှာလဲ!၊ ဖြစ်နိုင်ရင် ငါက..ဒီလ တစ်လစာကိုတောင် ထုတ်ပေးချင်တော့တာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အရိပ်မှာ နီရဲမို့အစ်နေသော မျက်လုံးကလေးများ ဝိုင်းစက်သွားရသည်။ အလန့်တကြားနှင့်...

"အဲ့...အဲ့လိုတော့ မလုပ်ပါနဲ့ ဂျာကြီးရယ်၊ ဒီလစာ မထုတ်ပေးရင် အရိပ်တို့သားအမိ ဘာနဲ့သွားစားရမှာလဲ!"

"ဒါ မင်းတို့ကိစ္စလေ..၊ မင်းတို့တွေဘက်သာ ငါက အမြဲကြည့်ရှုပေးခဲ့ရတာ၊ ငါ့ဘက်ကိုကျတော့ရော...မင်း တစ်ချက်ကလေး ပြန်ငဲ့ကြည့်ဖူးလို့လား!၊ ငါ့မှာ မင်းတို့ကတစ်ဖက် သူဌေးကတစ်ဖက် အမြဲကြားညပ်နေရတာ၊ အဲ့လောက်များတဲ့ငွေ ငါလည်းကြားထဲက မစိုက်ထားနိုင်ဘူး"

ဂျာကြီးမှာ ဒေါသတကြီး ပြောနေသည်။

အရိပ်မှာလည်း ခေါင်းကိုတွင်တွင်ငုံ့ကာ မျက်ရည်သာတတွေတွေ ကျနေမိသည်။

ကျဉ်းထဲကျပ်ထဲ အခြေအနေမှာ...

"မစိုက်ရပါဘူး..."

ရုတ်တရက် ထွက်ပေါ်လာသော အေးစက်စက်အသံကြီးကြောင့် နှစ်ယောက်စလုံး အခန်းဝသို့ လှည့်ကြည့်မိလိုက်ကြသည်။

"ဟာ...ဆရာ"

ခုနက အရိပ်ကို အော်ဟစ်ငေါက်ငမ်းနေခဲ့သော မန်နေဂျာကြီးမှာ..ဆိုင်ရှင်သူဌေး ဦးတော်မီကို တွေ့လိုက်သည်နှင့် ချက်ချင်းမြွေစွယ်ကျိုးသလို အချိုးပြောင်းသွားခဲ့သည်။

"ဒီကောင်မလေးက..."



www.burmeseclassic.com

www.burmeseclassic.com



ဂျာကြီးမှာ ဖြစ်ပျက်ပုံကို ဇာတ်လမ်းဆင်ကာ ပြောပြဖို့ အစပျိုးဆဲ သူဌေးဦးတော်မီက လက်ဝါးကြီး ဖြန့်ကာတားလျက်...

"ငါ အားလုံးကြားပြီးပြီ"

ဂျာကြီးမှာ ခုမှ ရင်အေးသွားသလို ပြုံးသည်။

အရိပ်ကတော့ အပူလုံးကြီးက ငယ်ထိပ်သို့ပင် ဝုန်းခနဲ တက်ဆောင့်သလို ခံစားလိုက်ရသည်။

ဦးတော်မီမှာ အရိပ်ကို ခပ်လျှမ်းလျှမ်းသာ တစ်ချက်ကြည့်လျက်...

"ကိုစိုးမောင်ရယ်...ဒီကောင်မလေးက တကယ်ဒုက္ခ ရောက်နေတာပဲဟာ၊ ကိုယ့်ဆိုင်ကဝန်ထမ်းတွေ အတိဒုက္ခ ရောက်နေတာကို မျက်နှာလွှဲနေနိုင်လောက်အောင် ကျုပ်မရက်စက်တတ်ပါဘူးဗျာ၊ ကောင်မလေးရဲ့အကြွေးတွေကို လျော်ပေးလိုက်ပါ"

"ဗျာ..ဆရာ..ဟို..ဟို..ငါးသိန်း..."

ဒီတစ်ခါတော့ ငယ်ထိပ်သို့ အလုံးကြီး တက်ဆောင့်သွားရသူမှာ ဂျာကြီးပဲဖြစ်သည်။

မျက်လုံးများ ပြူးထွက်လို့နေသည်။

အရိပ်မှာတော့ ကိုယ့်နားကိုပင် မယုံရဲ...။

"ငါးသိန်းလောက်နဲ့တော့ ကျုပ်စီးပွားပဲ့မသွားပါဘူးဗျာ... ထားလိုက်စမ်းပါ၊ ဝန်ထမ်းတွေ စိတ်ချမ်းသာဖို့ပဲ အရေးကြီးပါ တယ်၊ မဟုတ်ဘူးလား ကိုစိုးမောင်!..."

ဦးတော်မီ ပြောပုံမှာ လေသံချိုကလေးနှင့်...

မျက်လုံးကလေးစင်းကာ ဂျာကြီးကို

www.burmeseclassic.com



ထောက်ခံစေချင်သည့်သဘော မေးကလေးက ထိုးပြလိုက်သေးသည်။

"ဗျာ..ဟုတ်..ဟုတ်..သိပ်ဟုတ်တာပေါ့ ဆရာရယ်"

ဂျာကြီးမှာ ပျာပျာသလဲ ထောက်ခံလိုက်ရသည်။

"ဒါပေါ့...ဝန်ထမ်းတွေ စိတ်ချမ်းသာမှုရှိမှ ကျုပ်လည်း စိတ်ချမ်းသာရမှာပေါ့...ကဲ.."

'ကျုပ်လည်း စိတ်ချမ်းသာရမှာပေါ့...'ဆိုသော စကားရဲ့နောက်ဆက်တွဲအဓိပ္ပါယ်ကို မန်နေဂျာကြီး အသေအချာ စဉ်းစားဆဲ..'ကဲ..'ဟူသော ခွန်အားအပြည့်ပါသည့် ဆော်ဩသံကြီးကြောင့် လန့်ပင်လန့်သွားရသည်။

"ဘော်ဘီနဲ့ဘိုနီ...ကောင်မလေးကို ခေါ်လာခဲ့၊ အလုပ်ကိစ္စလေး အေးအေးဆေးဆေး ပြောရအောင်"

"ဟုတ်..ဆရာ"

ဦးတော်မီ၏ အပါးတော်မြဲနှစ်ယောက်ဖြစ်သော ဘော်ဘီနဲ့ ဘိုနီမှာ အရိပ်ကိုပြေးပြကြသည်။

ထို့နောက်...သူဌေးဦးတော်မီမှာ အရိပ်ဘက်လှည့်ကာ အချိုမြဆုံးသော အပြုံးကြီးတစ်ခု ပြုံးပြလျက် ရှေ့မှ အရင်ထွက်သွားသည်။

"လာ..."

ဘော်ဘီနှင့်ဘိုနီက အရိပ်ကို ခပ်ကြိတ်ကြိတ်အသံနှင့် လက်ယပ်ခေါ်သည်။

"လိုက်သွားလေ မြန်မြန်၊ ဆရာက အလုပ်စကား ပြော

www.burmeseclassic.com

www.burmeseclassic.com



စရာရှိလို့တဲ့"

မန်နေဂျာကြီးက နားမလည်နိုင်ရန်ကောဆိုသော သဘောမျိုး မျက်ထောင့်နီကြီးနှင့်ကြည့်ကာ ကြိတ်ဆော်သြပြန်သည်မို့ အရိပ်မှာ ယောင်နယောင်နနှင့် သူဌေးဦးတော်မီတို့နောက် အပြေးလိုက်သွားခဲ့ရသည်။

ပါးပြင်ထက်ဆီမှာ မျက်ရည်တို့ မခမ်းခြောက်သေး...။

မန်နေဂျာကြီးဆီမှ အံကြိတ်ကာ ခေါက်လိုက်သော.. တောက်ခေါက်သံတစ်ချက် ထွက်ပေါ်လာခဲ့သည်။

အစာအလုခံလိုက်ရသော ကြိတ်မနိုင်ခဲမရ အသံမျိုးဆိုတာ မိမိဘာသာ သိနေသည်လေ။

www.burmeseclassic.com

www.burmeseclassic.com



"အိုး..ဟင့်အင်း..ကျွန်မကို ဒါမျိုးမလုပ်ပါနဲ့၊ ကျွန်မ အကြွေးကို ပြန်ဆပ်ပါ့မယ်...ဟင့်အင်း"

တကယ် အလုပ်ကိစ္စဟု ယုံမှတ်၍ လိုက်လာခဲ့မိသည်မှာ မှားပြီဆိုတာ ဒီရောက်မှပဲ အရိပ်သိလိုက်ရတော့သည်။

"အို..အို..ဆပ်စရာမလိုပါဘူးဆိုမှ အရိပ်ကလေးရယ်..၊ ကိုယ်ပေးတဲ့ အကြင်နာတွေကို အေးအေးဆေးဆေးကလေး ခံယူလိုက်ရင် ရပြီ၊ ကိုယ်နဲ့ အရိပ်ကလေးရဲ့ကြားမှာ ဘာအကြွေးမှ မရှိတော့ဘူး ဟုတ်ပြီလား၊ ကိုယ်ကတောင် အရိပ်ကလေးကို ထပ်ပေးလိုက်ဦးမှာ"

"ဟင့်အင်း...ဟင့်အင်း...မယူဘူး၊ ကျွန်မ ရှင့်ဆီက ဘာမှ မယူတော့ဘူး၊ ရှင့်အကြွေးကိုလည်း ပြန်ဆပ်ပါ့မယ်၊ ကျွန်မကို

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးပါ”

“ကလေးရယ်...ပြန်လွှတ်ပေးလိုက်ရင် နမျောစရာတွေ ဖြစ်ကုန်မှာပေါ့၊ ကိုယ်က..ကလေးကို အားလုံးတာဝန်ယူမှာပါ၊ တကယ်ပြောတာ...အတည်...အတည်”

“ဟင့်အင်း..ကျွန်မလက်မခံနိုင်ဘူး၊ ရှင့်ရုပ်ကြီး ကျွန်မ ခံစားလို့မရဘူး၊ ရှင့်ပိုက်ဆံတွေလည်း ကျွန်မ မမက်ဘူး၊ ကျွန်မ ပြန်ပါရစေ...ခုလွှတ်...”

အရိပ် တောင်းပန်၍လည်းမရတော့..ကျားနာမလေးလို ဒေါသများ ထွက်လာခဲ့ပါသည်။ အသံမှာ မာထန်၍လာသည်။

“မလွှတ်ပါဘူးဆို...လွှတ်ဘူး”

တော်မီဆိုသော တဏှာရူးကြီးမှာ မျက်နှာပါ ရူး၍လာပြီ။ အရိပ်မှာ ရုန်းကန်ရလွန်းသဖြင့် အားအင်များ ကုန်ခမ်း၍နေပြီ။

အရိပ် ဒီတဏှာအိုကြီးကို အညံ့ခံ အရှုံးပေးလိုက်ရတော့မှာ လား။ ပိုက်ဆံငါးသိန်းအတွက်နဲ့တော့ အပျိုစင်ဘဝကလေး အနစ် နွှန်းမခံနိုင်။ အရိပ်သည် ခဏငြိမ်သက်နေလိုက်ပြီး လက်ချောင်း များက ခေါင်းရင်းဘက်ဆီ တရွေ့ရွေ့ စမ်းသပ်နေမိသည်။

အရိပ်အတွက် ကူညီကယ်ဆယ်ပေးနိုင်မည့် တစ်စုံတစ်ရာ များ မရှိနိုင်တော့ဘူးလား။

အရိပ်လက်ချောင်းကလေးများက တရွေ့ရွေ့ တွားသွား ဆဲ ခေါင်းအုံးအောက်မှ ချွန်မြသောအရာတစ်ခုကို ရှာဖွေတွေ့ရှိ လိုက်သည်။

ဆတ်ခနဲဆွဲယူလိုက်ပြီး အရိပ်ရဲ့လက်ကလေးမှာ မြောက်



www.burmeseclassic.com

www.burmeseclassic.com



တက်သွားခဲ့သည်။

“ကဲဟာ...သေစမ်း”

“အံမာ...ကောင်မ”

လက်ခနဲ အလင်းရောင်နှင့်အတူ...

‘အင့်’ခနဲ နာနာကျင်ကျင် ညည်းညူလိုက်သံမှာ ထွက်ပေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ညဉ့်နက်သန်းခေါင်ယံအချိန်...

အဝေးပြေးလမ်းမကြီးပေါ်မှာ ကားတစ်စီးက တုန်လှုပ်ချောက်ခြားစွာ ပြေးလွှားလျက်...။

လူနေထူထပ်ကာ စည်ကားမည့်ပုံရသော ရွာကြီးတစ်ရွာနားရောက်လျှင် ကားမှာ ရုတ်တရက် ထိုးရပ်သွားခဲ့ရသည်။

"ဟော့ကောင်...စက်က ဘာဖြစ်လို့လဲကွ!"

"အင်ဂျင်က အကောင်းကြီးကွ၊ ငါ အသေအချာ စစ်ခဲ့ပြီး

www.burmeseclassic.com



သွား...”

“ဒါဆို ကားက ရုတ်တရက်ကြီး ဘာလို့ရပ်သွားတာလဲ!”

“ဘယ်သိမှာလဲ...နောက်ခန်းက မင်းကြီးတော်ကြီးကို သွားမေးကြည့်ပါလား!”

“အင်...”

စကားများချင်သောဘော်ဘီ...တော်ပြီဟုပင် ပြောစရာ မလိုဘဲ အလိုအလျောက် ပါးစပ်ပိတ်သွားသည်။

“ငါ...ငါ...အဲ့ဒါကြီး..တင်လာကတည်းက..စိတ်ထဲ... တထင့်ထင့်နဲ့ကွ၊ တစ်လမ်းလုံး ကျောထဲစိမ့်နေတယ်”

“ဟုတ်တယ်...ငါရောပဲ”

“ကေတ္တ ဒီနားမှာ သူနေခဲ့ချင်လို့လားမှ မသိတာနော်”

ဘိုနီက ခဏငြိမ်သက် စဉ်းစားလိုက်ကာ...

“မင်းတော်တယ် ဘော်ဘီ၊ မင်းပြောသလို ဖြစ်နိုင်တယ်၊ ငါတို့ ဒါကြီးကို ဒီနားမှာပဲ အပျောက်ရှင်းလိုက်ရအောင်”

“အိုကေ”

သူတို့နှစ်ယောက် ကားပေါ်မှ သွက်သွက်ဆင်းကာ စောင်နှင့်ပတ်ထားသော အလောင်းကြီးကို သယ်ဖို့ကြိုးစားကြသည်။

“လေးလိုက်တာကွာ...လူကြည့်တော့ ပိန်ပိန်လေး...အိး”

ဘော်ဘီက ညည်းသည်။

“လူဆိုတာ သေရင် လေးတယ်ကွ၊ ခန္ဓာကိုယ်ထဲမှာ လေမှ မရှိတော့တာ”

“တောင့်တောင့်ကြီးနော်”



www.burmeseclassic.com

www.burmeseclassic.com



"သေမှတော့ ပျော့ပျောင်းဦးမလားကွ…၊ ဟော့ကောင်… ဘော်ဘီ မင်းစကားသိပ်မများနဲ့…မြန်မြန်သယ်၊ လေးရတဲ့ကြားထဲ စကားက များသေးတယ်၊ ပြီးရင် ကျင်းတူးရဦးမယ်"

အဆီမရှိသော ပိန်လျော့လျော့ ခန္ဓာကိုယ်လေးကို သူတို့ နှစ်ယောက်သား ချွေးများပြိုက်ပြိုက်ကျအောင် သယ်ကြရသည်။

"ဒီနားမှာပဲ ချလိုက်ရအောင်ကွာ…၊ ငါ့လက်တွေ မခံနိုင်တော့ဘူး"

"အေး…ကောင်းတယ်"

နှစ်ယောက်သား ကုန်းစပ်လေးမှာ အလောင်းကို လွှတ်ချလိုက်တော့သည်။

"ဟူး…လေးလိုက်တာ"

ဘော်ဘီက ခြေပစ်လက်ပစ်နားရန် ကြိုးစားသည်။

"ဟော့ကောင်…နားဖို့ မစဉ်းစားနဲ့၊ ထ..ကျင်းတူးရဦးမယ်၊ လာ…မြေပျော့တဲ့နေရာလေး ရွေးတူးမယ်"

"တောက်…တော်တော်အလုပ်ရှုပ်တဲ့ ဆရာတော်မိ"

"အရှုပ်လုပ်ခဲ့မှတော့ အလုပ်ရှုပ်မှာပဲ၊ ဟော့ကောင် စကားများမနေတော့နဲ့ ဒီချောင်းစပ်မှာ တူးမယ်၊ ရေနဲ့ နီးတော့ မြေပျော့တယ်"

"ဒါများကွာ…တူးနေရသေးတယ်၊ ရေထဲကို တစ်ခါထဲပစ်ချလိုက်..ပြီးရော"

"မင်းကြီးတော်ကြီးက ရေထဲမျောပြီး ပြန်ပေါ်လာမှာပေါ့ဟ မစဉ်းစားမိဘူးလား၊ ဒီနေရာက လူအသွားအလာပြတ်လို့



www.burmeseclassic.com

www.burmeseclassic.com



မြှုပ်မှာ၊ နည်းနည်းပါးပါး ဦးနှောက်လေး ထုတ်သုံးဦး…”

ဘိုနီက ဘော်ဘီနားထင်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ ဆရာကြီးလုပ်သည်။

ဘော်ဘီမျက်နှာရှုံ့မဲ့သွားသည်။

“တူး…မြန်မြန်တူး…စကားမများနဲ့တော့”

နှစ်ယောက်သား ကြယ်ရောင်လရောင်လေးအောက်မှာ.. အသည်းအသန် တူးကြရသည်။

ထိုစဉ်…

“ဝုန်း…ဝရော…”

ရုတ်တရက် မိုးမှောင်ကြီးကျကာ…အချိန်အခါမဲ့ မိုးက တဖြောက်ဖြောက် ကျလာတော့သည်။

“ဟေ့ကောင် ဘော်ဘီ…Lamp မြန်မြန်ဖွင့်ပါကွ”

“ဖွင့်နေတာပဲကွ…ခလုတ်စမ်းမရလို့၊ မိုးကလည်း အရေးထဲ”

Lamp အလင်းရောင်လေးရလျှင် လေရောမိုးပါ တဝုန်းဝုန်းနှင့် ပိုကြမ်းလာသည်။

နှစ်ယောက်သား ပေါက်တူးတွေ ကိုယ်စီချကာ အနီးက စိန်ပန်းပင်ကြီးအောက် ပြေးဝင်ကြသည်။

“တောက်…ကျင်းထဲတော့ ရေဝင်ကုန်ပါပြီကွာ”

“အချိန်မဟုတ် အခါမဟုတ် ရာသီဥတုက ဘာထဖောက်ရတာလဲ မသိဘူး”

“လူတွေဖောက်ပြန်လို့ အဲဒါ မိုးနတ်မင်းက သတိပေးတာ



www.burmeseclassic.com

www.burmeseclassic.com



ကွ၊ မှတ်ထား"

"ဟုတ်တယ်...ဒါ ဆရာတော်မိကြောင့်"

နှစ်ယောက်သား မိုးထဲလေထဲမှာ ဇာက်ပုရင်း စကားတွေပြောနေမိသည်မှာ ပတ်ဝန်းကျင်မှာ ဘာဖြစ်လို့ဖြစ်မှန်းပင် မသိလိုက်...။

ထိုစဉ် လျှပ်ရောင်က ဝင်းခနဲဖြစ်ပြီးမကြာမီ ကြောက်ခမန်းလိလိ မိုးကြိုးပစ်သံကြီး 'ဂျိန်း'ခနဲ ထွက်ပေါ်လာခဲ့လေလျှင်...အလောင်းကို ပတ်ထားသောစောင်မှာ လေနှင့်အတူ လွင့်သွားခဲ့လေပြီ။

ကုန်းစပ်မှာချထားခဲ့သော အလောင်းမှာလည်း ကုန်းဆင်းလျှောစောက်အတိုင်း တလိမ့်လိမ့်နှင့်...ချောင်းထဲကျဆင်းသွားလေတော့သည်။

အလောင်း ချောင်းထဲကျဆင်းသွားခဲ့သည်နှင့်...ခုနကသည်းထန်နေခဲ့သော လေနှင့်မိုးမှာ ရုတ်ချည်းငြိမ်သက်သွားခဲ့သည်။

အရာအားလုံးမှာ လိုဘပြည့်သွားသည့်အလား ပကတိပုံမှန် ပြန်ဖြစ်လို့...၊ ကြယ်ရောင်လရောင်လည်း ယခင်အတိုင်းပြန်လင်းလို့လာခဲ့သည်။

ဘောဘိနှင့်ဘိုနီတို့နှစ်ယောက်သား စိန်ပန်းပင်ကြီးအောက်မှ အမြန်ပြေးထွက်လာခဲ့ကြသည်။

ခုနက သူတို့တူးခဲ့သော နေရာနားရောက်လျှင် ခေါင်းနားပန်းကြီးလျက် မျက်လုံးအစုံ ပြူးထွက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘိုနီ..ငါ..ငါတို့ တူးခဲ့တဲ့ကျင်းကြီးရော..."

ခေါင်းများ ချာချာလည်အောင် လှည့်ပတ်ရှာဖွေပါသော်လည်း ကျင်းကြီးမှာ မရှိတော့...။

ပတ်ဝန်းကျင်တစ်ခုလုံးကလည်း ခုနက လေနှင့်မိုး မထန်ခဲ့သလို ခြောက်သွေ့လျက်...။

မြေပြင်ပေါ်မှာ မိုးရေတစ်စက်မှ မရှိ။

ကျင်းကြီးတစ်ကျင်းလုံး ပျောက်သွားတာကတော့ ထူးဆန်းလှသည်။

သို့သော်...သိပ်မကြာခင်မှာ ထို့ထက်ပိုပြီးဆန်းကြယ်လှသောအဖြစ်ကို သူတို့ မျက်ဝါးထင်ထင် မြင်တွေ့ရတော့မည်ဖြစ်သည်။

"ကဲ...ထားလိုက်ပါတော့ကွာ၊ ဆန်းတာကတော့ အမှန်ပဲ၊ ကျင်းအသစ်တစ်ကျင်း ထပ်တူးကြတာပေါ့"

"ဟော့ကောင် ဘိုနီ...နေဦး၊ ငါ့စိတ်ထဲ တစ်မျိုးကြီးပဲ...လေးလေးကြီး ဖြစ်နေတယ်၊ အလောင်းရော ကြည့်ကြည့်စမ်းပါဦး"

"အလောင်းက ဘယ်ထွက်ပြေးနိုင်မှာလဲ..ရှိမှာပေါ့..ဟင်!"

"ဟာ!!..."

အလောင်းချထားရာနေရာဆီ နှစ်ယောက်သား ပြိုင်တူလှည့်ကြည့်လိုက်ကြပြီး ထိတ်လန့်အံ့အားသင့်သော အာမေဋိတ်သံကြီးများ ကျယ်လောင်စွာ ထွက်သွားခဲ့ရသည်။

"အ..အလောင်း..မ..မရှိတော့ဘူး"

"ဘယ်...ဘယ်ရောက်..."



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား အပြေးသွားကြည့်ကြလျှင် အလောင်းကိုပတ်ထားခဲ့သောစောင်မှာ လေနှင့်အတူ တလွင့်လွင့်။

“ဘို..ဘိုနီ..ငါ..ငါ..ကြောက်”

“ကြောက်ရင်..ပြေး..ပြေးကြမယ် ဟော့ကောင်”

နှစ်ယောက်သား လှည့်မကြည့်စတမ်း ကားဆီ ခြေကုန်သုတ်ပြေးကြသည်။ ခုနက ဒီနေရာမှာ ရုတ်တရက်ကြီး ထိုးရပ်သွားခဲ့သော ကားအင်ဂျင်မှာ ခုတော့လည်း လျှောလျှောလျှူလျှူ စက်နှိုးလို့ ရနေပြန်ချေသည်။

အဝေးပြေးလမ်းမပေါ်မှာ ထိတ်လန့်ခြင်းကြီးစွာနှင့် ကားတစ်စီးက အရှိန်ပြင်းပြင်း မောင်းနှင်လျက်။

ထိုကား အဝေးသို့ ရောက်သွားခဲ့လျှင်...

ငြိမ်သက်နေသော ချောင်းရေပြင်မှာ ရုတ်တရက် လှုပ်ခတ်လာလျက် ဗွမ်းခနဲ အသံနက်ကြီးနှင့်အတူ ကြီးမားသောရေဂယက်ကြီးတစ်ခု ပေါ်လာခဲ့သည်။

ရေဂယက်ကြီးပေါ်မှာ ဆံပင်ရှည်များ ဝဲပျံလျက်...

မျက်ထောင့်နီကြီးနှင့် ဒေါသတကြီး စက်ထန်တင်းမာနေသော မိန်းကလေးတစ်ယောက်၏ ကိုယ်တစ်ပိုင်းမှာ ပေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

“ဟယ်လို...”

မိုးမှ မလင်းသေးခင် ဖုန်းခေါ်သံကြားလိုက်ရတာကြောင့် မိုးသားမျက်လုံးများ ပိတ်ရက်သားကပင် ဖုန်းထူးလိုက်ရသည်။

“ဟော့ကောင်...အိပ်ပုတ်ကြီးမနေနဲ့၊ ဒီကိုအမြန်ပြန်လာခဲ့ဦး၊ အရေးကြီးလို့...”

“အာ...အစောကြီးကွာ..မိုးတောင်မလင်းသေးဘူး”

“အစောကြီး လုပ်မနေနဲ့...ဘုန်းဘုန်းခေါ်ခိုင်းတာ ဟော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်၊ ဘုန်းဘုန်းကို ဖုန်းလှဲပေးလိုက်ရမလား!"

"ဟာ...မလုပ်နဲ့..မလုပ်နဲ့၊ ငါ ခုချက်ချင်း မျက်နှာသစ်ပြီး လာခဲ့မယ်"

မိုးသားရဲ့မျက်လုံးများ 'ဘုန်းဘုန်း' ဆိုသောအသံ ကြားသည်နှင့် ဆတ်ခနဲ ပြူးနေအောင် ပွင့်သွားရသည်။

မျက်နှာကို ကမန်းကတန်းသစ်ကာ ဆိုင်ကယ်လ်ကို ဖျာယာစတ်တက်ခွပြီး စက်နှိုးသည်။

သူ ထွက်လာခဲ့ချိန်မှာ အလင်းရောင်က မပီပြင်သေး။

မိုးမှုန်လိုလို နှင်းမြူလိုလို အမှုန်အမွှားများကလည်း တဖွဲဖွဲ ကျဆင်းနေသည်။

သူ့စိတ်ထဲမှာလည်း ထိုင်းထိုင်းမှိုင်းမှိုင်း လေးလေးလံလံကြီး ဖြစ်နေသည်။

အိပ်ရေးမဝလို့ပဲ ဖြစ်နေမယ် ထင်ပါရဲ့...။

ပတ်ဝန်းကျင်မှာ လူရိပ်လူယောင်ကိုသော်မျှ မတွေ့ရ။

ဒီလမ်းက လူပြတ်သည်လေ...။

အဝေးပြေးလမ်းမကြီးဟာ ချောင်းနှင့် အပြိုင်ရှိသည်မို့ သူတို့ ဒီလမ်းကဖြတ်တိုင်း သတိကြီးစွာ ထားရသည်။

ဒီချောင်းက ဒီနယ်တဝိုက်မှာ ရာဇဝင် ရှိသည်။

ထိုစဉ် သူ့ကျောထဲမှ စိမ့်ခနဲ လေတိုးသလို ချမ်းသလို စိမ့်ခြင်းမျိုး မဟုတ်ဘဲ...အတွင်းစိတ်ဝိညာဉ်မှ တစ်စုံတစ်ခုကို ခံစားသိလိုက်ရသလိုမျိုး သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားခိုက်...

"ရှိ!...ရှိ!..."



www.burmeseclassic.com

www.burmeseclassic.com



လေချွန်သံသဲ့သဲ့ ကြားလိုက်ရသလို ရှိတာကြောင့် သူ ချာခနဲ နောက်လှည့်ကြည့်လိုက်မိသည်။

စိန်ပန်းပြာပင်ကြီးအောက်မှာ ကောင်မလေးလှလှလေး တစ်ယောက်။ မျက်ခုံးထူထူ မျက်ဝန်းတောက်တောက်နှင့် ကောင်မလေး...။

အဲဒီမျက်နှာလေးကို သူ အသေအချာ မြင်ဖူးပါရဲ့...ဘယ် နေရာမှာပါလိမ့်...။

"ဟိတ်...လမ်းကြုံလိုက်ခဲ့ချင်လို့"

ကောင်မလေးက စိန်ပန်းပြာပင်ကြီးကို လက်ပိုက်မှီရပ် ကာ သူ့ကိုလှမ်းအော်ပြောသည်။

သူ ဆိုင်ကယ်လ်ကို စက်သတ်ထားလိုက်ပြီး...

"ဘယ်ကိုလိုက်ခဲ့မှာလဲ"

"တို့ သွားချင်တဲ့နေရာက မင်းအခုသွားမယ့်နေရာကိုပဲ"

သူ ပခုံးတွန့်လိုက်မိသည်။

သူ ဘယ်ကိုသွားမလဲဆိုတာ ဒီကောင်မလေးက ဘယ်လို များ သိနေနိုင်ရတာလဲ။

ကောင်မလေးက သူ့အနား ချက်ချင်းရောက်လာသည်။

မြန်လိုက်တာဟု သူ ပြောမလို့ပြင်ဆဲ ကောင်မလေးရဲ့ စကတ်ပျော့ပျော့လေးမှာ အနားစကလေးများ ရေစက်လက်ကျနေ တာ သတိပြုလိုက်မိသည်။

"မင်းစကတ်က ရေတွေစိုလို့ပါလား"

"ချောင်းထဲက အခုပဲ တက်လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး...မိုင်..ဂေါ့ဒ်"

သူ တကယ်ပဲ ထိတ်လန့်သွားတော့ ကောင်မလေးက ရယ်သည်။

"ချောင်းထဲကို ဘာဆင်းလုပ်တာလဲ...စောစောစီးစီးကြီး၊ ပြီးတော့ ဒီချောင်းအကြောင်း မင်းမကြားဖူးဘူးလား!"

"ရေဆင်းကူးတာလေ..ရေတွေက အေးစိမ့်နေတာပဲ၊ ကူးလို့ကောင်းလိုက်တာ"

ကောင်မလေးက မထီတရီဟန်နှင့် ပြောသည်။

သူ့မျက်လုံးများ ပြူးသွားမိသည်။

ကောင်မလေးကြည့်ရတာ တကယ်ပဲလုပ်ခဲ့မည့်ပုံ...။

ဒီလောက် ဝေလီဝေလင်းမနက်အစောကြီးမှာ ချောင်းထဲ ရေဆင်းကူးရလောက်အောင် မည်သူမှ မိုက်မဲဝံ့မည် မထင်ပါ။

ကောင်မလေးကို စေ့စေ့ကြည့်ကာ ခပ်ရွံ့ရွံ့နှင့် သူမေးလိုက်မိသည်။

"မင်း လူမှ ဟုတ်ရဲ့လား!"

ကောင်မလေးက သူ့မျက်နှာကို မျက်လုံးကြီး ပြူးပြီး ကြည့်ကာ ရယ်ချင်စိတ်ကို မထိန်းနိုင်တော့သလို ခေါင်းမော့လှန်ချကာ အားရပါးရ အော်ရယ်ပြီးမှ...

"ကျွန်မလား!...သရဲလေ"

"ဘာ!!..."

မနက်ခင်း စောစောစီးစီး သူ့လက်ချောင်းများထိ ဈွေးစေးများ ပြန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ဂုတ်သွေးစုပ်မလို့ စောင့်နေတာ"

"မင်း...မင်း..."

"ဒီမှာကြည့်...အစွယ်တွေပြမယ်"

ကောင်မလေးက ပါးစပ်ဟပြရန် ပြင်ဆဲ သူ့မျက်လုံးများ စုံမှိတ်လိုက်ပါသည်။

"အား!!..."

သတိလက်လွှတ် အော်လိုက်မိပြီးမှ သူ့ဘာသာ ပြန်ရှက်သွားခဲ့ရသည်။ ကောင်မလေးဆီမှ တဟားဟား အော်ရယ်သံ ထွက်လာပြန်သည်။ သူ မဝံ့မရဲနှင့် ကောင်မလေးရဲ့မျက်နှာကို မျက်လုံးလေး ဖြည်းဖြည်းချင်းဖွင့်ကာ ကြည့်လိုက်သည်။

"ဟင်း..."

အစွယ်တစ်ချောင်းတလေမှ မတွေ့ရတော့မှ သူ သက်ပြင်းကြီး ချလိုက်နိုင်သည်။

"မင်း တော်တော်နောက်တာပဲ၊ ငါ့မှာ နဂိုကတည်းကမှ မိုးမလင်းသေးခင် ဒီနေရာကို တစ်ယောက်ထဲ ဖြတ်ရလို့ ရှော့ခ်ဖြစ်ချင်နေတာ"

"ဘာမှမကြောက်နဲ့တော့...ကျွန်မ ရှင်နဲ့အတူ အဖော်လုပ်ပေးမယ်၊ ပေး...ကျွန်မမောင်းပေးမယ်"

သူ မယုံမရဲနှင့် ကောင်မလေးကို ကြည့်လိုက်မိသည်။ ကောင်မလေးရဲ့စတော်ဘယ်ရီသီးလို နီနီစုစု နှုတ်ခမ်းကလေးမှာ လှပစွာ ပြုံးနေသည်။

လှပသော အနီရောင်အပြုံးကလေး ဖြည်းညင်းစွာ ပွင့်ဟ



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပြီးလျှင်...

နွေးမြသော လေငွေ့ကလေးက သူ့မျက်နှာကို ကလူကျီစယ်သွားခဲ့သည်။

သူ့မျက်နှာကို ကောင်မလေး လေနဲ့ ဖွဖွကလေး မှုတ်လိုက်တာ သိလိုက်သည်။

သူ ချက်ချင်း ခေါင်းညိတ်လိုက်မိသလားမသိ...။

ထို့နောက်...

သူ ဆိုင်ကယ်လ်နောက်ခုံဆီ ရွှေ့ထိုင်ပေးလိုက်မိတယ်ထင်သည်။

ကောင်မလေးက ရှေ့မှ အကျအန မောင်းလျက် သူကတော့ ကောင်မလေးရဲ့ကျောပြင်ကလေးကို အားမနာစတမ်းမှီကာ အကျအနပင် အိပ်ငိုက်လျက်...။

www.burmeseclassic.com

www.burmeseclassic.com



သူ...သတိကောင်းကောင်း ပြန်ဝင်လာခဲ့သည်မှာ ဘဘုန်းကျောင်းသို့ ရောက်မှပင်ဖြစ်သည်။

"ဟော့ကောင် မိုးသား...ဘယ်လိုကြီး ဖြစ်လာတာလဲ"

သူ့ကို ထွန်းလင်းက အူကြောင်ကြောင်ဖြင့် ကြည့်ကာ.. ဆီးပြောသည်။ သူ ဘယ်အချိန်ကများ ဆိုင်ကယ်လ်ရှေ့ခုံဆီ ပြန်ရွှေ့ထိုင်ဖြစ်ပါလိမ့်..။ ဟိုကောင်မလေးရော ဘယ်ရောက်သွားပါလိမ့်..။

"ဆရာလွန်းဆီ မြန်မြန်သွား၊ မင်းကို ဆေးစပ်ဖို့ ဘုန်းဘုန်းကမှာထားတယ်၊ ဆရာလွန်းဆီမှာ ဆေးဖူးတွေ သွားယူ၊ နေမမြင့်ခင် ဆေးသုတ်ရမယ်တဲ့၊ ကိုမောင်အေး ဆေးသုတ်ဖို့စောင့်နေတယ်"

သူ..ထွန်းလင်းပြောတာတွေ နားထဲ ဝင်တစ်ချက် မဝင်တစ်ချက်...။ သူ့အဖြစ်က အိပ်မက်ပါလား...။

www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း...အိပ်မက်တော့ မဖြစ်နိုင်။

ဆရာလွန်းဆီ ရောက်တော့လည်း...

"ဘယ်လိုကြီးလဲကွ...မင်းမျက်နှာကြီးက အိပ်မက်ထဲမှာ လမ်းထလျှောက်နေသလိုမျိုး မှုန်ဝါးဝါးကြီး ဖြစ်နေသလိုပဲ"

ဆရာလွန်းစကား ကြားရတော့ ခုနက အဖြစ်အပျက်ဟာ အိပ်မက်ပဲထင်ပါရဲ့လို့ သူတွေးမိပြန်သည်။

"ရော့...အဲဒီမှာ ဆေးဗူးတွေ၊ အရှေ့မျက်နှာစာကို......."

ဆရာလွန်းက ဆေးစပ်မည့်အရောင်တွေကို ပြောပြနေသည်။ သူမမေ့အောင် မနည်းကြိုးစားပြီး လိုက်မှတ်နေရသည်။

ဆေးစပ်တော့လည်း ဘာဘုန်းလိုချင်သည့် အရောင်တွဲတွေကို မမှားရအောင် မလွဲရအောင် ဂရုစိုက်နေရသည်။

"မိုးသားရေ...ရှေ့မျက်နှာစာအတွက် ဆေးစပ်လို့ပြီးပြီလား"

ဆေးသုတ်မည့် ကိုမောင်အေး ရောက်လာပြန်လျှင်လည်း သူ့ကို သေချာကြည့်ကာ...

"ဟော့ကောင်ကြီး...မင်း အိပ်မက်ထဲမှာ ဆေးစပ်နေတာလား...ဟုတ်ပါဘူးနော်"

ကိုမောင်အေးရဲ့ ရွတ်နောက်နောက်အပြောကြောင့် သူ မျက်မှောင်ကြီး ကြုတ်ကာ ပြန်ကြည့်လိုက်မိသည်။

"ကျွန်တော် ဘာဖြစ်နေလို့လဲဗျ!"

"မင်းပုံစံက ခုထိ နိုးနေသေးတဲ့ပုံ မပေါ်ဘူး"

"ကျွန်တော်က..."



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်စုံတစ်ရာ ပြောဖို့ပြင်ဆဲ ထွန်းလင်းက သူတို့အနား ရောက်လာကာ...

"ကိုမောင်အေး...ခင်ဗျား ခုထိ အိမ်မပြန်သေးဘူးလား၊ ဘုန်းကြီးကျောင်းမှာနေနေတာ ကြာနေပြီနော်၊ မိန်းမကို သတိလေးဘာလေး မရဘူးလား"

"မရပါဘူးကွာ...ဒီမှာနေတာ နားအေးတယ်၊ အိမ်မှာ နားပူလွန်းလို့..."

ထွန်းလင်းနှင့်ကိုမောင်အေး စကားပြောနေကြဆဲ သူ လုပ်လက်စကို အမြန်လက်စသတ်ကာ အိမ်ပြန်ဖို့ ခြေလှမ်းပြင်သည်။

သူ့စိတ်ထဲ ကိုမောင်အေး ပြောသလိုပင် အိပ်မက်ထဲမှာ နေနေရတဲ့သူတစ်ယောက်လို ခံစားနေရသည်။

သူ့အိမ်က ချောင်းစပ်မှာမို့ လှေဖြင့်လာလည်း ရောက်နိုင်သည်လေ။ အိမ်ရောက်တော့ ဆိုင်ကယ်ကို ခြေတံရှည်ဆောက်ထားသည့်အိမ်အောက် ထိုးထည့်လိုက်သည်။

လှေကားမြင့်မြင့်ကိုတက်ဆဲ...လှေကားတစ်ထစ်တက်တိုင်း...သူ့ ကြက်သီးတွေ ဖြန်းခနဲဖြန်းခနဲ ထလာသည်။

ကိုယ့်အိမ်ကိုယ်ပြန်တာ ဘာကြောင့် ဒီလိုမျိုး ခံစားနေရပါလိမ့်။ တစ်ခါမှ ဒီလိုမဖြစ်ဖူးပါဘူး...။

အိမ်တံခါးသော့ကို ဖွင့်ခါနီး သူ့ကျောရိုးထဲမှ စိမ့်တက်သွားခဲ့သည်။ သူ သတိကြီးစွာထားလျက် သော့ကိုဖွင့်လိုက်သည်။

သူ သော့ဖွင့်ပြီးတာနှင့် တံခါးမှာ ချပ်ခနဲ အလိုအလျောက် ပွင့်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ...

သူ လှေကားပေါ်မှ နောက်ကို လန်ကျမလို ဖြစ်သွားခဲ့ရသည်။

သူ့အိမ်ထဲမှာ တွေ့လိုက်ရသည်မှာ...။

www.burmeseclassic.com

www.burmeseclassic.com



"မင်း...မင်း..."

သူ လက်ညှိုးကြီး အတွင်သား ထိုးလျက် စကားမဆက်နိုင်...။

"အံမယ်လေး...ဘယ်လိုဖြစ်နေတာလဲ!၊ ကျွန်မကို တွေ့တာများ တစ္ဆေသရဲတွေ့တာ ကျနေတာပဲ"

"မင်း...မင်း...ငါ့အိမ်ထဲ ဘယ်လိုရောက်နေတာလဲ!"

"ဘယ်လိုရောက်နေရမှာလဲ...အိမ်ရှေ့ကိုသာ တံခါးသော့ခတ်ပြီး နောက်ဖေးတံခါးက ပိတ်ဖို့မေ့ခဲ့တဲ့ဟာ၊ နောက်ဖေးပေါက်က ဝင်တာပေါ့..."

သူ တကယ်လဲ နောက်ဖေးတံခါး မပိတ်ခဲ့ဘူးတဲ့လား...။

ဧဝေဝေါ...။

"ဒါနဲ့...မင်း ငါ့အိမ်ကို ဘယ်လိုသိနေတာလဲ!"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ကျွန်မက အကြားအမြင် ရတယ်လေ"

သူ ကောင်မလေးကို တအံ့တဩ ကြည့်နေမိရာမှ ရင်ထဲက တဒိုင်းဒိုင်း အခုန်မြန်လာသည်။

ကြက်သီးများကလည်း အစုန်အဆန် ထလို့နေသည်။

"အဟဲ..အလကားနောက်တာ၊ ကလေးတွေကို မေးတာပေါ့၊ လီယိုနာဒိုနဲ့တူတဲ့ အစ်ကိုကြီးချောချောအိမ်က ဘယ်အိမ်လဲလို့လေ"

မျက်ဝန်းလေး ထောင့်ကပ် နှုတ်ခမ်းလေးကို တွန့်ရွဲ့ကာ ရွဲ့သလိုလို မြှောက်သလိုလို ရွှတ်နောက်နောက် ပြောပုံလေးက ချစ်စရာကောင်းလွန်းနေတာမို့ မိုးသား ကြောက်စိတ်များပင် လွင့်ပြယ်သွားရတော့သည်။

ယောင်ယမ်းကာ ပြုံးလိုက်မိဆဲ...

"ကြွပါရှင်"

သူမကပင် ဆန့်တန်းထားသော လက်ကလေးနှစ်ဖက်ကို အိမ်ထဲညွှန်ပြလေသည်မို့...သူ အယောင်ယောင်အမှားမှားနှင့် ခေါင်းညွတ်ကာ အိမ်ထဲဝင်ခဲ့မိသည်။

အိမ်ထဲရောက်မှ သတိရလေသည်နှင့် ကပျာကယာ သူမဘက်လှည့်ကာ...

"မင်း...မင်း ငါ့အိမ်ထဲ ဘာကိစ္စနဲ့ ဝင်နေရတာလဲ!"

"အံမာ...မေးတဲ့ပုံက မယုံသင်္ကာနဲ့၊ ဒီမှာ...သူခိုးရုပ် ပေါက်နေလို့လား!၊ ရှင့်အိမ်ကရော ခိုးစရာ ဘာပစ္စည်းများ ရှိလို့တုန်း"

ကိုယ်က မေးခွန်းတစ်ခုထဲ မေးရရုံရှိသေး...သူမ ပြန်စွာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်မှာ လူက ဖွတ်ဖြစ်ရသည်အထိ...။

"ငါမေးတာပဲ ဖြေစမ်းပါ...မင်းဘာကိစ္စနဲ့"

"ကိစ္စက..."

သူမက ချက်ချင်း မျက်နှာကလေး ငယ်ကာ..သူ့ရေ့ ဒူးထောက်လျက်...

"နေစရာ မရှိလို့ပါ"

"ဘာ!..."

သူ မျက်လုံးများ ပြူးသွားရသည်။

"ကယ်ပါ အစ်ကိုကြီးရယ်..နော်"

လက်များက သူ့ဒူးကို ကိုင်ကာ တောင်းပန်မည့်ပုံ ပြင်နေတာမို့ သူ ကမန်းကတန်း ရှောင်လိုက်ရသည်။

"ဟော့...ဟော့...ဒူးကို မကိုင်နဲ့နော်၊ ငါယားတတ်တယ်"

သူမလေးက သူ့လျှို့ဝှက်ချက်အညာကို သိသွားသလို..ခွိခနဲ ရယ်နေသည်။

"ပြီးတော့ ငါ့ကို အစ်ကိုကြီး မခေါ်နဲ့၊ မင်းနဲ့ငါ ရွယ်တူလောက်ပဲ၊ ငါ့နာမည် မိုးသား"

"ပြီးရော...ဒါဆိုလဲ မိုးသားရယ် ကျွန်မကို ကူညီပါနော်၊ ကျွန်မမှာ တကယ်ကို ခိုကိုးစရာ မရှိလို့ပါ၊ ရှင့်ကြည့်ရတာ သိပ်သဘောကောင်းမယ့်ပုံပါ၊ ကျွန်မကို သနားတယ် မဟုတ်လားဟင်!"

ကရားရေလွှတ် တောက်လျှောက်ပြောနေသော ကောင်မလေးကြောင့် သူ့မှာ တစ်ခွန်းမှ ပြန်မပြောသာ။

ကျွတ်ခနဲ စုတ်သပ်လိုက်မိတာကိုပင်...



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မညစ်ပါနဲ့ မိုးသားရယ်နော်၊ ရှင်က တစ်ယောက်ထဲ နေတာပဲဟာ၊ အိမ်က အကျယ်ကြီးပါ ကျွန်မ နေလို့ရပါတယ်နော်၊ ရှင်လည်း အဖော်ရတာပေါ့"

"ကျွတ်...ငါက တစ်ယောက်ထဲနေလို့ ခက်နေတာပေါ့၊ ပတ်ဝန်းကျင်ကသိရင် သင့်တော်မလားကွ...၊ ငါက လူပျိုလေး.. မင်းလည်း အပျိုအရွယ်လေး"

"အံမယ်လေး...ရှင်က ရွာစပ်မှာနေတာပါ၊ ရှင့်အိမ်က ညှော် သည်ရောက်မယ့်ပုံလည်း မပေါ်ပါဘူး၊ ကျွန်မကလည်း အိမ်ထဲက အိမ်ပြင် မထွက်ပါဘူး၊ ဘယ်သူမှ မတွေ့အောင် ပုန်းနေမှာပေါ့ နော်၊ ကဲ...ရှင် ခေါင်းညိတ်လိုက်တော့"

တရစပ်ပြောရင်းက သူ့မျက်နှာကို ဖူးခနဲလှမ်းမှုတ်သည်။ သူ ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်ပါသည်။

ပြီးတော့မှ...မသင့်တော်မှန်းသိရဲ့နဲ့ သူ ဘာဖြစ်လို့များ ဒီလောက် လွယ်လွယ်ကူကူ ခေါင်းညိတ်ပြလိုက်မိသလဲလို့ သူ့ ကိုယ်သူ ပြန်အံ့ဩသွားမိသည်။

ဒီကောင်မလေးဟာ ရိုးရိုးသာမန်လူတစ်ယောက်မှ ဟုတ် ရဲ့လား..၊ စိတ္တဇရောဂါ ဝေဒနာသည်လေးလား..၊ ဒါမှမဟုတ်.. ရာဇဝတ်မှုတစ်ခုခု ကျူးလွန်ထားသူလား...။

ဘာဆိုဘာမှမသိဘဲ ကိုယ်နှင့်ရွယ်တူ ကောင်မလေးတစ် ယောက်ကို ကိုယ်တစ်ယောက်ထဲ နေတဲ့အိမ်မှာ လက်ခံထားဖို့ကိစ္စ ဖို့ကို သူဘာဖြစ်လို့များ လွယ်လွယ်ကူကူ ခေါင်းညိတ်လိုက်မိပါ လိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး...ဘာမှမပူပါနဲ့ မိုးသားရယ်၊ ကျွန်မက အရူး မလဲ မဟုတ်ဘူး၊ ဝရမ်းပြေးလည်း မဟုတ်ဘူး...အင်း"

သံရှည်ဆွဲလိုက်ပုံက တစ်စုံတစ်ခုကို ဆက်မပြောမိအောင် မပြောသင့်သလို ထိန်းချုပ်လိုက်ပုံမျိုး..။

မိုးသား စိတ်ထဲမှစဉ်းစားမိတာကို သိနေခြင်းကိုလည်း အံ့သြသွားမိသည်။

ဒီကောင်မလေးဟာ တစ်ခုခုတော့ လျှို့ဝှက်ဖုံးကွယ်ထား တာပဲ ဖြစ်ရမယ်။

"ဘာမှမဟုတ်ပါဘူး မိုးသားရယ်၊ ဒါပေမယ့်လေ..."

ကောင်မလေးက ပြတ်တောင်းပြတ်တောင်းနှင့် ပြောနေ သည်မို့ သူ ပိုပြီးစိတ်ဝင်စားလာခဲ့ရသည်။

"တကယ်တော့လေ...ရှင်နဲ့ကျွန်မက အရင်ဘဝဟောင်း တွေမှာကတည်းက သံယောဇဉ်တွယ်ခဲ့ကြသူတွေပါ၊ ရှင်မေ့နေလို့ ပါ...သေသေချာချာ ပြန်စဉ်းစားကြည့်ပါဦး၊ ကျွန်မကို မမြင်ဖူးဘူး လား!..."

စကားပြောနေရင်းမှ ကောင်မလေးရဲ့ လေဆက်မှာ တစ ထက်တစ ပြတ်တောင်း ဝေးကွာသွားခဲ့သည်။

ဟိုးအဝေးကြီးမှ ပြောနေပုံမျိုး..။ ပြီးတော့ သူ့မျက်နှာကို ရိုက်ခတ်လာခဲ့သော ထွက်သက်လေနွေးနွေး၊ သူ့မျက်လုံးများ ဖြည်းညင်းစွာ မှေးမှိတ်သွားခဲ့ပြီး စိတ်ဝိညာဉ်က ဟိုးအဝေးကြီးဆီ သို့ လုပငြိမ့်ညောင်းစွာ မျောလွင့်သွားခဲ့ရသည်။

သိပ်ကိုလှပတဲ့ ဆည်းဆာချိန်လေး...။



www.burmeseclassic.com

www.burmeseclassic.com



ဝေစည်နေသော စိန်ပန်းပြာပင်ကြီး...။

ငြိမ်သက်နေခဲ့သော ချောင်းကလေးနံဘေး...။

သာယာကြည်နူးစွာ မှိန့်ခွန်းဆိုနေသော ချစ်သူနှစ်ဦး...။

သူ..သူနှင့်...။

"မိုးသား...ရှင် မှတ်မိပြီလားဟင်!"

သူ့ဝိညာဉ်လိပ်ပြာကလေးက ငြိမ်သက်စွာ နားခိုနေခိုက်...

"အရိုပ်ကို မှတ်မိပြီလားဟင် မိုး!"

အသံနွဲ့နွဲ့ကလေး...

"အ..အရိုပ်ကလေး..."

"အရိုပ် မိုးဆီ ပြန်လာတာလေ"

ပြန်လာတာ...။

"ဒါပေမယ့် အရိုပ် နောက်ကျသွားခဲ့ရတယ်၊ အ..အရိုပ်နဲ့ မိုးက ဘဝ..ဘဝချင်း'

အရိုပ်ကလေး ရှေ့ဆက် စကားမဆိုနိုင်တော့။

မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့် ပြိုဆင်းလာတော့သည်။ တင်းကျပ်မြဲမြဲလှသော သံယောဇဉ်ကြီးသူကလေးရဲ့ မျက်ရည်တွေကို ကြည့်ပြီး သူ့ရင်ထဲ ဆို့နှစ်ကြေကွဲသွားရသည်။

"ဟင့်အင်း...မငိုပါနဲ့ အရိုပ်ကလေးရယ်၊ ဘာပဲဖြစ်ဖြစ်နော် ကိုယ်တို့နောက်မကျပါဘူး၊ မငိုနဲ့တော့နော်"

သူ အရိုပ်ကလေးရဲ့မျက်ရည်စက်တွေကို သုတ်ပေးဖို့ ကြိုးစားလိုက်စဉ်...



www.burmeseclassic.com

www.burmeseclassic.com



"အ"

သူ့လက်ချောင်းများ မီးစနှင့် ထိလိုက်မိသလို ပူဆင်းသွားရသည်။

ပြီးတော့...

သူ့လက်ချောင်းမှာ စွန်းကျံသွားသည်က သွေးစက်များ။

ဒါ..ဒါ..ဘာကြောင့်လဲ..။

သူ့ရင်ထဲ ဒိန်းခနဲ မြည်ဟည်းသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

မြစ်နိုင်ရင် အရိပ်ကလေးနားမှ တစ်ဖဝါးမှ မခွာချင်...။ သူတို့ဟာ သံသရာအစဉ်အဆက်က ချစ်ကျွမ်းဝင်ခဲ့ကြသူများဟု မျက်စိမှိတ် ယုံကြည်ထားလိုက်ပြီဖြစ်သည်။

သို့သော်...ဘုန်းကြီးကျောင်းဆောင် အသစ်ဆောက်သည့်နေရာမှာ တစ်ရွာလုံးက လုပ်အားပေးနေကြသည်မို့ ထိုကိုသော့သူ မသွားချင်၍မရ။ ကုသိုလ်ရေး ဖြစ်သည်မဟုတ်လား...။

ပြီးတော့ ယခင်က အိမ်မှာ ညီအစ်ကိုနှစ်ယောက် နေကြ



www.burmeseclassic.com

www.burmeseclassic.com



ရာ...ကိုကိုက နိုင်ငံခြားထွက်သွားတော့ ဘုရားဆင်းတုတော် ပင့်ဆောင်သွားခဲ့သည်မို့ သူ့အိမ်က တိတ္ထိအိမ်လို ဖြစ်နေသည်။

ဘုရားဆင်းတုတော်လည်း မရှိ၊ ပုံတော်လည်း မရှိ...။

“အိမ်မှာ ဘုရားရုပ်ပွားတော်ဖြစ်ဖြစ် ပုံတော်ဖြစ်ဖြစ် ပင့်ဦးမှပါပဲ၊ အိမ်က ဘုရားမရှိ တရားမရှိနဲ့၊ ဆွမ်းလေး ရေချမ်းလေး တောင် မကပ်ဖြစ်ဘူး”

သူ အိမ်ခေါင်းရင်းဘက်ဆီ လာပြီး ပြောမိသည်။

“စိတ်ထဲရှိရင် ပြီးတာပါပဲ မိုးရယ်”

အရိုပ်ပြောပုံမှာ မိန်းကလေးတန်မဲ့ ပေါ့ဆလွန်းလှသည်မို့ သူ တအံ့တသြ လှည့်ကြည့်လိုက်လျှင် မျက်စိမျက်နှာ ပျက်ယွင်းကာ တစ်စုံတစ်ခုကို ကြောက်လန့်သိမ်ငယ်နေသော အရိပ်အယောင်များ တွေ့လိုက်ရသလိုရှိသည်။

“ဘယ်ဟုတ်မလဲ အရိပ်ရဲ့၊ အိမ်မှာ ဘုရားပုံတော် မရှိရင် တစ္ဆေသရဲတွေ အလွယ်တကူ ဝင်ထွက်ရဲတာပေါ့”

သူ အရိပ်ကို ရှင်းပြမလို့ပြင်ဆဲ...

“မိုး သွားစရာရှိတယ်ဆို သွားလေ မြန်မြန်၊ တော်ကြာ သူများတွေ စောင့်နေရဦးမယ်”

အရိပ်မှာ သိသိသာသာ မျက်နှာပျက်ယွင်းနေသည်။

အရိပ်ကိုကြည့်ကာ သူ စဉ်းစားနေဆဲ..တွန်းလှတ်မတတ် နှင်နေသည်မို့ နဖူးဝင်းဝင်းလေးကို ဖွဖွမွှေးမြကာ အပြင်သွားဖို့ ပြင်ဆင်သည်။

အပြင်သွားခါနီးတိုင်း အရိပ်ကလေးရဲ့ နဖူးကို မွှေးမြနေ



www.burmeseclassic.com

www.burmeseclassic.com



ကျ..။ တစ်ခါမှ အရိုပ်နဖူးက နွေးမနေ။ အရိုပ်၏ အသားအရည်မှာ သာမန်လူတစ်ယောက်ရဲ့ ကိုယ်ပူချိန်ထက် လျော့နည်းလွန်းလှသည်။

ညအိပ်ချိန်များဆို အိပ်စက်ရင်းမှ မတော်တဆ အသားချင်းထိမိလျှင် သူ့ရင်ထဲ တဆတ်ဆတ် တုန်ရသည်အထိ အရိုပ်အသားတွေက ရေခဲတမျှ ချောက်ခြားစရာကောင်းလောက်အောင် အေးစက်နေတတ်သည်။

အရိုပ်နှင့်ပတ်သက်လျှင် ဆန်းကြယ်သည်များမှာ အများကြီး..။ အရိုပ်အကြောင်း စဉ်းစားမိရင်း..သူ ဘဘုန်းကျောင်းသို့ ရောက်မှန်းမသိ ရောက်လာခဲ့ရသည်။

"လာ..လာပါပြီ အိပ်မက်ထဲက မင်းသားလေး"

နေရာတကာ စပ်စပ်,စပ်စပ်ပါတတ်သော ထွန်းလင်းက နှုတ်ဆက်သည်။

သူ့ကိုကြည့်လျှင်..အိပ်မက်ထဲမှ ယမ်းယောင်ထကာ ပြုံးမှုလှုပ်ရှားနေတတ်သူတစ်ယောက်လိုပဲဟု မှတ်ချက်ချကာ နာမည်တွင်တော့မည်။

"ဟော့ကောင်...မင်းလျှို့ဝှက်ချက်တစ်ခုကို ငါသိပြီ"

ထွန်းလင်းက သူ့နား,နားကပ်ကာ စပ်ဖြီးဖြီးမျက်နှာနှင့် တိုးတိုးပြောသည်။

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ထွန်းလင်းပါးစပ်က ရှာထိပ်ကင်းတဲက သံချောင်းထက် ဆိုးသည်။

"ဘာလဲ...ဘာလျှို့ဝှက်ချက်လဲ!"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလွန်း ပြောတယ်၊ ဟိုတစ်နေ့က မင်းအိမ်မှာ ကောင်မလေးတစ်ယောက် မြင်လိုက်တယ်တဲ့"

သူ ခပ်မဆိတ်သာ ငြိမ်သက်နေလိုက်မိသည်။

တကယ်ဆို ရည်းစားပင် တစ်ခါမှ မထားဖူးခဲ့သော လူဖျိုရိုင်းမို့ သူ့မှာချစ်သူရှိတာ တစ်ရွာလုံးသိအောင် ကြွားလိုက်ချင်သည်။

သို့သော် အရိပ်က အသိမခံချင်။ ခါးခါးသီးသီးပင် သူ့ကို တားမြစ်ထားသည်လေ..။

ပတ်ဝန်းကျင်က သိခဲ့လျှင် အရိပ်ကလေး သိက္ခာမကျရအောင် မင်္ဂလာဆွမ်းကျွေးလုပ်ကာ ရွာရဲ့အသိအမှတ်ပြုခံမည်ဆိုတော့ သူတို့နှစ်ယောက် ချစ်ခြင်းနဲ့တင် မင်္ဂလာတရားက ပြည့်စုံခဲ့ပြီမို့ အများရဲ့အသိအမှတ်ပြုခြင်း မလိုအပ်ဘူးတဲ့လေ။

မိန်းကလေးပေမယ့် အရိပ်ရဲ့အတွေးအခေါ် အယူအဆခံစားချက်တွေက တစ်မျိုးဖြစ်သည်ကို သူ့မှာ မဆန့်ကျင်ချင်...။

ချစ်စဦးမို့ အရိပ်ကလေး သူ့အပေါ် ငြိုငြင်မှာစိုးသည်လေ...။

"ဟော့ကောင်...မင်းမိန်းမခိုးလာတာ မဟုတ်လား..မှန်မှန်ပြော၊ မင်းကွာ...အချင်းချင်းကြီးတွေ မလျှို့စမ်းပါနဲ့၊ ငါတို့ လာမနှောင့်ယှက်ပါဘူး"

"မဟုတ်ရပါဘူး ထွန်းလင်းရာ၊ ဆရာလွန်းက မျက်စိမှုန်တော့ အမိနာသရဲမနဲ့မှားတာ ဖြစ်မှာပါ၊ ငါ့အိမ်က ဘာရှိဘူးလေ..."



www.burmeseclassic.com

www.burmeseclassic.com



"ရောမချန့် မိုးသား၊ အမိနာ သရဲမကို ငါတို့တစ်ရွာလုံး မြင်ဖူးတာပဲ၊ အမိနာဆို ဆရာလွန်း သိမှာပေါ့"

သူတို့ရွာမှာ အမိနာသရဲမက နာမည်ကြီးသည်။ တစ်ရွာလုံး အမိနာဆိုသောသရဲမရဲ့ အခြောက်မခံရဖူးသူ မရှိ။

"အေး...မင်းအိမ် ငါလာချောင်းဦးမယ်"

သူ ပခုံးတွန့်ပြလိုက်သည်။

ထွန်းလင်းမှာ သူ့ကို ယုံကြည်ဟန် မတူ။ သူ့မျက်နှာကို မျက်မှောင်ကြီး ကုတ်ပြီးကြည့်ကာ...

"မင်း နေလို့ကောင်းရဲ့လား မိုးသား၊ မျက်နှာကြီးက သွေးဆုတ်နေသလိုပဲ...ဖြူရော်ရော်ကြီး"

"ဒါကတော့ကွာ...မိန်းမရကာစမို့ နေမှာပေါ့"

အနောက်မှာ ဘယ်အချိန်က ရောက်နေမှန်းမသိသော ဆရာလွန်းက ဝင်နှောက်သည်။

လူပျိုကလေးမို့ နားရွက်များ နီရဲတက်သည်အထိ သူရှက် သွားရသည်။

"ဟာ...ဘာတွေလဲဗျာ...ပေါက်ကရတွေ"

"ဩော်...မိန်းမရကာစဆိုတော့ နှလုံးသားက..အချစ်အ ကြောင်းပဲ တွေးပေးနေရတာဆိုတော့ သွေးအားနည်းသွားတတ် တယ်လေ၊ အဲဒီတော့ သွေးဆုတ်ပြီး အသားအရေက ဖြူဖတ်ဖြူ ရော်..."

"ကဲ...တော်ကြပါတော့ဗျာ၊ ခင်ဗျားတို့ ပြောနေကြတာ တွေ ဘာတစ်ခုမှ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ မျက်နှာပူပူနှင့် ငြင်းဆန်ဆဲ...

"ဒီကောင်တွေ...ဆုံလိုက်ကြရင် စကားများဖို့ပဲ၊ အလုပ်ထဲ အာရုံစိုက်ပြီး သေသေသပ်သပ် လုပ်ကြမယ်တော့ မရှိဘူး၊ တလွဲ တွေလုပ်ထားရင် ငါ့ကြိမ်လုံးနဲ့ တွေ့မဟဲ့နော်"

အသံဩဇာအပြည့်ပါသော ကြိမ်းဝါးသံကြီးနှင့်အတူ အနားရောက်လာသော ဘဘုန်းကြောင့် သူတို့အားလုံး ကိုယ်ရှိန် သတ်ကာ ကမန်းကတန်း လက်အုပ်ချီလိုက်ကြရသည်။

"တင်ပါ့ဘုရား...သေသေသပ်သပ် လုပ်ထားပါတယ် ဘုရား"

"ဟိုအကောင် ထွန်းလင်း၊ ဒီမှာ နင့်အလုပ် ဘာရှိသလဲ၊ ဟိုနေရာယောင်ယောင် ဒီနေရာယောင်ယောင်နဲ့ ဘာမှ ဟုတ်တိ ပတ်တိ မရှိဘူး"

"ဟို..ဟို..တပည့်တော်က မိုးသား ဆေးစပ်တာ အရောင် လွဲမှာစိုးလို့ စောင့်ကြည့်ပေးနေတာပါ ဘုရား၊ မိုးသားက ကာလာ ဘလိုင်း(Color Blind)ဘုရား"

"ဟင်း...ပြောလိုက်ရင်တော့ ဆင်ခြေချည်းပဲ၊ မိုးသား... နင်လည်း ဆေးစပ်တာ သေချာပလေ့စေ၊ စိတ်က တောင်တွေး မြောက်တွေး တွေးမနေနဲ့...ဒါနဲ့..."

ဘဘုန်းက မိန့်ရင်းမှ သူ့မျက်နှာကို သေသေချာချာကြည့် သည်။

"မျက်နှာက ဖြူဖတ်ဖြူရော်နဲ့ပါလား...ဘာဖြစ်သလဲ"

"ဟို..အဲ..ဘာမှမဖြစ်ပါဘူးဘုရား၊ တပည့်တော် ညက



www.burmeseclassic.com

www.burmeseclassic.com



သောလုံးပွဲကြည့်တာ အိပ်ရေးမဝလို့ပါဘုရား"

ဘဘုန်းကို လက်အုပ်ချီကာ ပြန်လျှောက်ရင်းက မိုးသား မျက်နှာမထားတတ်တော့။

မယောင်မလည်နှင့် ဒီနေရာမှ ထွက်ဖို့ပြင်သည်။

"ဟဲ့...ဒါက ဘယ်တုန်း"

"တပည့်တော်..ဗိုက်..ဗိုက်နာလာလို့ပါဘုရား..ခွင့်ပြုပါ ဘုရား"

မိုးသား ဘဘုန်းရဲ့စက်ကွင်းလွတ်အောင် တချိုးထဲပြေး သည်။ ဘဘုန်းက မိုးသားကိုဘဝင်မကျသလို မျက်လုံးများ တွန့် ချိုးကြည့်ရင်းက...

"ဒီကောင်ကြည့်ရတာ မရိုးသားဘူး"

ဘဘုန်းက မှတ်ချက်ချကာ ရွာမှာ အလောင်းပြင်ပေးလေ့ ရှိသော ကိုဘမောင်ဘက် လှည့်ကာ...

"ဘမောင်..."

"ဘုရား..."

"ညနေကျရင် မိုးသားအိမ်ကိုသွား၊ ဘုရားပုံတော်နဲ့ အ ဆောင်လက်ဖွဲ့ပေးလိုက်မယ်...သူ မသိစေနဲ့၊ ဘုရားကျောင်း ဆောင်မှာ ကိုယ့်ဘာသာ တင်ခဲ့ချေ"

"တင်ပါ့ဘုရား"

ဘဘုန်းရဲ့စကားကြောင့် အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

"အိမ်း...သတ္တဝါတစ်ခု ကံတစ်ခုပေပဲ၊ ရှေးဘဝရေစက်

www.burmeseclassic.com


ဆိုခဲ့ရင်လည်း အစက်သားလား၊ သူတပါး ဆင်းရဲအောင် လုပ်တဲ့ အလုပ်က ဘုန်းကြီးတို့အလုပ် မဟုတ်ဘူး၊ ဒါပေမယ့် သတ္တဝါတို့ ကယ်တင်ဖို့လည်း တာဝန်က ရှိပြန်တော့ ခက်သားလား"

ဘဘုန်းက ညည်းပြော,ပြောသည်။

ထွန်းလင်းမှာ သိချင်စိတ်စောလျက် မေးရန် ပါးစပ်ပြင်ဆဲ...

"ကိုယ့်ကိစ္စ မဟုတ်တာ မသိချင်နဲ့၊ ဟိုကလေးလည်း ပြန်မသိစေနဲ့ဦး...ကြားသလား၊ ခများ စိတ်ဆင်းရဲနေမယ်"

မျက်လုံးပြူးကြီးနှင့် ကြိုတင်နှုတ်ပိတ်လိုက်သော ဘဘုန်း စကားကြောင့် ထွန်းလင်း ပါးစပ်ကို လက်ဝါးနှင့် အမြန်အုပ်လိုက်ရသည်။

လူဆိုတာ မသိချင်နဲ့ဆိုမှ ပိုသိချင်သည်မဟုတ်လား။

အားလုံး ရင်ထဲမှာတော့ ပဟေဠိများနှင့်...။


www.burmeseclassic.com

www.burmeseclassic.com



ဘဘုန်း ခိုင်းလို့သာ သွားရမည်။ တကယ်တမ်းမှာ ကိုဘမောင်က သတ္တိကောင်းလှသူ မဟုတ်။

မိုးသားအိမ်က ရွာစပ်ချောင်းစပ်မှာ ဖြစ်သည်။ အစွန်အဖျားကျသည်မို့ ရွာနှင့် တသီးတခြားကြီးလို ဖြစ်နေသည်။ ဒီတော့ တစ်ယောက်ထဲ မသွားရဲ..။

"မောင်အေး...ငါနဲ့ အဖော်လိုက်ခဲ့ကွာ"

"အာ...ခင်ဗျားကလဲ ကြောက်စရာမရှိ ကြံဖန်ပြီး"

"လိုက်ခဲ့စမ်းပါကွာ...ငါတစ်ယောက်တည်း မသွားရဲလို့ပါ"

ကိုမောင်အေး ခေါင်းကုတ်ခြေကုတ်နှင့် ကိုဘမောင်နောက် တွန့်ဆုတ်ဆုတ်နှင့် ပါလာခဲ့ရသည်။

စင်စစ် သူကိုယ်တိုင်လည်း ကြောက်တတ်သည်လေ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်ရွာလုံး သရဲမကြောက်တတ်သည့်လူ တစ်ယောက်မျှမရှိဘဲ။ ဘဘုန်းမှ လွဲ၍ပေါ့...။

နှစ်ယောက်သား တွန့်ဆုတ်ဆုတ်နှင့်ပင် မိုးသားအိမ်သို့ ထွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲမှနေ၍ သူ့မျက်နှာကို ခွဲ့ခွဲ့ကလေး ကြည့်နေရာမှ အရိုပ်ရဲ့မျက်ဝန်းထဲ စိမ်းခနဲ အရောင်များ ထတောက်သွားခဲ့လျှင် သူ အလန့်တကြား ဖြစ်သွားခဲ့ရသည်။

"ဘာ..ဘာဖြစ်လို့လဲဟင် အရိုပ်"

အရိုပ်မှာ သိသိသာသာကြီး မျက်နှာပျက်ယွင်းနေသည်။ တစ်ခုခုကို ထိတ်လန့်ကြောက်ရွံ့နေသလိုမျိုးလည်း ဖြစ်နေခဲ့သည်။ မျက်ဝန်းများမှာ ချက်ချင်း စိမ်းလက်အေးခဲသွားတော့ကာ...

"ဘာမှမဖြစ်ဘူး မိုး၊ အရိုပ် နေလို့မကောင်းလို့ အိပ်တော့မယ်"

ရင်ခွင်ရိုပ်မှာ ကြည်နူးနေရာမှ ရုတ်တရက်ကြီး အေးခဲ တိတ်ဆိတ်ကာ နေမကောင်းဘူး ဆိုလေသူလေးကို မိုးသားအံ့အားတသင့် ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကလေး ဘာကိုကြောက်ရွံ့နေတာလဲ။

အရိပ်ကလေး ဘာလို့ ရုတ်တရက်ကြီး အေးခဲသွားရတာလဲ...။ သူ ဘာကိုမှ နားမလည်နိုင်အောင် ဖြစ်နေစဉ်မှာ...

"မိုးသားရေ...မိုးသားရေ"

ခေါ်သံကြားရတာကြောင့် သူ ခေါင်းထောင်ကြည့်မိလျှင်...

"ဩော်...ကိုဘမောင်နဲ့ ကိုမောင်အေးတို့ပါလား၊ ဘာကိစ္စရှိလို့လဲ"

"ကိစ္စရှိမှပဲ လာရတော့မှာလား ငါ့ကောင်ရ၊ လမ်းကြုံလို့ရော မလာရတော့ဘူးလား"

"လာရပါတယ်ဗျာ...ကျွန်တော့်အိမ်က ရွာစွန်ရွာဖျားဆိုတော့ ညည်သည်လာလေ့လာထ မရှိလို့ပါ၊ ဘာဘုန်းများ ခိုင်းလိုက်လို့လား"

သူမေးလိုက်တာကို ကိုဘမောင်နှင့် ကိုမောင်အေးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။

"ဘာဖြစ်နေတာလဲ...ခင်ဗျားတို့တွေက အူတိအူကြောင်နဲ့၊ ကဲ...လာလေဗျာ"

ကိုဘမောင်နှင့်ကိုမောင်အေးတို့ ကျိုးလန့်စာ စားသလို သူ့အိမ်ထဲကို ဟိုကြည့်ဒီကြည့်နှင့် ကြည့်ရင်းက...

"မင်းတစ်ယောက်ထဲလား"

"တစ်ယောက်ထဲပေါ့ဗျ"

သူ လိမ်လိုက်ရသည်မို့ နောက်ကျောမလုံ။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေကို ဖွလိုက်၊ ကိုဘမောင်တို့ကို သွားဖြဲပြလိုက်နှင့် အခန်းရှေ့မှာ မယောင်မလည်ရပ်ရင်း တံခါးကို ပိတ်ကာတား မိသည်။ အခန်းထဲမှာ အရိုပ်ကလေး အိပ်နေသည် မဟုတ်လား။

"မင်းအစ်ကိုရဲ့စာအုပ်ဟောင်းတွေ ငှားဖတ်ချင်လို့"

"ထပ်ခိုးပေါ်မှာဗျာ...သွားတက်ယူချေ"

ကိုဘမောင်နှင့် ကိုမောင်အေးတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြပြန်သည်။

"သွားလေဗျာ...ကိုဘမောင်"

ကိုမောင်အေးက မျက်စမျက်နနှင့် ခိုင်းသည်။

"အေး..အေး..ငါပဲ တက်ယူလိုက်တော့မယ်"

ကိုဘမောင် ဘဘုန်းပေးလိုက်သော အိတ်ကို ကိုင်လျက် လက်ကိုင်တန်းမပါသော လှေကားကို သတိထားလျက် တစ်ထစ်ချင်းတက်သည်။

အောက်ကိုသာ မိုးသားအလစ်ကြည့်လျက် တက်နေရသည်မို့ အပေါ်ကို ဂရုမစိုက်အား...။

အပေါ်သို့ ရောက်ခါနီးကျမှ စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်မို့ ကမန်းကတန်း မော့ကြည့်လိုက်မိလျှင်...

လှေကားရင်းမှာ ဆံပင်ကြီး ဖားလျားချလျက် နောက်ပြန်ကြီးထိုင်နေသော အမျိုးသမီးတစ်ယောက်...။

ကိုဘမောင် မျက်လုံးပြူးထွက်သွားရသည်။

ဆတ်ခနဲဆို ရှေ့သို့လှည့်ထိုင်သည်။

မျက်ကွင်းကြီးများ မည်းနက်ကာ မျက်လုံးကြီးမှာ မီးထ

www.burmeseclassic.com

www.burmeseclassic.com



တောက်မတတ် ရဲရဲနီလျက်...။

"ဘာလုပ်မလို့လဲ!"

ခြောက်ကပ်သော အသံကြီးကလည်း အေးစက်လျက်..။

ကိုဘမောင်ပါးစပ်ထဲ အာစေးထည့်ထားသလို ဘာမှပြန်မပြောနိုင်...။ ဘဘုန်း ပေးလိုက်သောအထုပ်ကို ကိုင်ထားသည့် လက်ချောင်းများမှာ တဆတ်ဆတ် တုန်လာသည်။

"အဲဒီပစ္စည်းတွေ ယူမလာနဲ့"

"ဟင်!..."

နာနာဘာဝမက သူ့လက်ထဲက အထုပ်ကို ကြိုသိနှင့်နေသတဲ့လား။

ကိုဘမောင် ကြောက်စိတ်က ပိုတိုးလာသည်။

"ခု ပြန်ဆင်း...မဆင်းရင် ဂုတ်ချိုးချပစ်လိုက်မယ်"

လက်ချောင်းများ ထောင်ပြသည်။

လက်သည်းမည်းမည်းကြီးများ တစ်ထွာခန့် ရှည်ထွက်လာတာမြင်ရလျှင်...ကိုဘမောင် မျက်စိပျက်မျက်နှာပျက်နှင့် တုန်တုန်ယင်ယင်နှင့် ပြန်ဆင်းသည်။

အောက်မှ အခြေအနေ စောင့်ကြည့်နေသော ကိုမောင်အေးမှာ မိုးသားဆီသာ အာရုံရောက်နေသည်မို့ ဘာမှမသိလိုက်။

ကိုဘမောင်မျက်နှာ ချွေးသီးချွေးပေါက်များကျလျက် မသာယာပြန်ဆင်းလာသည်ကို မြင်ရတော့မှ...

"ဘယ်လိုဖြစ်တာတုန်းဗျ ကိုဘမောင်!"

"ဟို...ဟို..."



www.burmeseclassic.com

www.burmeseclassic.com



ကိုဘမောင်မှာ ပါးစပ်သာပြင်လိုက်မိပြီး မိုးသား လှမ်းကြည့်နေတာကြောင့် ဆက်မပြောဖြစ်...။

ဒါကိုပဲ ကိုမောင်အေးက ကြဲဖန်ကြောက်နေသည် ထင်ကာ...

"ကဲ...ဒါဆိုလည်း ကျွန်တော်ပဲ စာအုပ်တွေ သွားတက်ယူရျေမယ်"

ကိုမောင်အေး ပြောပြောဆိုဆိုနှင့် ကိုဘမောင် လက်ထဲမှ အထုပ်ကို မသိမသာ လက်ပြောင်းယူကာ ထပ်ခိုးပေါ် တက်ဖို့ပြင်သည်။

ကိုမောင်အေးက အမြင့်ပေါ် တက်ကာ ဆေးသုတ်နေကျမို့ လှေကားအတက်အဆင်းကို အမြဲသတိထားတာ အကျင့်ပါနေပြီ။ ခြေနင်းထားသော လှေကားထစ်ကို ငုံ့ကြည့်ရင်း တစ်ထစ်ချင်း သတိနှင့်တက်သည်။

အပေါ်ရောက်ကာနီးမှာ ဒီလှေကားတစ်ထစ် ကိုင်ရတာ အေးစက်စက်နိုင်လိုက်တာဟု တွေးမိသည်။

ထိုလက်တလျှောက် ကြက်သီးများ စုန်ဆန်ထလာသည်။

ဘာကြောင့်ပါလိမ့်ဟု မျက်မှောင်ကြုတ်ကာ စဉ်းစားမိသည်။ စိတ်ထဲမသင်္ကာသလိုလို တစ်မျိုးကြီးဖြစ်ကာ အပေါ်လှေကားထစ်တွေကို မော့ကြည့်လိုက်လျှင်...

မြတ်စွာဘုရား...။

သူကိုင်ထားမိသည်မှာ လှေကားတန်း မဟုတ်...။

ခြေထောက်...။



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်မှ သွေးတစ်စက်မှမရှိသော ဖြူဆုတ်အေး စက်နေသည့် ခြေထောက်ပဲဖြစ်သည်။

"တက်လာပြန်ပြီလား နောက်တစ်ယောက်"

'ဟို...ဟို...ဘဘုန်းပေးလိုက်တဲ့ပစ္စည်း ဒီအပေါ်မှာ တင်ဆွဲချင်လို့ပါ..' ဟု ကိုမောင်အေး ပြောမည်ကြံသည်။

ပါးစပ်က လုံးဝဖွင့်မရ။

"ဘာပစ္စည်းမှ ချိတ်ဖို့မစဉ်းစားနဲ့၊ အပေါ်ကို တက်ဖို့လည်း မစဉ်းစားနဲ့၊ လက်ကို လိမ်ချိုးပစ်လိုက်ရမလား!"

မေးပုံကြီးမှာ သွေးပျက်စရာ ကောင်းလှသည်။

ခြေထောက်ကြီးကို ကိုင်ထားမိသော လက်မှာလည်း ပြန်ခွာလို့မရ။ ဆွဲခွာလေ ပိုကပ်လေ...။

ခြေထောက်ကြီးမှာ အေးစက်လွန်းလှသည်မို့ ရေခဲတုံးကြီး ကိုင်ထားရသလို ကိုမောင်အေးရဲ့လက်များမှာ တစ်စထက် တစ်စ ထုံကျင်လာတော့သည်။

"မ..မချိုးပါနဲ့၊ ခု..ခု..ပြန်..ပြန်ဆင်းပါ့မယ်"

ကိုမောင်အေး ပါးစပ်က ဖွင့်လို့မရ..စိတ်ထဲကသာ ပြောလိုက်မိခြင်းဖြစ်သည်။

"လက်ထဲက ပစ္စည်းလည်း ပြန်ယူသွား...ကြားလား!"

"ကြား..ကြား..ယူ..ယူ..သွားပါ့မယ်"

ကိုမောင်အေး ကြောက်လွန်းသဖြင့် စိတ်ထဲမှာ ပြောနေမိတာပင် အထစ်ထစ် အငေါ့ငေါ့...။

"လက်..လက်ကို ပြန်..ပြန်ခွာပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်အေး သွေးကြောများပိတ်ပြီ ထင်ရလောက်အောင် ထုံကျင်နေပြီဖြစ်သည့်လက်ကို အတင်းဆွဲရွာရင်း တောင်းပန်နေမိသည်။

"ဒီကို နောက်ဘယ်တော့မှ မလာတော့ဘူးလို့ ကတိပေးစမ်း"

"ပေး..ပေး..ပေးပါတယ်၊ နောက်..နောက်..ဘယ်တော့မှ..မ..မ..မလာရဲတော့ပါဘူး"

"ဆင်း...ခုချက်ချင်း"

"ဟုတ်...ဟုတ်"

ကတိပေးလိုက်သည်နှင့် တစ်ပြိုင်နက်...တစ္ဆေမခြေထောက်မှာကပ်နေသော သူ့လက်မှာ အလိုအလျောက် ကွာကျသွားသည်။

သို့သော်...ညင်ညင်သာသာတော့ မဟုတ်။

အရှိန်နှင့် ဆောင့်ကန်ချလိုက်သလို ခံစားရကာ ကိုမောင်အေးတစ်ယောက် လေ့ကားပေါ်မှ ဒလိမ့်ကောက်ကွေး ပြုတ်ကျသည်။

"ဘယ်လိုဖြစ်တာလဲ မောင်အေးရ"

"လစ်..လစ်ကြစို့ ကိုဘမောင်"

ကိုမောင်အေး ရှည်ရှည်ဝေးဝေး မပြောနိုင်။

ကိုဘမောင်က အားကုန်ထုတ်ကာ..နောက်မလှည့်ကြည့်စတမ်း ပြေးသည်။

"ဟော့လူတွေ ဘယ်လိုဖြစ်တာတုန်းဗျ!၊ ဓာတ်အုပ်တွေ ယူမ

www.burmeseclassic.com

www.burmeseclassic.com



လို့ဆို…”

“မ…မယူတော့ပါဘူးကွာ၊ နေ..နေပါစေတော့”

“နောက်မှ လာယူမလို့လား!”

“အံမယ်လေး…နောက်ထပ် မလာရဲတော့ပါဘူး၊ ဘယ်တော့မှလည်း မလာတော့ပါဘူး”

ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးသွားသောနစ်ယောက်ကိုကြည့်ကာ မိုးသားမှာ ခေါင်းကုတ်လျက် ကျန်ရစ်ခဲ့သည်။

ဒီလူတွေ ဘာကြောင့်ပါလိမ့်…။

ခေါင်းကုတ်နေမိရာမှ အရိုပ်ကလေး နေမကောင်းရှာသည်ကို သတိရမိလျှင် တံခါးကို အသံမမြည်အောင် ဖြည်းဖြည်းလေးဟကာ အထဲကို ချောင်းကြည့်လိုက်သည်။

မြင်လိုက်ရသော မြင်ကွင်းကြောင့် သူ့မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရသည်။

လှဲအိပ်နေသော အရိုပ်၏မျက်လုံးများမှာ ကြောင်တောင်ကြီးပွင့်နေသည်။

မျက်တောင်လုံးဝမခတ် မီးပွင့်မတတ် နီရဲကာ တစ်နေရာထဲကိုသာ စိုက်ကြည့်လျက်…

သူ ထိတ်လန့်မိသည်ထက် အရိုပ်ကလေးအတွက် အစိုးရိမ်ကြီးကာ အခန်းထဲ ပြေးဝင်လိုက်မိသည်။

“အရိုပ်ကလေး..အ..အရိုပ်ကလေး”

သူ အရိုပ်ကလေးရဲ့ခန္ဓာကိုယ်ကို စိုးရိမ်တကြီး ပြေးပွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အရိုပ်ရဲ့ ကျစ်လစ်သောခန္ဓာကိုယ်မှာ သွေးပျက်ချင်စဖွယ် တောင့်တင်း၍နေသည်။

မျက်လုံးများမှာ နီရဲကြောင်တောင်စိုက်လျက်...။

"အရိုပ်...အရိုပ်ကလေး"

သူ စိုးရိမ်ထိတ်လန့်စွာ အဆက်မပြတ်အော်ရင်း တောင့်တင်းနေသော ခန္ဓာကိုယ်ကို အတင်းလှုပ်ယမ်းသည်။

သူ့မျက်လုံးထောင့်မှ ဝေဝါးသော အရိုပ်တစ်ခု (အရိုပ်နှင့်ဆင်ဆင်တူသော အရိုပ်တစ်ခု) အရိုပ်ရဲ့ခန္ဓာကိုယ်ထဲ ဝင်သွားသလို မြင်လိုက်ရသည်မို့ မျက်တောင်များကို အခါခါခတ်ကာ ကြည့်လိုက်မိသည်။

အသေအချာကြည့်တော့ ဘာမှမရှိတော့ပြန်...။

သူ ကြက်သီးများ တဖြန်းဖြန်းထကာ ဝေဝေဝါဖြစ်ဆဲ..။

ဟင်းခနဲ ဝမ်းခေါင်းထဲက သက်ပြင်းချသံကြီးနှင့်အတူ အရိုပ်မျက်တောင်ကလေးများ တစွစွလှုပ်လာသည်။

"အရိုပ်..အရိုပ်ကလေး"

သူ ဝမ်းသာအားရ ခေါ်မိသည်။

အရိုပ်ရဲ့မျက်ဝန်းကလေးက သူ့ဘက်ရွေ့လာကာ မျက်လုံးထဲမှ လျှံထွက်နေသော အနီရောင်များကလည်း တဖြည်းဖြည်းပြန်ပျောက်ကွယ်သွားသည်။ (သူ့အထင်တော့ မျက်လုံးထဲ ပြန်ဝင်ရောက် ပျောက်ကွယ်သွားသလားပင်။)

တောင့်တင်းနေသော ခန္ဓာကိုယ်လေးကလည်း တဖြည်းဖြည်းချင်း ပြန်ပျော့ပျောင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ခုမှ အပူလုံးကြီး ကျသွားရတော့သည်။

"အရိပ်ကလေး နေကောင်းသွားပြီလားဟင်"

အရိပ်က သူ့ကို မော့ကြည့်ကာ ခေါင်းကို လေးလေးကြီး ညိတ်ပြသည်။

"ခုနက အရိပ်ဘာဖြစ်သွားတာလဲဟင်၊ ကိုယ့်ကိုယ်ကို သိလား၊ မျက်တောင်လည်း မခတ်ဘူး၊ တစ်ကိုယ်လုံးလည်း တောင့်တင်းနေတာပဲ"

အရိပ်က သူနှင့် မျက်လုံးချင်း မဆုံရဲသလို မျက်လွှာကို ချထားကာ...

"အရိပ်နေမကောင်းရင် တက်,တတ်တယ်"

"မြတ်စွာဘုရား...ခုနက အရိပ်တက်သွားတာလား"

"ဟုတ်မှာပေါ့"

အရိပ်ပြောပုံက မတင်ကျဘူး။

"ဒါနဲ့...အရိပ်"

မျက်လုံးတွေ ရဲရဲတောက်နေတာ..၊ အရိပ်လိုလို ဘာလိုလို ဝေဝါးသော တစ်စုံတစ်ယောက် အရိပ်ရဲ့ခန္ဓာကိုယ်ထဲ ဝင်သွားသလို တွေ့လိုက်ရတာကို သူပြောမည်ပြင်ပြီးမှ အရိပ်ကလေး စိတ်အနှောင့်အယှက်ဖြစ်သွားရမည်စိုးသဖြင့် မပြောဖြစ်တော့။

အရိပ်ကလေးက မျက်နှာမသာမယာ နှမ်းလျှညိုးရော်၍နေသည်။ ပြီးတော့ ခုပဲ ခွဲခွာရတော့မည့်သူတွေလို သူ့ရင်ခွင်ထဲ အတင်းတိုးဝင်သည်။

"မိုး..."



www.burmeseclassic.com

www.burmeseclassic.com



ဟု တိုးဖျော့ဖျော့ကလေး ခေါ်ပြန်သည်။

"ပြောလေ အရိုပ်"

"အရိုပ် ကြောက်တယ် မိုးရယ်"

သက်ပြင်းရှိုက်သံလေးနှင့် အရိုပ်က ညည်းသည်။

"ဘာကိုကြောက်နေတာလဲ အရိုပ်ရဲ့၊ ဘာမှကြောက်စရာမှ မရှိတာ၊ အရိုပ်ကလေးနားမှာ ကိုယ်တစ်ယောက်လုံး ရှိနေတာပဲ၊ အရိုပ်က ဘာကိုကြောက်နေတာလဲ"

"မိုးနဲ့ ခွဲရမှာ ကြောက်တယ်"

"သြော်...မခွဲရပါဘူး အရိုပ်ရယ်၊ အရိုပ်နဲ့ကိုယ် တစ်သက်လုံးအတူတူ နေရမှာပေါ့"

သူနဲ့ခွဲရမှာ ကြောက်တယ်ဆိုသော ချစ်သူလေးရဲ့ အေးစက်စက်ခန္ဓာကိုယ်လေးကိုပဲ ချစ်မဝနိုင်စွာ တိုးဖက်ထားလိုက်မိသည်။

"အရိုပ်ကို ဒီမှာမနေစေချင်ကြတဲ့သူတွေ ရှိတယ်"

"ဘယ်သူတွေလဲ အရိုပ်၊ ဒီမှာ ဘယ်သူကသိလို့လဲ!"

"မိုး ဘာမှမသိပါဘူး မိုးရယ်"

အရိုပ်ကလေး နွမ်းလျသောမျက်နှာနှင့် ညည်းညူပြန်သည်။

"အရိုပ်...အရိုပ်မလေ...အရိုပ် ဒီမှာနေမှန်း ရွာထဲကလူတွေ သိကြရင် အရိုပ်ကို မောင်းထုတ်ကြမှာ၊ အရိုပ် မိုးနဲ့ခွဲရမှာ၊ အရိုပ်မှာ နေစရာလည်းမရှိပါဘူး မိုးရယ်၊ အရိုပ် မိုးနဲ့လည်း မခွဲနိုင်ဘူး၊ အိုး...ခဏကလေးပဲဖြစ်ဖြစ် အရိုပ် မိုးနားမှာ အေးအေးချမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com



လေး နေချင်တယ်၊ ကျေးဇူးပြုပြီး အရိပ်ကို ဘယ်သူမှ မနှောင့်ယှက်ကြပါနဲ့၊ အရိပ်တို့ ချစ်ခြင်းကို မခွဲကြပါနဲ့”

အရိပ် ပြောရင်းက စိတ်မထိန်းနိုင်တော့သလို သူ့ရင်ခွင်ထဲမှ ရှန်းထွက်ကာ ခေါင်းအုံးမှာ မျက်နှာအပ်သည်။

ခေါင်းအုံးတစ်ခုလုံး သွေးရည်ကြည်များနှင့် ရွှဲနစ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

သိပ်မကြာခင်မှာပင်..မိုးသားအိမ်မှာ သရဲမရှိသည်ဆိုသော သတင်းက တစ်ရွာလုံး ပျံ့နှံ့သွားခဲ့သည်။

လူ့ပါးစပ်တစ်ပေါက်က ပိတ်ရခက်သည် မဟုတ်ပါလား...။

"ငါ့ကို ဂုတ်ချိုးပစ်မယ်လို့ ပါးစပ်ကသာပြောတာ၊ ငါတော့ တကယ်ကို ဂုတ်နာနေတာ၊ တကယ်အချိုးခံလိုက်ရသလိုပဲ"

ကိုဘမောင်က လည်ဂုတ်ကို မထိရဲရဲ အုပ်ကိုင်ရင်း မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာရှုံ့မဲ့နေသည်။

"ကျွန်တော်ကမှ ပိုဆိုးတာ၊ သူ့ခြေထောက်အေးအေးကြီးကို သွားကိုင်မိတဲ့အဖြစ်ဗျာ၊ စဉ်းစားကြည့်ကြစမ်းပါ...ဘယ်လောက်ကြောက်စရာကောင်းလိုက်သလဲလို့၊ ကျွန်တော်ဖြင့် ခုထိအဲဒီလက်နဲ့ ထမင်းမစားဝံ့သေးဘူး၊ လက်က ခုထိ ထုံထုံကြီးဖြစ်နေတုန်းပဲ"

ကိုမောင်အေးကတော့ သူ့ညာဘက်လက်ကြီးကို အားလုံးမြင်သာအောင် မြှောက်ပြသည်။

လူအားလုံးက သရဲအသားကို ကိုင်ထားခဲ့မိသည်ဆိုသောသူ့လက်ကို ရွံသလိုလို ကြောက်သလိုလိုနှင့် နောက်ဆုတ်သွားကြသည်။

"ဒါ..ဒါဆို မိုးသား နိုးပြေးလာတဲ့မိန်းမက သရဲမပေါ့"

ထွန်းလင်းက အသည်းထိတ်သလို သွားစေ့သံနှင့် ပြောသည်။

"ဘုရား...ဘုရား...ဒါကြောင့် ခုတလော မိုးသားလေး မျက်နှာဖြူဖတ်ဖြူရော် ဖြစ်နေပါတယ်လို့"

ဒေါ်သဲသဲက ရင်ဘတ်ဖိရင်း မိုးသားကို သနားဂရုဏာသက်သော လေသံနှင့် ဝင်ပြောသည်မို့ ဒေါ်သဲသဲ၏ယောကျ်ားကိုအောင်ကျော်က မျက်စောင်းထိုးသည်။

"ဒါကြောင့်...ဘုန်းဘုန်းက ဘုရားပုံတော်နဲ့ အစောင်လက်ဖွဲ့ မိုးသားအိမ် ပို့ခိုင်းတာပေါ့"

"နေဦးကွ...မိုးသားက သူခိုးပြေးလာတဲ့ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ဟာ သရဲမဆိုတာ မသိသေးဘူးထင်တယ်”

ဆရာလွန်းက တွေးတွေးဆဆ။

“ဒါပေါ့...မသိလို့ပေါ့၊ ဘယ်သူက သရဲမကို ကြိုက်မှာလဲ၊ ကိုဘမောင်...ခင်ဗျားဆိုရင်ရော ကြိုက်မှာလား”

“ဝေလာဝေး...အခုတောင် အဲ့ဒီမျက်လုံးရဲရဲကြီး မြင်ပြီး အိပ်လို့မပျော်ဘူး”

“ခင်ဗျားက အလောင်းပြင်နေကျဆိုတော့ သရဲမချောချော လေးဆိုရင်တော့ ကြိုက်မှာပါဗျာ”

“တော်စမ်းပါ...မင်းဆီ ပို့လိုက်မယ်”

ထွန်းလင်းက စကားအကောင်းပြောနေရာမှ သူ့ထုံးစံအ တိုင်း ဝင်နှောက်သည်။

ကိုဘမောင် မျက်နှာကြီး ရှုံ့မဲ့နေသည်။

“အဲ့ဒီသရဲမက လူယောင်ဆောင်ထားလို့ပဲ ဖြစ်ရမယ်၊ ချောချောလှလှ မော်ဒယ်လေးပုံ ဖမ်းထားလို့သာ မိုးသားဆိုတဲ့ ကောင်ကြီး ကြွေသွားရတာ ဖြစ်မယ်”

“ကဲ...စကားအကောင်း ပြောရအောင်၊ ငါတို့ မိုးသားကို အဲ့ဒီသရဲမလက်ထဲက လွတ်အောင် ကူညီရမယ်...၊ နို့မဟုတ်ရင် ဒီကောင် ဒုက္ခရောက်လိမ့်မယ်”

“မှန်တယ်...လူနဲ့ နာနာဘာဝက ဘယ်လိုလုပ် ပေါင်းဖက် လို့ရမှာလဲ”

“မိုးသားကို ကူညီနိုင်မှာ တစ်ယောက်ပဲ ရှိတယ်”

ဒီတစ်ခါတော့ ထွန်းလင်းက အလေးအနက် ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အားလုံး စိတ်ဝင်တစားနှင့် နားစွင့်လိုက်ကြသည်။

"ဆ..ရာ..ဇော်"

ထွန်းလင်းက တစ်လုံးချင်း ပြောသည်။

အားလုံးက သံယောင်လိုက်ကာ ဝိုင်းရေရွတ်လိုက်ကြမိသည်။

"ဆရာဇော်"

"ဟုတ်တယ်...ဆရာဇော်တစ်ယောက်ပဲ ရှိတယ်၊ ဒီကိစ္စမျိုးမှာ ဆရာဇော် ဘယ်လောက်စွမ်းသလဲဆိုတာ တစ်ရွာလုံးသိပြီးသားပဲ"

"ဟုတ်တယ်...ထွန်းလင်းပြောတာ ဟုတ်တယ်၊ မိုးသားကိစ္စ ဆရာဇော့်ဆီ သွားပြောရမယ်"

ဒေါ်သဲသဲက ဒီတစ်ခါတော့ ထွန်းလင်းစကားကို လှိုက်လှိုက်လှဲလှဲ ထောက်ခံသည်။

သူကိုယ်တိုင်လည်း ဂဏန်းလေးဘာလေး တောင်းချင်သေးသည် မဟုတ်လား။ ကပ်လိုက်ဖို့ စိတ်ကူးမိသည်။

သူမစိတ်ကူးကို ရိပ်မိသော ချစ်ခင်ပွန်း ကိုအောင်ကျော်က မျက်စောင်းကြီး ထပ်ထိုးသည်။

ကိုအောင်ကျော်ကဲ့သို့ပင် ကိုဘမောင်ကလည်း မျက်စောင်းကြီးထိုးသည်။

ဒေါ်သဲသဲကိုတော့ မဟုတ်။ ထွန်းလင်းကို ဖြစ်သည်။ ထွန်းလင်းရဲ့ဉာဏ်ကို သူက မြွေမြွေချင်းမို့ ခြေမြင်ပြီးသားလေ။

ဆရာဇော့်မှာ ရုပ်ကလေး ဖွေးနု မွန်ညက်နေအောင်လှ



www.burmeseclassic.com

www.burmeseclassic.com



သော ညီမလေးမော်စီ ရှိသည်မဟုတ်လား။

အားလုံးမှာ ဆရာဇော့်အိမ်ကို လမ်းသာရှာရဲသော်လည်း မော်စီအနားကိုဖြင့် မကပ်ရဲကြ။

မော်စီက ရုပ်ကလေး လှသလောက် စွာတေးလန်သည်လေ။

"အေး...ငါလည်း ဆရာဇော့်ဆီ သွားဖို့ စဉ်းစားနေတာ"

တစ်ချိန်လုံး ငြိမ်နေခဲ့သော ကိုမောင်လှဆီက ခုမှ အသံထွက်လာသည်မို့ အားလုံးဂရုတစိုက် လှည့်ကြည့်လိုက်ကြသည်။

ကိုမောင်လှမျက်နှာ မသာယာတာကို အဲဒီတော့မှ သတိပြုမိကြတော့သည်။

"ခင်ဗျားက ဘာပြဿနာဖြစ်လို့လဲ ကိုမောင်လှရဲ့"

ဆရာလွန်းက လှမ်းမေးသည်။ ကိုမောင်လှက မျက်စိမျက်နှာပျက်နှင့်...

"ညက ကျွန်တော့်ကြက်ခြံထဲ..ဟို..ဟို"

ကိုမောင်လှက နေ့ခင်းကြောင်တောင်ကြီး စကားမဆက်ရဲသလို ဘေးဘီကြည့်သည်။

ဘေးမှာ ထိုင်နေသောလူများကလည်း ယောင်ယမ်းကာနောက်သို့ ပြန်လှည့်ကြည့်ကြသည်။

"ဘာလဲ...ကြက်သူခိုး ဝင်လာလို့လား၊ ကျွန်တော့်ကိုတော့ စွပ်စွဲမယ်မကြံနဲ့နော်၊ ဘုန်းကြီးကျောင်းမှာ အိပ်တာ၊ မယုံရင် ဆရာလွန်း မေးကြည့်"

"ကြက်သူခိုးဆို တော်သေးတာပေါ့ ငါ့ကောင်ရာ၊ ငါရိုက်



www.burmeseclassic.com

www.burmeseclassic.com



ရဲတာပေါ့"

"ဟင်...ဒါ..ဒါဆို..."

ဒေါ်သဲမှာ စိတ်ဝင်တစားနှင့် ရှေ့တိုးလာသည်။

"အမိနာ သရဲမကို အသေအချာ မြင်လိုက်ရတယ်"

"ဘာ!!"

"အံမယ်လေး..."

"အ..အမိနာ ဟုတ်လား!"

အားလုံးမှာ ကိုမောင်လှအနား ဝိုင်းပြုံတိုးကပ်သွားကြသည်။ သူတို့တစ်ရွာလုံး သရဲကြောက်တတ်ကြသည်။ သို့သော် သူတို့တစ်ရွာလုံး သရဲအကြောင်းပြောလျှင် စိတ်ဝင်စားကြသူတွေချည်း...။

ပြီးတော့...သူတို့ရွာမှာ သက်တမ်းအရှည်ဆုံးနှင့် အခြောက်နိုင်ဆုံးသရဲက ကုလားမအမိနာ ဖြစ်သည်။ အမိနာသရဲမရဲ့ အခြောက်မခံရဖူးတာ ရွာမှာ တစ်ယောက်မှမရှိ။ သို့သော် အမိနာ အသက်ရှင်စဉ်ကာလကို ဘယ်သူမှ မမှီ။ ဘယ်ကလာလို့ ဘယ်မှာ နေမှန်းလည်းမသိ..၊ ဘယ်လိုရုပ်ရည်မှန်းလည်း မသိ..၊ အသက် ဘယ်လောက်ခန့်က သေတယ်လို့လည်း ဘယ်သူမှမသိကြဘဲ.. ဒီရွာမှာ အမိနာသရဲက ရေပန်းစားလို့နေသည်။

အမိနာသရဲဆိုသောနာမည်ကို ပထမဆုံး ကြားဖူးသည်မှာ ဆရာတော်ပါးစပ်ကပဲဖြစ်သည်။

"ဒါနဲ့ ခင်ဗျား ဘယ်လိုအခြောက်ခံရသလဲဆိုတာ ပြောပြစမ်းပါဦး ကိုမောင်လှ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာလွန်းက စိတ်ဝင်တစားမေးသည်။ အားလုံးကလည်း စိတ်ဝင်တစား နားစွင့်သည်။ ကိုမောင်လှမှာ ဟိုကြည့်ဒီကြည့်နှင့် မျက်နှာမှ အလိုလို စိမ့်ထွက်လာသော ချွေးများကို သုတ်လိုက်ပြီး ဖြစ်ကြောင်းရယ်ကုန်စင်ကို ပရိသတ်ကြီးကို စတင်ချပြလေတော့သည်။

"ညက..ဗျာ..." ဟု အစချီသည်။ အားလုံးက ရှေ့သို့တိုးလာကြသည်။

"ကျွန်တော့်မိန်းမက နေ့စေ့လစေ့ ဗိုက်ကြီးသည်ဆိုတာ ခင်ဗျားတို့ သိကြတယ်နော်"

"သိတာပေါ့...ဗိုက်က ဒီလောက်လန်ပြန်နေမှ"

"နေပါဦး ကိုမောင်လှ၊ ခင်ဗျား အခုပြောမှာ အမိနာသရဲ အခြောက်ခံရတဲ့အကြောင်းလား၊ ခင်ဗျားမိန်းမ မသန်းအေးက နေ့စေ့လစေ့ ဗိုက်ကြီးသည်ဆိုတာ ကြေညာစေချင်တာလား"

ထွန်းလင်း စိတ်မရှည်ချင်တော့...ဘုတောသည်။

ရှည်ရှည်ဝေးဝေး စုံစုံစေ့စေ့ ပြောပြမှ နားထောင်ကောင်းတယ်ထင်သော ဒေါ်သဲသဲက ထွန်းလင်းကို မျက်စောင်းကြီးဝင့်သည်။

"အဲ..အဲ..ကျွန်တော့်မိန်းမ မသန်းအေးက ဗိုက်ကြီးသည်ဆိုတော့ မွေးဖွားရင် အားရှိအောင် ကျွန်တော်က ညတိုင်း နွားနို့တိုက်တယ်"

"ကိုမောင်လှ...အဲ့ဒါနဲ့ အမိနာသရဲမက ခင်ဗျားမိန်းမဆီက နွားနို့ကို လာလုသောက်ရောလား"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းလင်းစိတ်အတော့်ကို မရှည်ဖြစ်လာပြီ။ ဒေါ်သဲသဲက လည်း ဒီတစ်ခါတော့ ထွန်းလင်းကို မျက်စောင်းဝင့်ရုံတင်မက အံပါကြိတ်ပြသည်။

"အဲ...နွားနို့သောက်နေတုန်းမှာ ကြက်ခြံထဲက အသံတွေ မျိုးစုံကြားရတော့တာပဲ"

"ခင်ဗျားကြက်တွေ ကာရာအိုကေ ဆိုနေကြတာ ဖြစ်မှာ ပေါ့"

"ထွန်းလင်း..."

ဒီတစ်ခါတော့ စိတ်မရှည်နိုင်တော့သူက ဒေါ်သဲသဲ။

ဟိန်းခနဲ ထအော်သည်။ ထွန်းလင်းသည် ကော်ပုသွား၏။

"အဲဒါနဲ့ ကျွန်တော်လည်း ဓာတ်မီးဖွင့်ပြီး ကြက်ခြံကို ဆင်းကြည့်တာပေါ့၊ လား...လား...ကျွန်တော့်ကြက်တွေဆိုတာ လန့်ပြီး ဆောက်တည်ရာမရ ထပျံနေတာ...ဝုန်းဒိုင်းကြဲနေတာပဲ"

"ပျော်လို့ဖြစ်မှာပေါ့"

"ထွန်းလင်း...နင့်ပါးစပ်ပိတ်ထားမလား မပိတ်ထားဘူး လား...တစ်ခွန်းထဲပြော"

ဒေါ်သဲသဲ ဝုန်းခနဲထရပ်ပြီး ပွဲကြမ်းသည်။ ထွန်းလင်း ပါးစပ်ကို လက်ဝါးနှင့် ကမန်းကတန်း ပိတ်သည်။

"အဲဒါနဲ့ ကျွန်တော်လည်း သူခိုးများလားလို့ ဓာတ်မီးတစ်လက်နဲ့ လိုက်ရှာတုန်း..."

စကားခဏရပ်ကာ ကိုမောင်လှ ထွန်းလင်းကို လှည့် ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းလင်းက ပါးစပ်ကြီး ပိတ်ထားလျက်က သူ ဘာမှ ဝင်မပြောတော့ဘူးဆိုသည့်သဘော ခေါင်းခါပြသည်။ ဒေါ်သဲသဲကလည်း ထွန်းလင်းကို မျက်စောင်းကြီးနှင့် 'ဟင်း'ခနဲ ကြိမ်းသည်။

"ကြက်ခြေထောင့်မှာ..."

"တွေ့...တွေ့ရောလား!"

ဒေါ်သဲသဲ စိတ်ဝင်စားလွန်း၍ ဖြတ်မေးမိတော့သည်။ ထွန်းလင်းက မျက်မှောင်ကြုတ်ပြီး 'ရှူး'ခနဲ ဟန့်၏။ ဒေါ်သဲသဲ ယောင်ပြီး ခေါင်းညိတ်ပြသည်။

"လည်ပင်းအထိပဲပါတဲ့ ခေါင်းပြတ်ကြီး"

ကိုမောင်လှအနား ပရိသတ်အားလုံး စုပြုံရောက်ရှိသွားတော့သည်။

"နှုတ်ခမ်းနီ ဆိုးထားတာ ရဲတွတ်နေတာပဲဗျာ၊ မျက်လုံးမှာလည်း ကာခြယ်တွေ ဆိုးထားတာ မြင်မကောင်းဘူး၊ ဆံပင်တွေဆိုတာမှာ ပျံ့ကြဲနေတာပဲ"

"ခေါင်းပြတ်ကြီးတစ်ခုလုံးမှာ မီးပုံးကြီးလို နီရဲဝင်းတောက်နေတာပဲ မဟုတ်လား"

ထွန်းလင်း မနေနိုင် ဝင်ပြောမိပြန်သည်။ တကယ်တော့ အမိနာသရဲမပုံစံက ဘယ်သူ့ကိုခြောက်ခြောက် သည်ပုံစံချည်းပင် ဖြစ်သည်။ ရဲရဲနီနေသော ခေါင်းပြတ်ကြီးမှာ ဆံပင်ဖွာလန်ကြဲကာ မျက်နှာမှာ ကြည့်မကောင်းအောင် ခြယ်သထားသည်။

"ခင်ဗျားမိန်းမက ဗိုက်ကြီးသည်ဆိုတော့ မီးဖိုစောင့်ပေး



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ လာတာဖြစ်မှာပေါ့"

"ဘာပဲဖြစ်ဖြစ် ထပ်မလာရဲအောင်တော့ ဆရာဇော့်ဆီ သွားပြီး အဆောင်လေး လက်ဖွဲ့လေး တောင်းသင့်တယ်ဗျ"

"ပြောနေကြာတယ်ဗျာ၊ ခုပဲ သွားကြရအောင်"

ထွန်းလင်းက ချက်ချင်းထရပ်ကာ ဆော်ဩသည်။

ရွာသားတွေက ဒါမျိုးဆို မနေးကြသူတွေ မဟုတ်လား။ ဆော်ဩသည့် ထွန်းလင်းက နောက်မှာ ကျန်ခဲ့သည်။ ကျန်တဲ့သူ တွေအားလုံး ဆရာဇော့်အိမ် ဦးတည်ပြေးလိုက်ကြသည်မှာ တရှိုး တည်း...။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်...။

နာမည်အပြည့်အစုံက ဆရာတော်ချီ။

အရပ်က ပုပြတ်ပြတ်၊ ဂုတ်တိုတိုနှင့် အသားမည်းမည်း.. ဗိုက်ရွဲရွဲ။ ညိုမည်းသော နှုတ်ခမ်းလန်လန်အောက်က ကွမ်းချေး တက် သွားကလေးများကလည်း ခပ်ကြဲကြဲ။ မျက်ပေတုန်း ကလေးနှင့် တစ်ခါမှ မညှပ်ဖူး မလျှော်ဖူးသော ဆံပင်များက လိမ် တွန့် ကောက်ကွေးလျက် ကျောလယ်ထိ ရောက်ချင်နေပြီ။

အမြဲလို အညိုဝမ်းဆက်သာ ဝတ်သည်။ ဥပုသ်ယူ၍တော့ မဟုတ်။ လပြည့်လကွယ်လောက်သာ ရေချိုးတတ်သည်မို့ ကြေး မပေါ်မည့်အရောင်ကို ရွေး၍ဝတ်ဆင်တာဖြစ်သည်။ ဆရာတော်ရဲ့ မန်နေဂျာ ဒါရိုက်တာ စက္ကူထေရိက ညီမဖြစ်သူ မော်စီ။

တကယ်တော့ ဆရာတော်မှာ ရုပ်သေးရုပ်ကလေးမျှသာ၊



www.burmeseclassic.com

www.burmeseclassic.com



ညီမမော်စီရဲ့ Guide line အောက်မှာ ဟိတ်ဟန်ကလေးသာ ပြရှာရသူ...။

သူ့မှာ လက်စွဲတော် တပည့်နှစ်ယောက် ရှိသေးသည်။ ခြောက်ပေကျော်သောအရပ်နှင့် လောရှည်ဆိုသော ညာလက်ရုံး၊ လေးပေရှစ်လက်မသာရှိသော ကုလားပုဆိုသော ဘယ်လက်ရုံး တို့ဖြစ်သည်။

ဒီနေ့အဖို့ အိမ်ကို လူဝင်လူထွက် များတော့မည်ဆိုတာ ဆရာဇော်က ကြိုသိပြီးသား။ အကြားအမြင် ကောင်းလွန်း၍မ ဟုတ်..။

အိမ်မှာ ဘတ်ဂျက်ပြတ်တော့မည်မို့ မိမော်စီ ညက အကြံ အဖန် ထုထားသည် မဟုတ်လား။

လောလောဆယ်တော့ စောစောစီးစီး ရောက်နှင့်နေသူမှာ ကိုမောင်အေး၏မိန်းမ ဒေါ်နွေးနွေး။

ဒေါ်နွေးနွေးတစ်ယောက်တည်းဆိုတော့ ဆရာဇော်တို့ အ ပြင်မထွက်သေး။ ဓါတ်ခန်းထဲမှာ အိပ်ငိုက်..အဲ..တရားထိုင်၍နေ ဆဲ..။

လောရှည်နှင့်ကုလားပုက အိမ်အောက်မှာ အသင့်စောင့် နေကြသည်။ မကြာခင်မှာ ရုတ်ရုတ်သဲသဲ အသံများနှင့်အတူ လူ တစ်စု ခြံထဲ အုန်းလျှားဖားလျား ပြေးဝင်လာကြသည်။

ကုလားပုနှင့်လောရှည် မျက်လုံးပြူးသွားကြသည်။

"လောရှည်...ညက ငါတို့ သွားခဲ့တာ တစ်အိမ်ထဲပါနော်၊ ခု ဘာလို့ တစ်ရွာလုံး လာကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး...ငါလည်း စဉ်းစားလို့မရဘူး"

"ပါးစပ်ပိတ်ထားကြ"

အပေါ်မှ ခတ်ကြိတ်ကြိတ်အမိန့်သံ လွှတ်သူက မော်စီ။

ပြတင်းပေါက်မှနေ ခြံထဲ လူတစ်အုပ်ကြီး ပြေးဝင်လာသည်ကို မြင်ကတည်းက မော်စီ ပြုံးနေသည်။

လက်ထဲ ငွေပြတ်နေသည် မဟုတ်လား။

ဒီအိမ်က ဘဏ္ဍာထိန်းက သူမမို့ ငွေဝင်လမ်း မြင်ရလျှင် မော်စီ ပြုံးပန်းပွင့်သည်။

ဂဏန်းဝါသနာအိုး ဒေါ်သဲသဲလည်း ပါလာသည်ဆိုတော့ မော်စီ ခရီးဦးကြိုပြုဖို့ ပြင်သည်။

"ကြွပါ...ကြွပါ...အစ်ကိုကတော့ ဓာတ်ခန်းထဲက မထွက်သေးဘူး"

"ဓာတ်ချုပ်နေလို့လား...ဘောလုံးထည့်ပေးလိုက်လေ"

လွှတ်ခနဲ ဖောက်လိုက်သူက ထုံးစံအတိုင်း ထွန်းလင်း...။

မော်စီ မျက်စောင်းကြီး ထောင့်ကပ်ကာ ထွန်းလင်းကို စွေကြည့်သည်။

ထွန်းလင်း ဟီးခနဲ သွားဖြီးပြ၏။ မော်စီ လက်ဝါးထောင်ပြလိုက်သည်။ ဒါ အမရာအထာပဲဆိုကာ ထွန်းလင်းကလည်း လက်သီးပြန်ဆုပ်ပြလိုက်၏။

ပြောင်းပြန်တွေတော့ ဖြစ်ကုန်ပြီ။ တကယ်ဆို ဓာတ်ဆော်ထဲမှာက မပော်သဓာက လက်သီးအရင်ဆုပ်ပြတော့မှ အမရာက လက်ဝါးပြန်ထောင်ပြတာလေ။

www.burmeseclassic.com

www.burmeseclassic.com



အမရာ အထာလားဘာလားတော့ မသိ။

မော်စီလက်ဝါးက အနားကပ်လာကာ ထွန်းလင်းရဲ့လက်သီးဆုပ်ကို လက်ဝါးစောင်းနှင့် ခုတ်ချကာ ခွဲမည့်ဟန် ပြ၏။

"သေသွားမယ်...ဘာမှတ်လဲ"

"ကြောက်...ကြောက်ပါရဲ့"

ထွန်းလင်း မျက်နှာရှုံ့မဲ့သွားကာ လက်သီးဆုပ်လေးကို ကပျာကယာ ပြန်ရုပ်သိမ်းသည်။

"အစ်ကိုရေ...ဧည့်သည်တွေ ရောက်နေပြီ"

မော်စီ အသံချိုလေးနှင့် လှမ်းခေါ်သည်။ မကြာ..။

ဆရာဇော် အိပ်ငိုက်၍ကောင်းတုန်း။

"အစ်ကို...ဧည့်သည်တွေ..."

မော်စီ ဓါတ်ခန်းရှေ့သွားကာ အသံကုန် တင်သည်။

ငိုက်စင်းနေသော ဆရာဇော့်မျက်လုံး ပြိခနဲ ပြူးသွားရသည်။ ဘုရားကို ပုဆိန်ပေါက် ဦးချကာ ကမန်းကတန်း ထသည်။

"လာ...လာပါပြီဟ"

ဆရာဇော် ဓါတ်ခန်းထဲမှ ပျာယီးပျာယာ ထွက်လာသည်။

အခန်းပြင်မှာ တအုပ်တမကြီး တွေ့လိုက်ရတော့မှ ကိုယ်ရှိန်သတ်လိုက်ရသည်။

"ဆရာ ကြွလာပါပြီ"

အသံချိုနွဲ့နွဲ့လေးနှင့် မော်စီက အစ်ကို့ကို ပွဲထုတ်သည်။

"ဆရာ့ကို လက်ခုပ်တီးပြီး အားပေးကြပါ"

ကုလားပုကပါ ရောယောင်ပြီး ပွဲစည်အောင် မြန်တီးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာသားတွေ ဝေါခနဲ လက်ခုပ်တီး၏။ မော်စီ မျက်နှာပျက်ချေပြီ။

"ဆရာ ခုဆိုမယ့်သီချင်းကတော့ တွံတေးစိုးအောင်ရဲ့..."

ဒါမျိုးဆို ဆရာဇော်တို့ကလည်း ရောချချင်သည်လေ..။

"အစ်ကို..."

မော်စီ သွားကြိတ်သံနှင့် ဟန့်၏။

ဒီတော့မှ ဆရာဇော် သတိပြန်ဝင်ကာ ကတ္တီပါခင်းပေါ်မှာ ခပ်တည်တည် ဝင်ထိုင်သည်။

မာန်အပြည့်ဖြင့် မုဆိုးထိုင် ထိုင်၏။

"နင်တို့နှစ်ယောက်အလုပ် ဒီမှာမရှိဘူး၊ ဆင်း...အောက်ကို.."

မော်စီ ကြိတ်ဟောက်လိုက်တော့မှ လောရှည်နှင့်ကုလားပု အောက်ကို တကုပ်ကုပ် ဆင်းသည်။

"ကဲ...အားလုံး တိတ်တိတ်နေကြပါ"

ခုမှပြောရန် ပါးစပ်ပြင်ထားကြသူများ မော်စီဆီမှ ဟိန်းခနဲ အသံထွက်လာတော့ ပါးစပ်များ ကမန်းကတန်း ပြန်ပိတ်ကြ၏။

မော်စီက မတ်တတ်ထရပ်သည်။ ပြတင်းပေါက်ဘက် မျက်နှာမူကာ လက်ပိုက်၏။ အားလုံးက မော်စီကိုပဲ မော့ကြည့်ကြကာ ငြိမ်သက်တိတ်ဆိတ်၍နေသည်။

မော်စီ လက်တစ်ဖက် မြှောက်လိုက်သည်။ ချက်ချင်းပင် လေတွေ တဝုန်းဝုန်း တိုက်လာ၏။ ပြတင်းတံခါးရွက်များ တဒိုင်းဒိုင်းနှင့် ရိုက်ခတ်ကုန်သည်။ မော်စီလက်ပြန်ချကာ ရင်ဘတ်ဖိပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထိုင်သည်။ လေက ဆရာဇော်တစ်အိမ်ထဲကိုပင် ကွက်ပြီး ပြင်းထန်ကာ သစ်ရွက်ခြောက်တွေ ပလူပျံပြီး အိမ်ထဲဝင်လာသည်။

ဆရာဇော် မျက်ပေတုံးလေးကို မှိတ်ထားသည်။ အာရုံခံနေတာ မဟုတ်။ သဲများ မျက်လုံးထဲ ဝင်မှာစိုး၍ဖြစ်သည်။

"အင်း...ထူးတယ်၊ တော်တော့်ကို ထူးတယ်"

လေပြင်းလွန်းသဖြင့် ကြောက်နေကြသော ရွာသားများမှာ ဆရာဇော့်ဆီမှ ဘာကိုထူးမှန်းမသိ ထူးနေတာကြောင့် ပို ကြောက်လာကာ ရှေ့ကိုတိုးကုန်ကြတော့သည်။ ထွန်းလင်းက အဆိုးဆုံး..၊ မော်စီနား ရောက်လာ၏။

မော်စီကို ဟီးခနဲ သွားဖြဲပြပြန်သည်။ မော်စီ မျက်စောင်းကြီးနှင့် ဟိုဘက်လှည့်ထိုင်၏။

ဆရာဇော် 'အဟမ်း'ခနဲ လည်ချောင်းရှင်းကာ..မော်စီ့ကို အဓိပ္ပါယ်ပါပါ ကြည့်သည်။ မော်စီ နားလည်ကြောင်း မသိမသာကလေး ခေါင်းညိတ်ပြကာ ပြတင်းပေါက်ရှေ့မှ မတ်တတ် ထရပ်ပြန်သည်။

လေရိပ်မိုးရိပ် ကြည့်သလိုနှင့် ခါးထောက်၏။ လေက တဝုန်းဝုန်း တိုက်ကောင်းဆဲ။ အိမ်ထဲလည်း သစ်ရွက်ခြောက်တွေ ကြွပ်ကြွပ်အိတ်တွေ ပလူပျံနေပြီ။

"တော်တော့"

ဆရာဇော် ရှေ့ကို လက်ဆန့်တန်းကာ ခပ်သာသာ ပြောသည်။ ဘာမှမထူး...။

"တော်တော့လေကွာ"



www.burmeseclassic.com

www.burmeseclassic.com



နေမြဲတည်း...။

"တော်တော့...ခုချက်ချင်း ရပ်စမ်း"

ဆရာဇော် ဒေါသတကြီးနှင့် ကြမ်းပြင်ထုကာ အသံကုန် အော်သည်။ ခုနက သည်းသည်းမည်းမည်း တိုက်နေသောလေက ဟုပ်ခနဲ ငြိမ်ကျသွားသည်။

"ဆန်းလိုက်တာနော်"

"အေးဟယ်...ဆရာဇော်က စွမ်းလိုက်တာ"

"ဟုတ်ပါ့...လေနတ်သားကိုတောင် အမိန့်ပေးနိုင်တယ်"

"နမရျောလေးရှိတော့ လေနတ်သားကလည်း ဖားမှာပေါ့ ဗျာ"

ဆရာဇော် အားလုံးကိုကြားလျက် မျက်လုံးကို ကျပ်နေအောင်မှိတ်ကာ မကြားယောင် ဆောင်နေရသည်။

မော်စီကတော့ မကြားယောင် မဆောင်နိုင်။ ထွန်းလင်းကို မျက်စောင်းကြီး ခဲလိုက်သည်။

"ကဲ...အားလုံး ဆရာ့ကို အရိုအသေပေးကြပါ"

မော်စီဆော်သြလျှင် လေနတ်သားကိုပင် အမိန့်ပေး ဟိန်းဟောက်နိုင်သော စွမ်းအားရှင် ဆရာဇော့်ကို ရွာသားများ ပြားပြား ဝပ်နေအောင် ထိုင်ကန်တော့ကြတော့သည်။

ထိုအချိန်မှာ ဗို့အားမြင့် မတ်တပ်ပန်ကာကြီးများတစ်ဖက်၊ သစ်ရွက်ခြောက်များ ကျွတ်ကျွတ်အိတ်များ စုပြုံထည့်ထားသော ဆာလာအိတ်ကြီးများ တစ်ဖက်ကိုင်ထားသော လေ...ညီနှင့် ဘုလားပုတို့ကတော့ အိမ်အောက်မှာ ခြေပစ်လက်ပစ် ထိုင်လျက်



www.burmeseclassic.com

www.burmeseclassic.com



လျှာထွက်နေကြသည်။

"လောရှည်...ငါတို့က လေနတ်သားလေးတွေပေါ့နော်"

"တော်စမ်းပါ...လေနတ်သားဖြစ်ရတာ မစားသာပါဘူး"

"သူ့နှမလည်း ဘယ်လောက်ချောချော မကြိုက်ရဲဘူး ဟော့ကောင်ရေ...အကြောင်းသိတွေ၊ နီးလည်းဟောက်..အိပ်လည်းဟောက်"

ဟုတ်သည်။ မော်စီက အိပ်လျှင် စည်ပိုင်းကြီးကို ကျင်းများ ချိုင့်များအပြည့် ကတ္တရာလမ်းပေါ် လိမ့်ချလိုက်သလို ဒလုံးဒဂွမ်းမြည်အောင် ဟောက်တတ်သူဖြစ်သည်။

မော်စီက ဟောက်စားလုပ်တတ်သလို ချော့စားလည်းလုပ်တတ်သူဖြစ်ပါသည်။

ဆရာဇော်က ညှော်သည်တွေကို အရင်ရောက်တိုင်း အရင်ဟောတတ်တာမဟုတ်။ သူ ဓါတ်ကျလျှင်ကျသလို ဟောတတ်တာဖြစ်သည်။ ခုလည်း ညှော်ပရိသတ်ထဲ မျက်လုံးဝေ့ဝဲ ကစားသည်။ အားလုံးက ဆရာဇော်နှင့် အကြည့်ချင်း ဆုံနိုင်အောင် ကြိုးစားလျက်ရှိသည်။

အကြည့်ချင်း ဆုံမိကြလျှင် မော်စီကို ဟဲခနဲ သွားဖြဲပြ၏။ မော်စီ ပြန်မရယ်ပြ။ ခပ်တည်တည်သာ အထာကိုင်သည်။

ရသည်၊ ဒေါ်နွေးနွေးတို့က ပါးပါးလေး။ မော်စီ့လက်ကို မသိမသာ လှမ်းကိုင်မိသလိုနှင့် ဘယ်သူမှမသိအောင် အစိမ်းရောင်စက္ကူခေါက်လေးတွေကို မသိမသာကလေး သို့မ်းထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စမှ မော်စီ ပြုံးတတ်သွား၏။ ဒေါ်နွေးနွေးကို မသိမသာ ကလေး ဖွဖွပြုံးပြကာ ဆရာတော်နား ကပ်၏...

"အစ်ကို...အနီရောင် ဝတ်ထားတဲ့မိန်းမကို အရင်ဟောပေး လိုက်နော်"

"ဟာမ်..."

ဆရာတော် မှုန်ဝါးဝါးဖြစ်ဆဲ။

အနီရောင်က နှစ်ယောက်တောင်။ ဒေါ်သဲသဲလည်း အနီ ရောင်ရဲရဲ ဝတ်လာသည်။ ဒေါ်သဲသဲက ဗြောင်အနီရောင် ရဲရဲဝတ် ထားသည်မို့ အဖြူခံမှာ အနီလုံးကလေးများ ဝတ်ထားသော ဒေါ် နွေးနွေးထက် ပိုပေါ်လွင်နေသည်။ ဆရာတော့်မျက်လုံးများက ဒေါ် နွေးနွေးကိုကျော်ကာ ဒေါ်သဲသဲဆီ ရောက်သွားတော့ ဒေါ်သဲသဲ ချက်ချင်း ခါးမတ်သွား၏။ ဒေါ်နွေးနွေးကတော့ မျက်နှာမကောင်း။

မော်စီ့ကို လက်ညှိုးနှင့် လှမ်းတို့၏။

မော်စီ အစ်ကိုဖြစ်သူကို စိတ်မရှည်တော့..။

"ဒီမှာ...ဒီမှာ..."

ကြိတ်ပြောရင်းက ဒေါ်နွေးနွေးဘက် မျက်လုံးပြူးကြီးနှင့် ကြည့်ပြတော့မှ ဆရာတော် အထာပေါက်တော့သည်။

'အဟာမ်း'ခနဲ လည်ချောင်းရှင်းပြန်ကာ ဒေါ်နွေးနွေးကို ခေါင်းညိတ်ခေါ်၏။

ဒေါ်သဲသဲ မျက်နှာမကောင်း။ ခါးလေး ပြန်ခွေကျသွား ၏။ အဖြစ်အပျက်ကို အားလုံးသိလိုက်သော ထွန်းလင်းက 'အဟာမ်း'ခနဲ ချောင်းထဟန့်လေရာ မော်စီ မျက်စောင်းကြီး ခဲရပြန်



www.burmeseclassic.com

www.burmeseclassic.com



၏။

"ကဲ...ပြော"

"ကျွန်မနာမည်က နွေးနွေးအေးပါ ဆရာ"

တစ်ရွာထဲသား သိပြီးသားကြီးကို မိတ်ဆက်နေပြန်သမို့ အားလုံးက မျက်စောင်းထိုးမိကြသည်။

"နေပါဦး...အစ်မနာမည် နွေးနွေးပါ၊ ဘယ့်နှယ့် အေးတစ်လုံး ပိုလာရတာလဲ"

ထွန်းလင်း မနေနိုင်မထိုင်နိုင် ထမေး၏။

"ဟဲ့...အေးက ငါ့ယောကျ်ားနာမည် ထည့်လိုက်တာ..ဘာဖြစ်လဲ"

ဆရာတော့်ကို လက်အုပ်ချီ မိတ်ဆက်နေရာမှ ဒေါ်နွေးနွေး ထွန်းလင်းကို ပက်ခနဲ စွာလိုက်ပြီး ဆရာတော့်ဘက် ပြန်လှည့်ကာ ဆက်ပြောသည်။

"ကျွန်မ ယောကျ်ားနာမည်က ကိုမောင်အေးပါ ဆရာ..၊ အဲ့ဒါ သူ အိမ်ကို ပြန်မလာတာကြာပြီ၊ ဘုန်းကြီးကျောင်းမှာချည်းပဲ နေနေတယ်၊ ဟို..အဲ့ဒါလေ..အဲ့..အဲဒါ..."

ပရိသတ်အများကြီးရှေ့မှာမို့ ဒေါ်နွေးနွေး စကားမဆက်ရဲ...။

မော်စီကို လှမ်းကြည့်ကာ အကူအညီတောင်းသည်။

ရတယ်၊ ဒါမျိုးဆို မော်စီတို့က သိတတ်ပြီးသား။

ဆရာတော့်နား ကပ်လိုက်ကာ...

"အစ်ကို...သူ့ယောကျ်ားကို ညပြန်အိပ်စေချင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော...အဲဒါ ငါက ဘာလုပ်ပေးရမှာလဲ"

ဆရာဇော် အူကြောင်ကြောင်လုပ်နေတာမို့ မော်စီ စိတ်တို သွားမိသည်။

တကယ်တော့ ညနေကျလျှင် ကိုမောင်အေးရှိရာ ဘုန်းကြီးကျောင်းကိုသွားကာ ရှင့်မိန်းမ နောက်ယောက်ျားတစ်ယောက်နဲ့ တွဲနေတာ တွေ့တယ်ဟု သွားပြောဖို့ သူမ စိတ်ကူးလိုက်ပြီးသား..။ ဒါဆို ကိုမောင်အေးလည်း ခုညပင် အိမ်ပြန်အိပ်မှာပင်။ အစ်ကို့ကို ဟန်လေးပဲ လုပ်စေချင်တာ။

တစ်ခါမှလည်း သူဟာသူ ဖြစ်ဖြစ်မြောက်မြောက် ဉာဏ်မထုတ်ရဘဲနဲ့ အူကြောင်ကြောင် လုပ်နေသည်မို့ မော်စီ စိတ်တိုတိုနှင့် အငေါ်တူးလိုက်သည်။

"နှင့်ယောက်ျား ပြန်မအိပ်ရင် ငါလာအိပ်ပေးမယ်လို့ ပြောလိုက်ပေါ့ အစ်ကိုရာ.."

"ဟယ်...ဘယ်ဖြစ်မလဲ!"

ဆရာဇော်မှာ လူပျိုသိုးကြီးမို့ ကပျာကယာ ငြင်းသည်။

မော်စီက စင်အရှည်ကြီးပေါ်က ရေသန့်ဗူးတွေကို မျက်လုံးဖြင့် ပြ၏။ ဒါလောက်ဆို ဆရာဇော် သဘောပေါက်ပြီ။

"မော်စီ...ရေမန်းထယူလိုက်စမ်း"

"ဟုတ်ကဲ့ အစ်ကို"

မော်စီ ရေသန့်ဗူး ထယူကာ ဆရာဇော့်ကို လှမ်းပေး၏။

"သူ့ကို ပေးလိုက်..၊ အဲဒါ လင်ချစ်ဆေး လင်ပြန်ဆေးပဲ၊ စိတ်ချ ဒီည ခင်ဗျားယောက်ျား ပြန်ကိုအိပ်စေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပြုံးစိစိ ဖြစ်ကုန်ကြ၏။

"တကယ်နော် ဆရာ၊ ဆရာ အာမခံတယ်နော်"

ဒေါ်နွေးနွေး ပြုံးစိစိနှင့် ရေသန့်ဗူးကိုကိုင်ကာ ဆိုသည်။

"အဲ...အဲ..."

ဆရာဇော် ဘာပြန်ပြောရမည်မသိ။

"စိတ်ချ...အာမခံတယ်၊ ကိစ္စမအောင်မြင်ခဲ့သည်ရှိသော် ဆရာဇော်က ပြန်လျော်ပေးတတ်ပါတယ်၊ သောက်...သောက်"

မော်စီ ဖြတ်ပြောသော စကားကြီးကြောင့် ဆရာဇော်မှာ တအင်အင်နှင့် တံတွေးပင် နင်နေလေတော့သည်။

ဒေါ်နွေးနွေးအား လင်ချစ်ဆေးကို...တစ်စက်နှစ်စက်မျှသာ သောက်ရသည်ဟု ပြောရန်ကိုပင် မေ့သွားသည်။ အရသာမှာ ဒီအတိုင်းကြီးဆိုလျှင် ရေမှန်းသိမှာစိုးတာကြောင့် သီးစုံဓါတ်ဆားလေး ထည့်ဖျော်ထားသည်။

ဒေါ်နွေးနွေးမှာလည်း သောက်ကောင်းကောင်းနှင့် သောက်ချလိုက်မိရာ အရှိန်မသတ်နိုင်ဘဲ တစ်ဗူးကုန်သွားသည်။

နောက်မှ သတိရသည်မှာ သူမက ဆီးချိုရောဂါသည်...ဆီးမထိန်းနိုင်။

"ဆရာရယ်...တကယ်တော့ ကိုမောင်အေးက ကျွန်မကို တကယ်ချစ်တာပါ၊ အနှောင့်အယှက် တစ်ခုခု ရှိလို့သာ..."

ဘုန်းကြီးကျောင်းမှာ ထွန်းလင်းဆွဲထား၍ ကိုမောင်အေး ကြာနေသည်ထင်ကာ...ဒေါ်နွေးနွေးက ထွန်းလင်းဘာ မျက်စောင်းကြီးခဲရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီအနှောင့်အယှက်ကို ဆရာ့ပညာစွမ်းနဲ့...အဲ.."

ပြော၍ကောင်းဆဲ...လင်ချစ်ဆေးမှာ တန်ခိုးပြလာသည်။

ဒေါ်နွေးနွေး တွန့်လိမ်နေမိသည်။ စကားကလည်း မပြတ်သေး..၊ ဆရာဇော့်ကို ပြောသလိုလိုနှင့် ထွန်းလင်းကိုလည်း ချဲချင်သေးသည်လေ။

"ဒီမိန်းမ စကားပြောတာ လိမ်တွန့်နေတာပဲ၊ ဒါကြောင့် သူ့ယောကျ်ား အိမ်မကပ်တာနေမှာ..."

ဆရာဇော် မျက်စိစပါးမွေး စူးလာသဖြင့် မော်စီကို ကပ်ပြောလိုက်မိသည်။

"အဲ့ဒီအနှောင့်အယှက်ကို ဆရာ့ပညာစွမ်းနဲ့ အသေပဲဖြစ်ဖြစ် အရှင်ပဲဖြစ်ဖြစ် လုပ်ပေးစမ်းပါ ဆရာရယ်၊ ကျွန်မ ကျေးဇူး မမေ့ပါဘူး"

"ကျေးဇူးဆိုတာ ကြိုတင်တတ်ရတယ်၊ ဒါမှ ပညာက ပိုစွမ်းတာ"

မော်စီက ခေါင်းလေးမော့ကာ စကားခေါ်သည်။

"ဩော်...ဟုတ်ပါရဲ့ မေ့နေလိုက်တာ..၊ ကျွန်မ ကြိုပြီး လာဘ်တင်ခဲ့မယ်နော် ဆရာ"

မော်စီ ပြုံးသွားသည်။ ဒေါ်နွေးနွေး ခါးကို တွန့်လိမ်ကျစ်ထားရင်းက ပိုက်ဆံအိတ် ဖွင့်သည်။ အစိမ်းရောင် စက္ကူတစ်ထပ်ကို ထုတ်သည်။ ဆရာဇော့်ရှေ့ လက်နှစ်ဖက်နှင့် ကမ်းပေးသည်။ ဆရာဇော် လက်လှမ်းရန်ပြင်လျှင် မျက်စောင်းကြီးရွယ်ရင်း မော်စီ လှမ်းယူသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နွေးနွေးမှာ ပိုက်ဆံကို တော်တော်နှင့် မလွှတ်..။ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။ မော်စီ မျက်လုံးပြူးသွား၏။

"အစ်ကို...လုပ်ပါဦး၊ နတ်ပူးတာလား!..အပမှီတာလား! မသိဘူး"

ဆရာဖော် ဘာလုပ်ရမှန်းမသိ။ ရေအိုးစင်မှ ရေတစ်ခွက်ထည့်ကာ လှမ်းပက်လိုက်သည်။

ထိုအခါကျမှ ဒေါ်နွေးနွေးမှာ ငြိမ်ကျသွားသည်။ အားလုံးမှာ ဆရာဖော့်ပညာစွမ်းကို ဩချယူရတော့သည်။ မော်စီကိုယ်တိုင်ပင် ကိုယ့်အစ်ကို့ကို အထင်မကြီးစဖူး ကြီးသွားမိသည်။

"ကျေးဇူးတင်ပါတယ် ဆရာရယ်"

မျက်နှာမှ ရေစက်များကို သပ်ချရင်း ဒေါ်နွေးနွေး ပြောသည်။

"ခုနက ဘာဖြစ်တာလဲဟင်!"

မော်စီ တီးတိုးမေးသည်။

ဒေါ်နွေးနွေး ရှက်ပြုံးပြုံးရင်း...

"ဟို..ကျွန်မမှာ ဆီးချိုရောဂါ ရှိလို့ပါ"

ဒေါ်နွေးနွေး အပေါ်တစ်ပိုင်းလုံး ရေနှင့် ဆရာဖော် ပက်ထားတာကြောင့် ရွှဲရွှဲစိုနေသည်။

"သွားပါဦးမယ်နော် ဆရာ"

နှုတ်ဆက်ရင်း ဒေါ်နွေးနွေး ထရပ်သည်။ ဆရာဖော်နှင့် မော်စီ မျက်လုံးပြူးသွားသည်။ ဒေါ်နွေးနွေးမှာ အပေါ်ပိုင်း ရွှဲရွှဲစို



www.burmeseclassic.com

www.burmeseclassic.com



နေရုံသာမဟုတ်။ အောက်ပိုင်းမှာလည်း ရွှဲရွှဲစိုနေသည်။

"ဟာ..ဒါက ဘယ်လိုဖြစ်တာလဲ!"

"အစ်ကို့လင်ချစ်ဆေးကြောင့် ဖြစ်မှာပေါ့၊ တစ်ဗူးလုံး သောက်သွားတာကို"

"သြော်...ဒါကြောင့် သူ့မှာ ဆီးချိုရောဂါ ရှိတယ်လို့ ဝန်ခံသွားတာပဲ၊ အနံ့ကလည်း ပြင်းပါ့၊ ဒညင်းသီးနံ့ကို လှိုင်နေတာပဲ"

"အစ်ကိုက အနံ့ခံလည်း တော်တော်ကောင်းတယ်နော်"

ဆရာဇော် မော်စီကို အံကြိတ်ပြသည်။

"ကဲ...နောက်တစ်ယောက်"

ဆရာဇော် မျက်လုံးဖြင့် ရှာဖွေဆဲ ဒေါ်သဲသဲက မော်စီနှင့် အကြည့်ချင်းဆုံရန် ကြိုးစားပြီး ပိုက်ဆံအိတ်ကလေးကို မသိမသာ ကလေး ယပ်ခတ်ဟန်ပြုသည်။

ဒေါ်သဲသဲရဲ့ ပိုက်ဆံအိတ်မှာ ဖောင်းလှသည်။ ငွေစက္ကူတွေ အထပ်လိုက်ထည့်ထား၍မဟုတ်ချေ။ စာရွက်တွေ ခေါက်ထည့်ထားသောကြောင့်ဖြစ်သည်။

"ဟိုအစ်မ...အရှေ့လာခဲ့လေ၊ ဆရာခေါ်နေတယ်"

ဆရာဇော် ရှာနေသည်ကို စိတ်မရှည်တော့သဖြင့် မော်စီ ကပင် ဝင်ပြောသည်။ ဒီတော့မှ ဆရာဇော် ကမန်းကတန်း ခေါင်းညိတ်၍ ခေါ်ရသည်။ ဆရာဇော် ခေါင်းညိတ်လိုက်ချိန်တွင် ဒေါ်သဲသဲက သူ့ရှေ့ရောက်နေပြီဖြစ်သည်။

"ဆ..ဆရာ..ကျွန်မကတော့..ဟို..ဒါလေး လိုချင်လို့"

ဒေါ်သဲသဲ အထာလေးနှင့် လက်သုံးချောင်း ထောင်ပြ



www.burmeseclassic.com

www.burmeseclassic.com


သည်။ ဆရာဇော် မရှင်း..။ မော်စီလည်း မျက်မှောင်ကုတ်ကာ စဉ်းစားဆဲ။

"ဩော်...ဆရာ့ကို သုံးမိနစ်ပဲစောင့်...တဲ့"

ထွန်းလင်း ဝင်ဖောက်ပြန်သည်။

"သေနာ...နင့်ပါးစပ်ကို ပိတ်ထား၊ ငါမပြန်မချင်း အပြီးပိတ်ထား၊ ဖွင့်တာနဲ့ ငရုတ်ကျည်ပွေ့နဲ့ ဆို့ထားမယ်"

ဒေါ်သဲသဲ ပွဲကြမ်းသည်။ ဒေါ်သဲသဲရဲ့ စကားလုံးများကြောင့် ဆရာဇော် တွန့်သွားသည်။ လူပျိုသိုးကြီးပီပီ နှုတ်အာကြမ်းကြမ်း မိန်းမဆိုးကြီးများဆိုလျှင် ဆရာဇော် ကြောက်သည်လေ...။

"အစ်မ...အစ်မ မေးချင်တာက ဘာလဲ"

မော်စီ တိုးတိုးကပ်မေးသည်။

"ဩော်...အခု လတစ်ဝက်ကျိုးခါနီးပြီ မဟုတ်လား"

"အင်း...အဲဒီတော့"

မော်စီ သဘောမပေါက်သေး။

"ဟိုလေ...ဆရာ့ဆီမှာ ဂဏန်းလေးဘာလေး"

ဆရာဇော် မျက်နှာရှုံ့မဲ့သွားသည်။

"ဂဏန်းလိုချင် ကွင်းထဲဆင်းပေါ့ဗျ၊ ကျုပ်ဆီမှာ မရှိပေါင်၊ ပြီးတော့ ကျုပ်က တွင်းအောင်းသား မစားဘူး"

"ဟုတ်တယ်...အစ်ကိုက မီးယပ်ရောဂါ ရှိတယ်လေ"

"တယ်...ဒီကောင်မလေး"

ဆရာဇော် ရှက်ရှက်နှင့် မော်စီကို ဖနောင့်နှင့် ပေါက်ဟန်


www.burmeseclassic.com

www.burmeseclassic.com



ရှယ်လိုက်သဖြင့် ခြေထောက်ကြွသွားသည်။

"ဟယ်!!"

ဒေါ်သဲသဲ အာမေဋိတ်သံနှင့်အတူ မျက်လုံးများ ပြူးသွားသည်။ အင်္ဂလိပ်အချက်..ဗမာအခေါ်ဆိုလား...။

ဒေါ်သဲသဲ မြင်လိုက်တာမှ ကွင်းကွင်းကွက်ကွက် ရှင်းရှင်းလင်းလင်း။

"အို...ကျေးစူးတင်လိုက်တာ ဆရာရယ်၊ အတိတ်စိမ်းပေးတာ ရှင်းလိုက်တာ"

ဒေါ်သဲသဲ ဝမ်းသာအားရနှင့် ပိုက်ဆံများ ဆရာ့ဇော်လက်ထဲ ကပျာကယာ ထည့်သည်။

ပြီးနောက် ကဆုန်ပေါက် ပြေးလေပြီ။ ပါးစပ်မှလည်း တတွတ်တွတ် ရွတ်သွားသည်။

"သုညနှစ်လုံးကတော့ ပြူးနေတာ..အဲ..ရှင်းနေတာပဲ၊ နေဦး..တစ်..ဟုတ်တယ်၊ တစ်က အလယ်ထိုင်လား ဘေးမှာလား၊ အို...အလယ်ထိုင်ပဲ ဖြစ်မှာပါ၊ သုည..တစ်..သုည..ဟုတ်ပြီ၊ ပေါက်လို့ကတော့ ဆရာဇော့်ကို ရွှေကွပ်ပေးလိုက်ဦးမှာ၊ လက်ညှိုးကို ပြောပါတယ်..."

တတွတ်တွတ်ရွတ်ရင်း တွက်ရင်း ကဆုန်ပေါက် ပြေးချသွားလေသော ဒေါ်သဲသဲရဲ့နောက်ကျောကို ကြည့်ပြီး ဆရာဇော်နှင့် မော်စီမှာ ကြောင်စီစီနှင့် ကျန်ရစ်ခဲ့ရသည်။

"ကဲ...ဒီတစ်ခါတော့..."

"ကိုမောင်လု"



www.burmeseclassic.com

www.burmeseclassic.com



မော်စီက ဆရာဇော်ကို တီးတိုးသတိပေးသည်။

ဆရာဇော်က လှမ်းမခေါ်။

ကိုမောင်လှကို လက်ညှိုးနှင့်ထိုးရင်းက...

"ညက အမိနာသရဲမ ဝင်နှောက်သွားပြီနဲ့တူတယ်... ဟုတ်လား!"

"ဗျာ!!..."

ကိုမောင်လှမှာ အံ့အားကြီးသင့်လျက်...

"မှန်...မှန်လိုက်တာ ဆရာရယ်"

"မှန်ဆို ညကပဲ လောရှည်နဲ့ကုလားပုကို လွှတ်လိုက်တာပဲ ဟာ..."

မော်စီက သွားစေ့သံနဲ့ ပြောသည်။ ဆရာဇော် အံ့ကြိတ်ပြ၏။

အမိနာ သရဲမဆိုတာ ဆရာဇော်တို့ စီစဉ်ထားသော အကွက်တွေပင်ဖြစ်သည်ဆိုတာ မည်သူမှ သိနိုင်မည်မဟုတ်ပေ။

"ကဲ...လာ...ရှေ့တိုး၊ နင့်မိန်းမက ကိုယ်ဝန်ကြည်နဲ့ မဟုတ်လား"

"ဟာ..ကိုဝင်းကြည်နဲ့ မဟုတ်ပါဘူး ဆရာ၊ ကျွန်တော် မောင်လှနဲ့ပါ"

ကိုမောင်လှက ကပျာကယာ ငြင်းသည်။

"အစ်ကိုလည်း ကြားကားဆွဲထားသေးတယ် မဟုတ်လား"

မော်စီ ကြိတ်မာန်သည်။ မသန်းအေး အပျိုသိန်းက ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဇော်လည်း သမာဓိကြိုတ်ပိုး ပိုးခဲ့ဖူးတာ မော်စီ အသိဆုံး မဟုတ်လား...။

"တယ်...ဒီကောင်မလေး"

မော်စီ့ကို သွားစေလျက် ပြန်မာန်ရင်းက ကိုမောင်လှဘက် လှည့်ကာ စကားဆက်ရသည်။

"နှင့်မိန်းမက ကိုယ်ဝန်ကြီးနဲ့ဆိုတော့ လိပ်ပြာငယ်နေတယ်လေ၊ အဲဒါ အမိနာသရဲမက ဝင်ကပ်ပြီး စားချင်လို့လာတာ"

"အံမယ်လေး ဆရာရယ်၊ ဒါဆို ကျွန်တော့်မိန်းမကို ကယ်ပါဦး၊ နောက်ထပ်မလာအောင် ဆရာ့ပညာနဲ့ တားပေးပါ"

"သေတ္တာထဲ ထည့်သိမ်းထားလိုက်ရင် ပြီးတာပဲ"

"တယ်...ဒီကောင်မလေး"

ဆရာဇော် မော်စီ့ကို လှမ်းမာန်ရပြန်သည်။

"ကဲ...သေတ္တာထဲထည့်..အဲ..ဟုတ်ပါဘူး၊ ဒီသရဲမကို ခေါ်စာပစ်ရမယ်"

ဆရာဇော့်စကားဆုံးတာနှင့် မော်စီက ကိုမောင်လှရှေ့ လက်ဝါးဖြန့်သည်။

"အဲ့ဒီမှာ ခေါ်စာထည့်..အဲ..ခေါ်စာဖိုးပေးခဲ့၊ အမဲသားစိမ်းနဲ့မုန့်နဲ့ ပစ်ရမှာ၊ မော်စီ လုပ်ပေးလိုက်...ကြားလား"

"ဟုတ်...အမိနာ သရဲမက အမဲသားဆို မိုးရိုသားလေးမှ ကြိုက်တာနော် အစ်ကို၊ ပြီးတော့ အစိမ်းမစားဘူး၊ နူးအိနေမှ ကြိုက်တာ၊ အံမယ်လေး...အဖြူရည်လေး..အနီရည်လေးများပါရင် ပိုတောင်ကြိုက်သေး"



www.burmeseclassic.com

www.burmeseclassic.com



"တယ်..."

ဆရာဖော် စကားစရှိသေး...

"ဒီကောင်မလေး..."

ထွန်းလင်းက ဖြည့်စွက်သည်မို့ စကားပါးစပ်ပိတ်လိုက်ရတော့သည်။

ကိုမောင်လှ အလှည့်လည်း ပြီးပြီ။

ဒီနေ့အဖို့ လှူဝင်လည်း များပြီဆိုတော့ အစိမ်းခေါက်ကလေးများကိုင်ကာ မော်စီတစ်ယောက် ပြုံးပန်းလှလှ ပွင့်နိုင်လေပြီ။

"ကဲ...ဘယ်သူကျန်သေးလဲ"

မော်စီ အသံပြုသည်။

"ကျွန်..ကျွန်တော်..."

အသံပြာကြီးနှင့် ပြုံးဖြဲဖြဲကြီးလုပ်ကာ ထွန်းလင်း ရှေ့တိုးလာသည်။ မော်စီတစ်ယောက် မျက်မှောင်ကြုတ်ကြည့်သည်။

ထွန်းလင်း အစိမ်းခေါက်လေးတစ်ခုကို မော်စီ့လက်ထဲအထာလေးနှင့် ထည့်လိုက်သည်။

တကယ်ဆို ဘာမှထည့်စရာမလို။ မေးမည့်သူက သူတစ်ယောက်သာ ကျန်တော့တာ...။

ကြုတ်ထားသော မော်စီ မျက်မှောင်ကလေး ပြေကျသွားသည်။ လက်ထဲမှ အခေါက်ကလေးကို အသာကလေး ဟကြည့်လိုက်သည်။ အစိမ်းတော့ အစိမ်းပင်..။ ဒါပေမယ့် ငွေစက္ကူတော့မဟုတ်။ ဘောင်ချာစာရွက်...။

"သေနာ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုဘောင်ချာစာရွက်ခေါက်နှင့် ထွန်းလင်းရဲ့ပြောင်ဝင်းနေသော နဖူးတည့်တည့်ကို ပစ်လိုက်သည်။

"အဟမ်း..."

ဆရာဇော် ချောင်းဟန့်သည်။ သည်ငတိ ကိုယ့်နမကို ကြိတ်ကြံနေတာ သိသည်။

"ကဲ...ထွန်းလင်း ဘာကိစ္စလဲ ခပ်မြန်မြန်ပြော၊ ငါ ဓါတ်ခန်းထဲ ဝင်ရဦးမယ်"

"ကျွန်တော်လာတာ ကျွန်တော့်ကိစ္စ မဟုတ်ပါဘူး ဆရာဇော်"

"ဘာ...ဒါဆို နင့်ကြီးတော်ကိစ္စလား"

ဆရာဇော် ငေါ့သည်။

"ကျွန်တော့်ကြီးတော်သာဆို ဆရာဇော်နဲ့ ပေးစားလိုက်တာကြာပြီ"

ဆရာဇော် မျက်နှာရှုံ့မဲ့သွားသည်။ ထွန်းလင်းကြီးတော်က သွေးဆုံးအရွယ် ရောက်နေပြီ။ ရုပ်ကလည်း အတော့်ကို ဆိုးသည်။

"ခုဟာက မိုးသားအတွက်လာတာ"

"မိုးသားလား!"

စိတ်ဝင်တစားအသံကြီးက ဆရာဇော့်ဆီက မဟုတ်..။ မော်စီဆီက ဖြစ်သည်။

ဟိန်းဝေယံနှင့် တူချင်ချင်ဖြစ်သော မိုးသားက သူ့မရင်ထဲက မင်းသားလေးတစ်ပါး၊ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကြီးများ အရောင်တောက်လာသော မော်စီကို ထွန်းလင်း မျက်စောင်းကြီး ရွယ်ရင်း...

"အေး...နင့်မိုးသား သရဲမကို ခိုးပြေးလာလို့"

"ဘာ!!"

ဒီတစ်ခါ ထိတ်ထိတ်လန့်လန့် တအံ့တသြအသံကတော့ ဆရာဇော်နှင့် မော်စီ မောင်နှမနှစ်ယောက်လုံးဆီက။

"မိုးသားက သရဲမကို ခိုးပြေးလာတယ် ဟုတ်လား..၊ မိုးသား ရူးများနေသလားကွာ၊ ကြိုက်စရာ ရှားလွန်းလို့ သရဲမကိုမှ ရွေးကြိုက်ရသလား"

ဆရာဇော် တအံ့တသြ ဆိုသည်။

"အာ...သရဲမကိုတော့ ဘယ်သူက ရွေးကြိုက်မှာလဲဗျ..၊ သူ့မိန်းမက သရဲမဖြစ်နေတာ မသိလို့ ဖြစ်မှာပေါ့"

"ဟေ...သူတောင်မသိတဲ့ကိစ္စ မင်းက ဘယ့်နှယ့်လုပ် သိနေရတာလဲ"

"မိုးသားရှေ့မှာတော့ ချောချောလှလှ လူယောင်ဆောင်ထားမှာပေါ့၊ သရဲမမှန်းသိတာက ကိုဘမောင်နဲ့ ကိုမောင်အေး"

ခုနက သူ့မိန်းမကို တွေ့လိုက်တော့ ရှောင်နေလိုက်သည့် ကိုမောင်အေး..ခုတော့ ဘယ်ကဘယ်လို ပြန်ရောက်လာသည်မသိ။

"ကဲ...ကိုဘမောင်နဲ့ ကိုမောင်အေး ပြောပြလိုက်လေဗျာ"

ကိုဘမောင်နှင့်ကိုမောင်အေး ဆရာဇော့်ရှေ့တိုးလာသည်။ နှစ်ယောက်သား ဖြစ်ကြောင်းကုန်စင်ကို စုံစုံစေ့စေ့ အသေးစိတ် ပြောပြကြသည်မှာ အပြိုင်အဆိုင်။



www.burmeseclassic.com

www.burmeseclassic.com



အမိနာသသရဲမလောက်သော ထင်ရှားသောရွာမှာ နောက်ထပ်သရဲမတစ်ကောင် ရောက်လာတာ သူ မသိလိုက်ရခြင်းအတွက် ဆရာဇော် ကိုယ့်ကိုယ်ကို သိမ်ငယ်သွားမိသည်။

ကိုဘမောင်နှင့်ကိုမောင်အေးတို့ ခြေဟန်လက်ဟန်ပါပါ ပြောပြနေပုံကိုကြည့်ကာ ဆရာဇော်မှာ ပါးစပ်အဟောင်းသား။

"ကျွန်တော့်ကို ဂုတ်ချိုးမယ်လို့ ပြောလိုက်ကတည်းက ဆရာရယ် ကျွန်တော့်ဂုတ်ဆိုတာ နာလိုက်တာ"

"ဆရာရယ်...ကျွန်တော့်မှာလည်း သူ့ခြေထောက်ကို ကိုင်လိုက်မိတဲ့လက်က ခုထိ ထုံထုံကြီး ဖြစ်နေတုန်းပဲ"

နှစ်ယောက်သား ဂုတ်ကလေးကိုင်ကာ...လက်ကလေးရှေ့တိုးပြကာနှင့် ဆရာဇော့်ကို အားကိုးတကြီး တိုင်တည်နေကြသည်။

"ဘဘုန်း ပေးလိုက်တဲ့ပစ္စည်းတွေကို လုံးဝအထားမခံဘူး" ဆရာဇော် တွေးတွေးဆဆနှင့် ပြောသည်။

"နာနာဘာဝတွေက မေတ္တာတရားနဲ့ မထိုက်တန်ဘူး၊ ဘဘုန်းကတော့ မေတ္တာတရားနဲ့ပဲ ဆက်ဆံမှာပေါ့...သံဃာတော်ကိုး"

"ဒါဆို ဆရာဇော်ကတော့ ကြမ်းမှာပေါ့...ဟုတ်လား" ထွန်းလင်း အားတက်သရော မေးသည်။

"ဟင့်...အင်း...ငါလည်း မေတ္တာတရားနဲ့ပဲ ဆက်ဆံမှာပါ"

"အင်..."

မော်စီက သူ့အစ်ကိုသတ္တိကို အသိဆုံးမို့ မျက်စောင်းထိုး

www.burmeseclassic.com

www.burmeseclassic.com



သည်။

"အခုနှစ်ပိုင်းမှာ ငါ သိပ်ကျန်းမာရေး မကောင်းတော့ဘူး လေ...ဒါကြောင့်ပါ၊ မင်းတို့ အားကိုးလွန်းလို့သာ ငါက လုပ်ပေး ရမှာ"

"အပြောမကြီးနဲ့...ကိုယ့်သတ္တိလည်း ကိုယ်သိ"

မော်စီ ကြိတ်တား၏။

ဆရာတော် မကြားယောင်ဆောင်သည်။

သူ့ကိုအထင်ကြီးထားကြသော ရွာသားတွေရှေ့မှာ မငြင်း လိုက်ချင်၊ သိက္ခာကျသည်လေ။

"အားကိုးပါတယ် ဆရာတော်ရယ်၊ ကျွန်တော် ဒီတစ်ခါ မြို့တက်ရင် ဆရာတော့်အတွက် game player လေး ဝယ်ခဲ့ပေး ဦးမယ်"

"အေး...အဟဲ...ငါလည်း ဝါသနာပါတယ်ကွ"

"အစ်ကို..."

မော်စီကြိတ်မာန်ရပြန်၏။

"ဟော...အေး...ငါ ညနေကျရင် မိုးသားအိမ် သွားကြည့် လိုက်ပါဦးမယ်ကွာ"

"ကဲ...ဒါပဲမဟုတ်လား၊ မေးမယ့်သူလည်း မရှိတော့ဘူး မဟုတ်လား...ပြန်ကြတော့၊ အစ်ကို ခါတ်ခန်းပြန်ဝင်တော့လေ၊ ကုလားပုနဲ့လောရှည်...အိမ်ပေါ် ပြန်တက်ခဲ့၊ ဟိုမိန်းမကြီး သေး ပေါက်ချသွားတာ လာဆေးချည်"

ပါးစပ်က ဖယ်ဆက်သလို ပြောရင်းဆိုရင်း အမိန့်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရင်း မော်စီ ဖျာတွေသိမ်းဖို့ပြင်သည်။ ရွာသားတွေလည်း အပေါက်ဆိုးလှသော မော်စီအကြောင်း သိထားကြသည်မို့ နောက်တစ်ခါနှင်မလွှတ်ခင် အမြန်ထကြသည်။

ဆရာတော်လည်း ဓါတ်ခန်းထဲ ပြန်ဝင်ဝိုက်ဖို့ ပြင်သည်။

"ပြန်လိုက်ပါဦးမယ်...ဆရာတော်ကြီး"

ထွန်းလင်းက တာ့တာပြရင်း အဖျားခတ်သွားသေးသည်။

"ဒီကောင်..."

ဆရာတော် ကြိမ်းဟန်ပြင်ဆဲ...

"သေနာ...ငရုတ်ကျည်ပွေ့စာမိတော့မယ်..မြန်မြန်ပြန်"

မော်စီဆီက ချိုသာနွဲ့နှောင်းလှသော နှုတ်ဆက်သံကလေးကြားရမှ ထွန်းလင်း ပြုံးဖြဲဖြဲကြီးနှင့် အိမ်အောက်ပြေးဆင်းသည်။

ညနေကျလျှင်...

ဆရာတော်နှင့် မိုးသားမိန်းမ သရဲမတို့ တွေ့ဆုံကြမည့်ပွဲကို ရွာသားများအားလုံး ရင်ခုန်နေကြသည်။

ဆရာတော်ကိုယ်တိုင်လည်း ရင်ခုန်နေသည်လေ။

(တကယ်တော့...သူ တစ်ခါမှ 'သရဲ' မတွေ့ဖူးဘူး မဟုတ်သား...)

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

"မဖြစ်ပါဘူး အစ်ကိုရယ်"

မော်စီ အစ်ကို့ကို ချော့ကာ တား၏။

"မဖြစ်မှန်းတော့ သိတာပေါ့ ငါ့ညီမရယ်..၊ အစ်ကိုလည်း သရဲ ဆိုတာကို မြင်ဖူးချင်လို့ပါ"

"ဟိုက အစ်ကို့ကို ဘိုးတော်မှန်းသိပြီး ပညာပြိုင်မယ်ဆို ရင် ဘယ်လိုလုပ်မလဲ"

"ဟင်း...ဒင်းက ပညာပြိုင်မယ်ဆိုရင်လား"

ဆရာဇော် လက်သီးလက်မောင်းတန်းလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက မေတ္တာရှေ့ထားပြီး တောင်းပန်လိုက်မှာပေါ့"

"တော်ပါ အစ်ကိုရယ်"

မော်စီ အစ်ကို့ကို ပြောမရသည်မို့ စိတ်ပျက်လာမိသည်။

"မရှိတဲ့ အမိနာသရဲမကို နိုင်တယ်ဆိုရုံနဲ့တင်...အစ်ကို့သိက္ခာက ဒီရွာမှာ တက်နေပါပြီ၊ တကယ်ရှိတဲ့ သရဲမကို အညှံခံလိုက်ရတယ်ဆိုမှ မရှိမဲ့ရှိမဲ့ အစ်ကို့သိက္ခာတွေ ရေစုန်မျောမှာ.."

"ဘာပဲဖြစ်ဖြစ် ညီမရယ်...မတားနဲ့တော့၊ အစ်ကို ဆုံးဖြတ်ပြီးသွားပြီ၊ အစ်ကို အမြဲတမ်း ငါ့ညီမစကားကို မြေဝယ်မကျနားထောင်ခဲ့တာပဲ၊ ဒီဘိုးတော်အလုပ်ကိုလည်း အစ်ကိုမလုပ်ချင်ပေမယ့် စားပေါက်ချောင်တယ်ဆိုလို့ ငါ့ညီမစကား နားထောင်ပြီးအစ်ကိုလုပ်ပေးခဲ့တာပဲ၊ ဒီအလုပ်နဲ့ ငါ့ညီမ ဒီအရွယ်ရောက်တဲ့အထိအစ်ကိုလုပ်ကျွေးခဲ့တာလေ၊ ဒီတစ်ခါတော့ အစ်ကို့စိတ်နဲ့အစ်ကိုလုပ်ပါရစေကွယ်...မတားနဲ့တော့ ငါ့ညီမ"

မော်စီ သက်ပြင်းရှိုက်မိသည်။

"စိတ်ပူလို့ တားတာပါ အစ်ကိုရယ်"

အစ်ကိုဖြစ်သူမှာ ငယ်စဉ်ကထဲက ရှူးတူးပေါတော...သူမကပဲ အမြဲဦးဆောင်ခဲ့ရသည်။ စိတ်လွတ်လျှင်လည်း တဇွတ်ထိုး တားမရတော့ပြီဆိုတာ မော်စီ သိလိုက်ပြီမို့...

"ကဲ...ဒါဆိုလည်း ညီမ ကြိုပြီးအမျှဝေထားနှင့်မယ် အစ်ကိုရေ၊ အမျှ...အမျှ...အမျှ"

"ဟယ်...ဒီကောင်မလေး၊ နိမိတ်မရှိ နမာမရှိ၊ ငါ့နှယ်...ကြက်သီးတောင်ထတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဇော် အမှန်ပင် ကြက်သီးတွေ တဖြန်းဖြန်း ထသွားရသည်။

"ဟိုနှစ်ကောင်...ငါနဲ့ လိုက်ဖို့ပြင်ထား"

လောရှည်နှင့်ကုလားပု တိုင်ပတ်ပြေးဖို့ ပြင်သည်။

"ဆရာ...ကျွန်တော်က သရဲ မတွေ့ချင်ဘူးလေ"

"ဆရာ ကျွန်တော်လည်း ဒီနေ့ နေမကောင်းဘူး၊ နှာနည်းနည်း စေးနေတယ်"

လောရှည်နှင့်ကုလားပု အကြံထုတ်ပြီ။

"မရဘူး...အကြောင်းရှိလို့ ခေါ်တာ၊ လိုက်ကိုလိုက်ရမယ်"

ဆရာဇော် ဗီတိုအာဏာသုံးပြီ။

"ဟုတ်တယ်...အကြောင်းရှိတယ်၊ ဟိုရောက်လို့ သရဲမလိပ်ပြာနှုတ်လိုက်ရင် နင်တို့ ငါ့အစ်ကို,ကို ထမ်းပြီးပြန်လာခဲ့ကြ"

"တယ်..."

ဆရာဇော် မော်စီရှေ့က ခပ်သွက်သွက် ထွက်သွားဖို့ပြင်သည်။

ကြာရှည်ဆက်နေလို့မဖြစ်တော့...မော်စီ နှုတ်ထွက်စကားလုံးတွေက ပြင်းထန်လာပြီလေ။

ဆရာတပည့်သုံးယောက်သား လှေတစ်စင်းနှင့်ထွက်လာခဲ့ကြသည်။ ထွက်သာထွက်လာခဲ့ကြသည်...တစ်ယောက်မှ သတ္တိမကောင်း...။

သူ ဘာဖြစ်လို့ ဒီလောက်တောင် မိုးသားအိမ် သွားချင်ရပါလိမ့်ဟု လှေပေါ်မှာ ပြန်စဉ်းစားနေမိသည်။ အဖြေမရ...။



www.burmeseclassic.com

www.burmeseclassic.com



"ကုလားပု...ငါ ဘာဖြစ်လို့ မိုးသားအိမ် ဒီလောက်သွားချင်နေရတာလဲ...ပြောစမ်း"

"ဆရာပဲ သရဲမကို မြင်ဖူးချင်လို့ဆို"

"အခု မမြင်ဖူးချင်တော့ဘူး"

"ရွာသားတွေရှေ့မှာ သိက္ခာကျမှာစိုးလို့ဆို"

"ဒါလည်း ပုစရာ မဟုတ်ပါဘူး၊ ငါ့ညီမ မော်စီ ဖြေရှင်းတတ်ပါတယ်"

"ဆရာ...ဒါဆို"

ကုလားပု တွေးတွေးဆဆနှင့် ဆရာဇော့်မျက်နှာကို မျက်မှောင်ကြီးကြုတ်ပြီး ကြည့်ကာ...

"ဟို..ဟို..သရဲမက ဆရာဇော် လာချင်အောင် စိတ်ညို့နေလို့များလား"

"ဘုရား"

ဆရာဇော်သည် အလန့်တကြား ဘုရားတကာ ထခုန်သည်။

လှေပင် လူးသွားရသည်။

"ဟုတ်မယ်...ဒါ ဖြစ်နိုင်တယ်၊ ဒါကြောင့် ငါ့ညီမက တားတာ၊ ဒီကောင်မလေးက သိပ်နှုတ်စိးတာ၊ ငါ့ကို လိပ်ပြာလုလို့ သူညို့နေ တာ ဖြစ်မှာ၊ ငါ့ညီမ တားရင် မလုပ်တာ အကောင်းဆုံးပဲ၊ ငါ့ညီမစကားကို ငါ တစ်ခါမှမလွန်ဆန်ဖူးဘူး..၊ ဒီတစ်ခါ အလန်ကဆန် လုပ်ခဲ့မိတာ ဟိုသရဲမ အတင်းညို့နေလို့ပဲ ဖြစ်ရမယ်၊ ငါ..ငါတို့ ပြန်ရင်ကောင်းမယ် ထင်တယ်နော် ကုလားပု"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဇော် မျက်စိပျက် မျက်နှာပျက်နှင့် ကုလားပုကို တိုင်တည်သည်။

ကုလားပု ဝမ်းသာအားရနှင့်...

"ထင်တယ်ဆိုတာထက် လက်တွေ့ပြင်ဆင်တာက ပိုမကောင်းဘူးလား ဆရာဇော်ရယ်၊ အချိန်တွေ အလဟဿဖြစ်ပါတယ်"

"အေး..အေး..ဟုတ်တယ်..လောရှည်၊ ပြန်ကြမယ်"

"ဟုတ်...ဆရာဇော်"

လောရှည်လည်း ဝမ်းသာအားရနှင့် ကြိုးအလျော် လျော်တက်မှာ ရေထဲပြုတ်ကျသွားရသည်။

လောရှည် မျက်လုံးပြူးကာ ကြောင်နေသည်။

"လှော်ပါဟ လောရှည်ရ"

"ကျွန်..ကျွန်တော် ဘာနဲ့လှော်ရမှာလဲ!"

အူကြောင်ကြောင်နိုင်လှသော အမေးကြောင့် ဆရာဇော် ကြည့်လိုက်လျှင် လောရှည်လက်ထဲမှာ ဗလာ။

"မင်းလှော်တက် ဘယ်ရောက်သွားပြီလဲ လောရှည်!"

"ခု..ခုနက ကျွန်တော့်လက်ကို တစ်ယောက်ယောက် ပုတ်ချလိုက်တယ်"

"ဟင်!!..."

ဆရာဇော် မျက်လုံးအကြီးအကျယ် ပြူးသွားရသည်။

သုံးယောက်သား လှော်တက်မရှိတော့သော လှေထက် ဆီးစေ့လောက်သာရှိတော့သော မျက်နှာကလေးများနှင့် ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



၍ ဘာကိုင်ရတော့မှန်းမသိ ဖြစ်နေကြဆဲ...

လှေမှာ ကြိုးနှင့် ဆွဲလိုက်သလို ရှေ့သို့ ရွေ့ရွေ့သွားတာ သတိပြုလိုက်မိသည်။

"လှေ..လှေက ရွေ့နေသလိုပဲ ဆရာ"

ကုလားပုက လည်ချောင်းထဲမှ တွန်းကန်ထွက်လာသော အသံကလေးနှင့် ဆရာတော်ကို အသိပေးသည်။

"အေး...ငါသိတယ်"

တပည့်နှစ်ယောက်ရှေ့ ဟန်ကိုယ်ဖို့သာ လုပ်နေရသော်လည်း ဆရာတော်ကိုယ်တိုင် မျက်နှာမကောင်းတော့။

"ဘယ်လိုလုပ်မှာလဲဟင် ဆရာတော်"

လောရှည်ကလည်း အားကိုးတကြီး မေးသည်။

"အေး...ငါ စဉ်းစားနေပါတယ်ကွ"

ဆရာတော် မာန်တင်းထားရပြန်သည်။

"ဆရာ...ကျွန်တော့်စိတ်ထင် ဟိုသရဲမ...မိုးသားမိန်းမ သရဲမ လုပ်နေတာလား မသိဘူးနော်"

ကုလားပုကို ရှေ့ဆက်မပြောရန် ဆရာတော် လက်ကာ တားလိုက်သည်။

သို့သော်...နောက်ကျသွားခဲ့ပြီ။

လှေမှာ ရုတ်တရက် ဝဲလည်လှည့်သွားသည်။

သုံးယောက်သား ခေါင်းကိုပုကာ အသံကုန် အော်ကြတော့သည်။

"အံမယ်လေး...ကျွန်တော် မပါ,ပါဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားသခင်...ကယ်တော်မူပါ"

"အား...လုပ်...လုပ်ကြပါဦး"

လှေမှာ တစ်ပတ်လည်သွားသည်။

လောရှည်နောက်မှာ အရိပ်တစ်ခုခုက ရေထဲမှ တိုးထွက်လာသလို တစစပေါ်လာသည်။ စိုနေသောဆံပင်များဆီမှ ရေစက်များ တတောက်တောက်ကျလျက်။

မျက်ကွင်းကြီးများ ညိုမည်းကာ ဟောက်ပက်ပက်။ မျက်လုံးကြီးများမှာ မီးစများလို ရဲတောက်ထိန်ညီးနေသည်။

ဆရာဇော်နှင့် ကုလားပုမှာ မျက်နှာချင်းဆိုင်မို့ ကြက်သေ သေနေမိကြသည်။ မျက်လုံးကြီးများပြူးကာ တောင့်တောင့်ကြီးတွေ ဖြစ်နေမိသည်။

လောရှည်ကတော့ ကျောပေးထားသည်မို့ ဘာမှမသိ။

ဆရာဇော်နှင့်ကုလားပုကို အူကြောင်ကြောင် ကြည့်ကာ...

"ဆရာဇော်...ဘာဖြစ်နေတာလဲဟင်"

ဆရာဇော် ဘယ်လိုပြန်ဖြေရမလဲမသိ။

တည့်တိုးကြီးလည်း မပြောရဲ။

မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ် လုပ်ကာ...

"လောရှည်...မကြောက်နဲ့နော် ငါ့တပည့်"

ကိုယ်တိုင်ကတော့ အသံတုန်နေသည်။

"မင်းရဲ့နောက်မှာလေ..."

ဆရာဇော် ရှေ့မဆက်ရဲတော့။

လောရှည် ကျောပြင်တလျှောက် ကြက်သီးများတဖြန်း



www.burmeseclassic.com

www.burmeseclassic.com


ဖြန်း စုန်ဆန်ထ,သွားသည်။

သူ သိလိုက်ပြီ။

လှည့်တော့ မကြည့်ရဲ။ သို့သော် ကျောမှာ ယားကျိကျိဖြစ်လာသည်။ (ကိုယ့်နောက်ကျောမှာ သရဲရောက်နေသည်ဆိုသော ခံစားသိက သရဲနှင့် မျက်နှာချင်းဆိုင် တွေ့လိုက်ရခြင်းထက် ပိုချောက်ချားစရာ ကောင်းလှပါသည်။)

"ဟိုဟာလားဟင်...ဆရာ"

လောရှည် သေချာအောင် မရဲတရဲ မေးလိုက်သည်။

ဆရာဇော် သရဲမကို မဝံ့မရဲ ကြည့်နေရင်းမှ မသိမသာ ကလေး ခေါင်းညိတ်ပြလိုက်သည်။

"ဆရာဇော်...နာနာဘာဝလားဟင်!"

လောရှည် သေချာသထက် သေချာအောင် ထပ်လေရှည် မိပြန်သည်။

"အင်း...ဟုတ်တယ်"

ဒီတစ်ခါ ဆရာဇော် ပြန်ဖြေတာမဟုတ်။

အသံက မိန်းမအသံ။ ခြောက်ကပ်အေးစက်၍နေသော အသံ။ ပြီးတော့ သူ့ကျောပြင်နောက်မှ ထွက်လာသောအသံ။

"ကြောက်..ကြောက်စရာကြီးလားဟင်!"

"ဟုတ်တယ်...ကြောက်စရာကြီး"

"ဘယ်..ဘယ်လိုကြီးလဲ!"

"မျက်လုံးတွေက မီးတောက်တွေလို နီရဲနေတာပဲ"

"အံမယ်လေး"


www.burmeseclassic.com

www.burmeseclassic.com



လောရှည် အလန့်တကြား ထ,အော်၏။

ပြီးတော့ ထပ်လျှာမရှည်ဘဲလည်း မနေနိုင်ပြန်။

"ပြီး..ပြီးတော့ရော"

"မျက်ကွင်းကြီးက မည်းနက်နေတာပဲ"

"ဟုတ်..ဟုတ်လား..ပြီး..ပြီးတော့ရော"

"သေချာသိချင်ရင် လှည့်ကြည့်လိုက်လေ"

"ဟင့်အင်း...ဟင့်အင်း"

အဲ့လိုဆိုတော့လည်း လောရှည် ခါးခါးသီးသီး ငြင်း၏။

လောရှည် ဆက်လျှာမရှည်ရဲတော့။

နောက်ကျောမှ အသံလည်း တိတ်ဆိတ်သွားပြီ။

တိတ်ဆိတ်ဆို ရုတ်ချည်း ပျောက်ကွယ်သွားခြင်းပင်။

ဆန်းကြယ်လိုက်တာဟု ဆရာဇော် ချောက်ချောက်ခြား ခြားတွေးမိ၏။

ဆန်းကြယ်သည်မှာ ဆရာဇော်တစ်ယောက်ထဲ မဟုတ်.. မိုးသားအတွက်လည်း အရမ်းကိုဆန်းကြယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ညှို့သည်လာလိမ့်မယ် ထင်ပါရဲ့"

အရိုင်ကလေးက ချောင်းရေပြင်ကို လှမ်းငေးရင်းပြော လျှင် သူ ပြုံးရုံသာပြုံးမိသည်။ ရွာစွန်ရွာများမှာ နေသည်မို့ အရိုင် ကလေးမှာ ပျင်းရှာသည် ထင်ပါရဲ့။

"ဒီတစ်ခါ ညှို့သည်လာရင်တော့ မပုန်းတော့ပါဘူး မိုး ရယ်"

"ဘယ်လို...အရိုပ်၊ အရိုပ်ပဲ အရိုပ်ဒီမှာရှိတာ လူတွေမသိ စေချင်ပါဘူးဆို"

သူ အရမ်းကို အံ့ဩဆန်းကြယ်သွားတော့...အရိုပ်က မသက်မသာလေး ပြုံးရှာသည်။

"တစ်ရွာလုံးလည်း သိနေကြပါပြီ မိုးရယ်"

အရိုပ်ကလေးအသံက ကြေကွဲသံ စွက်နေသည်။

www.burmeseclassic.com



အမြဲလိုပင် အရိပ်မှာ နွမ်းလျအားငယ်လို့နေတတ်သည်။

"နှင်မထုတ်စေရပါဘူး အရိပ်ရယ်၊ ဘာကိုမှတွေးကြောက်မနေနဲ့…ကိုယ်တို့ရွာသားတွေက သဘောကောင်းကြပါတယ်၊ ဒီရွာမှာ အရိပ်ကို အန္တရာယ်ပေးမယ့်သူ တစ်ယောက်မှမရှိပါဘူး"

အရိပ်ကလေး နွမ်းယဲ့စွာ ပြုံးသည်။

"ဟုတ်ပါပြီလေ…ဒီနေ့အဖို့ ဧည့်သည်လာရင်ကောင်းမယ်၊ အရိပ် ညစာချက်ကျွေးချင်လို့၊ ပျော်ပျော်ပါးပါး ဝိုင်းဖွဲ့စားရအောင်"

"ကောင်းတာပေါ့…ကိုယ်လည်း ကိုယ့်မိန်းမလက်ရာကြွားရတာပေါ့"

အရိပ်ကလေးမှာ အမှန်ပင် လက်ရာကောင်းလွန်းလှသည်။

ဖွယ်ဖွယ်ရာရာနှင့် အစပ်အဟပ်တည့်အောင် ချက်ပြုတ်တတ်သဖြင့် 'စားသောက်ဆိုင် ဖွင့်ပါတော့လား အရိပ်ရာ'ဟု တောင် သူ ပြောမိတတ်သည်။

အရိပ်နှင့် စကားပြောဆဲ အိမ်ရှေ့မှ ဆူညံသံများ ကြားရချေရာ…

"ကဲ…ပြောရင်းဆိုရင်း ဧည့်သည်တွေတော့ လာပြီထင်တယ်…ကြိုချေပါဦး၊ အရိပ်တော့ မီးဖိုခန်း ဝင်လိုက်ဦးမယ်"

အရိပ်က သူ့ကို အိမ်ရှေ့တွန်းလွှတ်သည်။

သူထွက်ကြည့်တော့ တကယ်ပဲ လေ့တစ်စင်း တွေ့ရသည်။

အသေအချာကြည့်လိုက်တော့ ဆရာဇော်ကို့ဆရာတပည့်

www.burmeseclassic.com



အုပ်စု။

"ဟား...ဆရာတော်တို့ပါလား၊ လာကြ...လာကြ၊ ကျွန်တော်လည်း ညည်းသည်မျှော်နေတာ...အတော်ပဲ"

သူ လိုက်လိုက်လဲ့လဲ့ ခေါ်လိုက်သော်လည်း ဆရာတော်တို့မှာ မျက်နှာမကောင်းကြ။

"မလာတော့ပါဘူးကွာ...ဒီနားမှာ လှော်တက်ကျသွားလို့၊ လှော်တက်ခဏငှားပါလား"

"ငှားပါ့မယ်..လာပါဦး..ညစာ စားသွားပါ ဆရာတော်ရဲ့ ရောက်တုန်းရောက်ခိုက် လာပါ"

"မလာတော့ပါဘူး ငါ့ကောင်ရာ၊ နောက်များမှပဲ..အဲ..အဲ"

ဆရာတော် တအဲအဲနှင့် ပါးစပ်ပြဲသွားရသည်။

ဘယ်လိုပင် ငြင်းဆန်ပေမယ့် လှေမှာ..ဦးမှ ကြိုးဖြင့် တစ်ယောက်ယောက်က ဆွဲလိုက်သလို ခြစ်စပ်ထိ ရောက်လာသည်။

"အေး..ဟဲ..ဟဲ..လာရတာပေါ့ကွာ"

ဆရာတော် မတတ်နိုင်ချေတော့။

အိမ်ပေါ် တက်ရချေတော့မည်။

ဆရာတပည့်သုံးယောက်သား ဒူးများ တဆတ်ဆတ်တုန်နေကြ၏။

"လာပါ ဆရာတော်ရဲ့၊ ဒါ ဘယ်ကိုသွားမလို့လဲ"

"ဟို..အဲ..အဟင်း..ပျင်းလို့ လှေလျှောက်စီးတာ"

"ကောင်းတယ်...ကောင်းတယ်၊ အေးဆေးပေါ့နော်...ညစာစားပြီးမှပြန်၊ ကျွန်တော် လှော်တက်သွားယူလိုက်ဦးမယ်၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့မှာ အပိုတစ်ချောင်း ရှိတယ်"

မိုးသား အိမ်အောက်ဆင်းသွားလျှင် ဆရာတပည့် သုံးယောက်သား တဆတ်ဆတ် တုန်နေကြကာ ပူးကပ်ထိုင်နေမိကြသည်။ တုတ်တုတ်မျှ မလှုပ်ရဲ။

မီးဖိုဆောင်မှ တဒုံးဒုံးအသံ ကြားရလျှင် မျက်လုံးကလေးများ ဗွေကာ ချောင်းကြည့်မိကြသည်။

လား...လား။ မိုးသားရဲ့ကြင်ယာ တစ္ဆေမကလေးမှာ မီးဖိုထဲ၌ အကျအန ဆောင့်ကြောင့်ထိုင်ကာ ငရုတ်သီး ထောင်းနေပါကလား။

"ဆ..ဆရာ..ကျွန်တော်တို့ကို..သူ..သူက ချက်ကျွေးမှာလားဟင်"

ကုလားပု အသည်းတုန် ရင်ခုန်စွာ ဆရာဇော်ကို ပြောသည်။

ကုလားပုပြောတာကို လှမ်းကြားလိုက်သလို မျက်ထောင့်နီကြီးများက အိမ်ရှေ့ဘက်ဆီ ဗွေကြည့်သည်။

ဘုရား...ဘုရား...။

ဆရာဇော် ခေါင်းနပန်းကြီးသွားမိသည်။

ဘာလုပ်၍ ဘာကိုင်ရမှန်း မသိတော့သည်နှင့် တစ္ဆေမလေးကို မရှိသွားဖြီလေး 'အဟီး'ခနဲ ရယ်ပြလိုက်၏။

"ဟင်း...ဟင်း..."

တစ္ဆေမကလေးကလည်း ပြန်ရယ်ပြပါ၏။

ရယ်သံမှာ ဝမ်းခေါင်းထဲမှ လှိုက်တက်လာသံလိုလို လှ



www.burmeseclassic.com

www.burmeseclassic.com



မမှာ ညည်းသံကြီးလိုလို ချောက်ချားစရာ ကောင်းလွန်းလှသည်။

ဆရာဇော်တစ်ကိုယ်လုံး ကြက်သီးများ စုန်ဆန် စိမ့်ထနေမိသည်။

သူတို့ဘက် စွေကြည့်နေသည်မို့ ကြက်သွန်ဖြူတစ်လုံးကြမ်းကြားမှ လိမ့်ကျသွားသည်။

တစ္ဆေမကလေး စိတ်တိုသွားသည် ထင်ပါရဲ့..။ ကျည်ပွေ့ကို ဆောင့်ချလိုက်ရာ ကျည်ပွေ့ပါ အောက်သို့ ပြုတ်ကျသွားတော့သည်။

မျက်လုံးများ ရဲခနဲ ထ,တောက်သွားတာ ဆရာဇော်တို့ ရင်ထိတ်စဖွယ် တွေ့မြင်လိုက်ရသည်။

တစ္ဆေမကလေး လက်ချောင်းများကို ကြမ်းပေါက်မှ ချလိုက်သည်။

သူတို့မျက်လုံးများ စူထွက်တော့မတတ် ဟိုက်ခနဲ ပြူးသွားရသည်။

ခြေတံရှည်အိမ်မို့ မြင့်လှချေရာ သူမ ဘယ်လိုများကောက်မှာပါလိမ့်ဟု စဉ်းစားဆဲ...

လက်မောင်းရင်းမှနေ၍ ထိုလက်တစ်ဖက်မှာ မြေပြင်နှင့်ထိသည်အထိ ရှည်,ရှည်ထွက်သွားသည်ကို အိမ်ရှေ့ခန်းမှနေ၍ သူတို့ ရှင်းလင်းပြတ်သားစွာ မြင်တွေ့လိုက်ရလေသည်။

"ဆရာဇော်...သူ..သူ့လက်"

"နင့်ပါးစပ် ပိတ်ထားတာ အကောင်းဆုံးပဲ လောရှည်"

လောရှည် ပါးစပ်ကို လက်ဝါးနှင့် ကမန်းကတန်းပိတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

မီးဖိုဆောင်မှာ အနိမ့်ဘက်ကဖြစ်ပြီး ကြမ်းများမှာ ဟ, ထားရာ သူတို့အိမ်ရှေ့ဘက်ဆီမှဆို မြေပြင်ကိုပါ အတိုင်းသား မြင်နေရသည်။

"ဆ..ဆရာဇော်..သူ့..သူ့လက်နားမှာ ထိတော့မယ်"

ကုလားပုက မြေပြင်ပေါ်မှ တစုံတရာကို လက်ညှိုးထိုး ရင်းက အထိတ်တလန့် ပြောသည်။

"နင့်ပါးစပ် ပိတ်ထားတာ အကောင်းဆုံးပဲ ကုလားပု"

ကုလားပု ပါးစပ်ကို လက်ဝါးနှင့် အုပ်လိုက်ပြီး မကြာမီမှာ ပင် ချောက်ခနဲ အသံနက်ကြီးကို ကြားလိုက်ရလေသည်။

"ဘာသံလဲ!"

ဆရာဇော် မျက်လုံးပြူးရပြန်သည်။

လှော်တက်ကိုင်ပြီး အိမ်ပေါ် ပြန်တက်လာသော မိုးသား က နားစွင့်ကာ...

"ကြွက်ထောင်ချောက် မောင်းဖြုတ်တဲ့အသံပါ၊ ကြွက်မိ သွားပြီထင်ပါရဲ့၊ ကြွက်တွေသောင်းကျန်းလွန်းလို့ ထောင်ချောက် ဆင်ထားတာလေ...သွားကြည့်လိုက်ဦးမယ်"

မိုးသား အောက်ပြန်ဆင်းဖို့ ပြင်သည်။

"ကြည့်မနေပါနဲ့တော့ မိုးရဲ့၊ မှောင်နေပါပြီ...ထားလိုက် ပါ"

ချိုနွဲ့သောအသံလေးမှာ အိမ်ရှေ့ဘက်ဆီ လွင့်ပျံလာ၏။

မိုးသားလှည့်ကြည့်လျှင်...ခုနက နှင့်ဘာဝရပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်လျက် နဖတ်ချောမွေ့နိုင်လွန်းသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။

မိုးသားကိုကျတော့ နာနာဘာဝရုပ်အမှန် မပြထားဘဲကိုးဟု ဆရာဇော် သဘောပေါက်လိုက်သည်။

"ဆ..ဆရာဇော်..သူ့..သူ့လက်မှာ"

လေသံရှည် ဂီးဂိုးပြောသည်။

ဆရာဇော် ဖျတ်ခနဲ ကြည့်လိုက်မိလျှင် လက်ဆစ်များပြတ်ထွက်ကာ အနက်ရောင်(သွေးကဲ့သို့) အရည်ပျစ်ပျစ်ကြီးများအဆက်မပြတ် စိမ့်ထွက်နေသောလက်ကို တွေ့လိုက်ရသည်။

ကောင်မလေးက သူ့ကို အစိပ္ပါယ်ပါပါ ပြုံးပြကာ ကျန်လက်တစ်ဖက်နှင့် သပ်ချလိုက်လျှင် အကောင်းပကတိ ဖြစ်သွားသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရချေသည်။

စွမ်းလှတဲ့ တစ္ဆေမလေးပါကလား။

ဆရာဇော် ဆက်မနေရဲတော့ပြီ။

"ကျေးဇူးပဲ မိုးသားရာ၊ လှော်တက်လည်း ရပြီဆိုတော့ပြန်ဦးမယ်၊ ညစာ မစားတော့ပါဘူးကွာ၊ မော်စီ ကောင်းကောင်းနေမကောင်းလို့ကွ..နော၊ ကျေးဇူးပဲ..ဟဲဟဲ"

ဆရာဇော် မိုးသားကိုရော တစ္ဆေမကလေးကိုရော အဆက်မပြတ် သွားဖြီပြရင်း လှေကားပေါ်က ခုန်ချမတတ် ဆင်းသည်။

လှေပေါ် ရောက်တာနှင့် နောက်လှည့်မကြည့်စတမ်းလှော်ထွက်သွားသော ဆရာဇော်တို့ ဆရာတပည့်နှစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ မိုးသား အုကြောင်ကြောင်နှင့် ပခုံးတွန့်လိုက်မိသည်။

အရိပ်ကတော့ ညစာမကျွေးလိုက်ရသော ဧည့်သည်များကိုကြည့်ကာ မျက်နှာမကောင်း။

မှောင်စပျိုးပြီဖြစ်သော ဟိုးအဝေးကို ငေးရီနေမိသည်။

ဘဝချင်း ခြားနားနေခဲ့သော မိုးရဲ့အဝေးကို လွင့်ထွက်သွားရတော့မှာလားလို့ တွေးနေမိသည်။

ရွာသားတွေကတော့ သူမကို အန္တရာယ်ပြုမည့်သူ မရှိ။

သို့သော်...

သူမ ဖုံးကွယ်ထားခဲ့သော ဘဝအစစ်အမှန်ကို မိုး တစ်နေ့မှာ သိသွားခဲ့လျှင်...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

နာနာဘာဝ...

သူ့တစ်ကိုယ်လုံး တောင့်မတ်သွားရသည်။

သွေးကြောများ မလျှောက်တော့သလို အေးစက်သွားခဲ့ရသည်။

"ဟုတ်တယ်...အဲဒီတစ္ဆေမလေးကို ငါလည်းမြင်ဖူးတယ်၊ မြို့ပေါ်က စားသောက်ဆိုင်မှာ၊ နာမည်လေးတောင် ခပ်ဆန်းဆန်းကလေးမို့ မှတ်မိနေပါသေးတယ်၊ ဘာတဲ့...အလင်းရိပ်ဆိုလားပဲ"

အလင်းရိပ်...။ နှစ်ယောက်မရှိနိုင်သောနာမည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ အေးခဲနေမိသည်။

ဟင့်အင်း…မဖြစ်နိုင်တာ…။

"အဲဒီကောင်မလေး ပျောက်နေတယ်တဲ့၊ ဆိုင်ရှင်သူဌေးက…"

သူ နားများကို လက်ဖဝါးများဖြင့် တင်းတင်းကြပ်ကြပ် ပိတ်လိုက်မိတော့သည်။

ရင်ထဲ ခါးသီးစပ်ဖျဉ်း၍ နေမိပါရဲ့။

မဖြစ်နိုင်တာ…အရိပ်ဟာ နာနာဘာဝ တစ္ဆေမကလေးတဲ့။

မဖြစ်နိုင်တာ…သူနဲ့အတူတူ နေ့နေတာပဲ။

သူကျတော့ ဘာလို့များ ကြောက်စရာ နာနာဘာဝရုပ် မမြင်ရတာလဲ။

သို့သော်…အရိပ်ကလေး အသားတွေ အေးစက်နေတတ်တာ…။ တခါတရံမှာ မျက်ဝန်းမှာ နီရဲလျက် အသက်မဲ့သလို ကြောင်တောင်တောင် ငေးစိုက်ပြီး တောင့်တင်းနေတတ်တာ…။

ဒါ..ဒါဆို..အရိပ်ကလေးဟာ သူတို့တွေ ယိုးစွပ်ကြသလို နာနာဘာဝအမှန်ပဲလား။

*တကယ်တော့လေ ရှင်နဲ့ကျွန်မက အရင်ဘဝဟောင်းတွေမှာကတည်းက သံယောဇဉ် တွယ်ခဲ့ကြသူတွေပါ…ရှင်မေ့နေလို့ပါ၊ ဒါပေမယ့် အရိပ် နောက်ကျသွားခဲ့ရတယ်..အ..အရိပ်နဲ့ မိုးက.. ဘ..ဘဝချင်း…*

*အရိပ် ကြောက်တယ် မိုးရယ်..မိုးနဲ့ ခွဲရမှာ ကြောက်တယ်..*

*အရိပ်ကို ဒီမှာ မနေစေချင်ကြတဲ့သူတွေ ရှိတယ်..မိုး ဘာ*



www.burmeseclassic.com

www.burmeseclassic.com



မှမသိပါဘူး မိုးရယ်...

အရိပ်..အရိပ်လေ..အရိပ် ဒီမှာနေမှန်း ရွာထဲက လူတွေ သိကြရင် အရိပ်ကို မောင်းထုတ်ကြမှာ..အရိပ် မိုးနဲ့ ခွဲရမှာ..အရိပ် မှာ နေစရာလည်း မရှိပါဘူး မိုးရယ်..အရိပ် မိုးနဲ့လည်း မခွဲနိုင်ဘူး.. အို..ခဏကလေးပဲဖြစ်ဖြစ်..အရိပ် မိုးနားမှာ အေးအေးချမ်းချမ်း လေးနေချင်တယ်..ကျေးဇူးပြုပြီး..အရိပ်ကို ဘယ်သူမှ မနှောင့် ယှက်ကြပါနဲ့..အရိပ်တို့ ချစ်ခြင်းကို မခွဲကြပါနဲ့..

ဒီတစ်ခါ ညှိသည်လာရင်တော့ မပုန်းတော့ပါဘူး မိုးရယ်...

တစ်ရွာလုံးလည်း သိနေကြပါပြီ...

အရိပ်ကို မိုးအနားက နှင်မထုတ်ရင် တော်ပါပြီ...

အရိပ်ကလေး ပြောခဲ့ဖူးသောစကားများကို ပြန်ကြား ယောင်နေမိသည်။

တကယ်ပဲလား...တကယ်ပဲလား အရိပ်ကလေးရဲ့။

ကိုယ် ဘယ်လိုဖြေရမှာလဲ။ ကိုယ်တို့ချစ်ခြင်းဟာ အဲ့ဒီ လောက်တောင် ခါးသီးခဲ့ပြီလား။

သူ နားကိုတင်းတင်းပိတ်ကာ နေရာမှ အားကုန်ထွက် ပြေးလာခဲ့မိသည်။ အနောက်မှာကျန်ခဲ့သော လူတစ်စုကို သူ သတိ မထားမိတော့။

မိုးသား နားကိုတင်းတင်းပိတ်ပြီး ထွက်လာခဲ့ချိန်မှာ နား ကို ကားနိုင်သမျှကားအောင် စွင့်ထားခဲ့သော လူတစ်ယောက်ကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက်...



www.burmeseclassic.com

www.burmeseclassic.com



"အလင်းရိုပ်တဲ့ကွ...ကြားလိုက်လား!"

"အေး...ကြားတယ်၊ ဟုတ်မှဟုတ်ရဲ့လားလို့ ငါအံ့ဩနေတာ"

"အလင်းရိုပ်က နှစ်ယောက်မရှိနိုင်ပါဘူးကွာ"

"အေး...ပြီးတော့ စားသောက်ဆိုင်မှာ လုပ်တာလည်း သူတို့သိနေတာပဲ"

"ဘော့စ်လက်ချက် မိသွားတာကအစ သိနေကြတယ်"

"အေး...ပျောက်ဆို အလောင်းက ဒီရွာနားမှာ ပျောက်သွားတာနော်"

"ချောင်းထဲ ကျသွားခဲ့လားမှ မသိတာ"

"အဲ့ဒီသရဲမနဲ့ ပေါင်းနေတဲ့ကောင်ရဲ့အိမ်ကို သွားကြည့်ရအောင်"

ဘိုနီနှင့်ဘော်ဘီ ကြိတ်ကြိတ်၊ကြိတ်ကြိတ် အပြန်အလှန် ပြောဆိုတိုင်ပင်နေမိကြသည်။

ရွာသားတွေနား မယောင်မလည် ကပ်ကာ မိုးသားအိမ်ကို စုံစမ်းသည်။

အလင်းရိုပ်ဟာ ရွာသားတွေပြောနေတဲ့ မိုးသားဆိုတဲ့လူရဲ့မိန်းမ သရဲမဆိုတာ ဟုတ်မဟုတ်ဆိုတာ သူတို့ သွားကြည့်ကြမည်လေ။



www.burmeseclassic.com

www.burmeseclassic.com



မိုး သားဆိုတဲ့လူရဲ့အိမ်ရှေ့ရောက်လျှင် မိန်းကလေးတစ်ယောက် နောက်ကျောပေးအနေအထားနှင့် အဝတ်များ ထုတ်လှန်းနေတာ မြင်ရသည်။

"ဟော့ကောင်…အလင်းရိပ်နဲ့ ဆင်သလိုလိုတော့ ရှိသားကွနော်"

"ဆင်တော့ဆင်သား၊ ဒါပေမယ့် လူပါကွ၊ သရဲမနဲ့ မတူပါဘူး"

"ဘာပဲဖြစ်ဖြစ် ခေါ်ကြည့်ရအောင်ကွာ၊ လှည့်ကြည့်ရင် အဖြေပေါ်မှာပဲ"

ဘိုနီ အရဲစွန့်ကာ ခေါ်ကြည့်ဖို့ စဉ်းစားမိသည်။

"အလင်းရိပ်…"

ခပ်အုပ်အုပ် ခပ်တိုးတိုး ခေါ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးမှာ အဝတ်များ လှန်းနေရာမှ တုံ့ခနဲ ရပ်သွားသည်။ တောင့်မတ်သွားသလားလို့တောင် ဘိုနီ ထင်လိုက်မိသည်။

သူတို့ တထိတ်ထိတ်နှင့် စောင့်ကြည့်နေမိဆဲ။

မိန်းကလေးမှာ ဟိုဘက် မျက်နှာလှည့်၍ ကျောပေးရပ်နေရာမှ ကျောပေးလျက်သားအတိုင်း မျက်နှာကြီးသက်သက်သာ ဒီဘက်ကို ဖြုန်းဆိုလှည့်လာလေသည်။

နှစ်ယောက်သား အသံကုန် အော်လိုက်မိကြသည်။

"အား!!..."

သူတို့သေရျာသွားပါပြီ။

အလင်းရိပ်မှ အလင်းရိပ်အစစ်။

အလောင်းပျောက်သွားခဲ့သော အလင်းရိပ်ကို ခုလိုပုံစံမျိုးနှင့် ပြန်တွေ့ရလိမ့်မည်ဟု သူတို့ လုံးဝထင်မထားမိခဲ့။

သူတို့လိုပင် လုံးဝထင်မထားမိခဲ့သော လူတစ်ယောက်လည်း ထိုမြင်ကွင်းကို အသေအရျာ မြင်သွားခဲ့ရသည်။

"အ..အရိပ်.."

မိုးသားနှုတ်မှ ချောက်ခြားတုန်လှုပ်လှစွာ ထွက်ကျလာသောအသံ။

လုံးဝ ထင်မှတ်မထားခဲ့မိသော မြင်ကွင်း။ အရိပ်ကလေးဟာ ရွာသားတွေ ယိုးစွပ်ကြသလို နာနာဘာဝအစစ် ဖြစ်နေပါပေါ့လား။

မိုးသား ချာခနဲ နောက်လှည့်ပြေးမိသည်။

"မိုး..မိုး.."



www.burmeseclassic.com

www.burmeseclassic.com



အရိပ် တကြော်ကြော် အော်ခေါ်မိသော်လည်း မိုးသား လှည့်မကြည့်တော့။

ဘယ်တော့မှ မခွဲပါဘူးဆိုသူက သူမကို ထားခဲ့လေပြီ။

သူမရဲ့ဘဝ အစစ်အမှန်ကို သိရတဲ့တစ်နေ့မှာ မိုးသား စွန့်ခွာသွားမည်ဆိုတာ သိပါလျက်နဲ့...

တကယ်တမ်း ရင်ဆိုင်ကြုံတွေ့ရသည့်အချိန်မှာ သံသရာ အစဉ်အဆက်က နှောင်တွယ်ရစ်ဖွဲ့ခဲ့မိသည့် သံယောဇဉ်က ခံနိုင် ရည်မရှိ။ အရိပ်တို့ ဘဝလို့များ အတွေ့နှောက်ကျခဲ့ရသလဲ မိုးရယ်။ ဘဝလို့များ ဘဝချင်းခြားခဲ့ပါမှ ပြန်တွေ့ခဲ့ရသလဲ။

တကယ်လို့ အရိပ်ရဲ့အလောင်းသာ ဒီချောင်းထဲ မကျရစ် ခဲ့ဘူးဆိုရင် အရိပ်နဲ့မိုးနဲ့ ပြန်တွေ့ခွင့်ရခဲ့မှာ မဟုတ်ဘူး။

ခုလိုအခြေအနေမျိုးနဲ့ ပြန်တွေ့ရတာ ဟိုလူတွေကြောင့်..။

ဟိုလူတွေ ဒုက္ခပေးခဲ့လို့..။

ခုလည်း အရိပ်ကို ဒုက္ခတွေထပ်ပေးဖို့ ဟိုလူတွေ ရောက် လာတာ...။ အရိပ်ကို သူတို့ ဒုက္ခထပ်ပေးကြဦးမှာ...။

အရိပ်ကို ဘယ်သူ ကယ်ဆယ်မှာလဲ...။

မိုးလည်း အရိပ်အနားမှာ မရှိတော့ဘူး...။

အရိပ်ကို ဘယ်သူ ကယ်ဆယ်မှာလဲ!...။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော်မီ..ဆ..ဆရာတော်မီ"

ဘီယာလေး စုပ်ကာ ကန်ရေပြင်မှ ရွှေငါးလှလှ ကောင်မကလေးများကို မျက်စိနှင့်မွှားနေသော ဆရာတော်မီ...အလန့်တကြားပြေးလွှားလာကြသော တပည့်နှစ်ယောက်ကြောင့် ဘီယာပင် သီးမတတ်ဖြစ်သွားရသည်။

"ဟေ့ကောင်တွေ...ကိုယ့်ဆရာ အနားယူချိန်လေး လာနှောင့်ယှက်ရသလားကွာ...အာရုံနောက်လိုက်တာ"

"အာရုံနောက်တာကိုနောက်မှ ကြည့်ဖို့စိတ်ကူးတော့ ဆရာရေ၊ လောလောဆယ် ဆရာ လာမယ့်ဘေး ပြေးတွေ့ဖို့သာ ပြင်ထား"

"ဟေ့ကောင် ဘိုနီ...မင်းစကားက..."

ဆရာတော်မီ စိတ်ရှုပ်ထွေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုနီက ဆရာတော်မီနှား ကပ်ကာ တိုးတိုးကလေး ပြောလိုက်သည်။

"အလင်းရိပ်ကို ရွာတစ်ရွာမှာ သရဲမဖြစ်နေတာ တွေ့ခဲ့တယ် ဆရာတော်မီ"

"ဘာ!!"

ဆရာတော်မီ လက်ထဲမှ ဘီယာခွက် လွတ်ကျသွားသည်။ ခေါင်းနားပန်း ချက်ချင်းကြီးသွားမိသည်။

"အလင်းရိပ်..သရဲမ..တွေ့ခဲ့တယ်...ဟုတ်လား!"

"ကျွန်တော်တို့ ဟောဒီမျက်လုံးကြီးတွေနဲ့ တပ်အပ်တွေ့ခဲ့ရတာ ဆရာတော်မီ"

"ဘုရား...ဘုရား...ငါဘယ်လိုလုပ်ရမလဲ!၊ အဲ့ဒီသရဲမ ငါ.. ငါ..သူ့ကိုသတ်ခဲ့တာကို ဖော်ထုတ်လိုက်ရင်..ဘုရား.. ဘုရား"

ဆရာတော်မီ ဆောက်တည်ရာမရ ဖြစ်ချေပြီ။

"ဆရာ...အောက်လမ်းဆရာတစ်ယောက်နဲ့ အဲဒီသရဲမကို ချုပ်လိုက်ရင် မကောင်းဘူးလား"

ဘော်ဘီ လျှပ်တပြက်အကြံရကာ ဆရာတော်မီကို တင်ပြလိုက်သည်။

"ဟော...ကောင်းတာပေါ့..သိပ်ကောင်းတာပေါ့ ဘော်ဘီ၊ ငါ့တပည့် မင်းသိပ်တော်တယ်"

"ဆရာ...အဲဒါဆို ကျွန်တော့်အသိ အောက်လမ်းဆရာ တစ်ယောက် ရှိတယ်...ဆရာရစ်ချတ်တဲ့၊ သူ့ကို အဲဒီရွာခေါ်သွားရင် မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ကောင်းတာပေါ့...အရမ်းကောင်းတာပေါ့၊ တော်လိုက်တဲ့ ငါ့တပည့်တွေ၊ ငါတို့ အဲဒီဆရာကို ခေါ်ပြီး အမြန်သွားမှ ဖြစ်မယ်၊ အဲ့ဒီသရဲမကို လွှတ်ထားလို့ မဖြစ်ဘူး"

ဆရာတော်မီ အပြေးအလွှား တက်သုတ်ရိုက် စီစဉ်ချေပြီ။ ဆရာရစ်ချက်ကို ပင့်ကာ ဆရာတပည့်တစ်အုပ်စု အလင်းရိပ်ရှိရာ ရွာသို့ ဒုန်းစိုင်းကြချေပြီ။

သံယောဇဉ်ကြီးရှာလွန်းတဲ့ တစ္ဆေမကလေး အလင်းရိပ်ကို ဆရာရစ်ချတ်က ဘယ်လို ပညာစွမ်းပြမှာလဲ!...။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)

ရွာပြင်က သချိုင်းမြေမှာ နေရာကောင်းကောင်း ရှာ၍ ဆရာရစ်ချတ် နေရာယူသည်။

ဆရာရစ်ချတ်ဆိုသူကတော့ ဆရာဇော်လို ရှေးဘိုးတော်ပုံ မဟုတ်။ ဘောလုံးသမား ဘက်ခမ်းကေနှင့် မုတ်ဆိတ်မွေးကို ကျစ်ကာ အပေါ်မှ လည်ထောင် လက်တစ်ဖြောင့်တည်းအရှည် အင်္ကျီ အမည်း ဝတ်လျက်..။ အောက်မှာတော့ အနီရဲရဲ ချာလီဝင်နံ..။

“သရဲမကို ဒီတိုင်း ဖမ်းလို့မရဘူး”



www.burmeseclassic.com

www.burmeseclassic.com



ဆရာရစ်ချတ် မှင်မောင်းအပြည့်နှင့် စကားစသည်။

"ကျွန်တော် ကြိုးရှာပေးမယ် ဆရာ"

ဘော်ဘီ ကြိုးလိုက်ရှာရန် ပြင်သည်။

"ဒါပြောတာ မဟုတ်ဘူး၊ သရဲကို သရဲနဲ့ ဖမ်းရမယ်လို့ ပြောတာ"

"ခင်ဗျာ..."

ဆရာတော်မီတို့ ဆရာတပည့်များ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

"ကျုပ်ကို သရဲတစ်ကောင် ရှာပေးရမယ်"

"ခင်ဗျာ..."

ဆရာတပည့်တတွေ မျက်စိမျက်နှာ မကောင်းကြတော့။ သရဲမကိုဖမ်းဖို့ သရဲတစ်ကောင် ရှာပေးရမယ်..တဲ့။ သရဲကို သူတို့က ဘယ်လိုရှာပေးရမှာလဲ။

"ခင်ဗျားတို့ ဘာအူကြောင်ကြောင် လုပ်နေကြတာလဲ၊ အချိန်မရှိဘူး...သရဲတစ်ကောင် အမြန်ရှာပေးပါ"

ဆရာရစ်ချတ် စိတ်မရှည်တော့ပုံနှင့် အော်သည်။

"ဆ..ဆရာရယ်..ကျွန်..ကျွန်တော်တို့ သရဲကို..ဘယ်.. ဘယ်လို..ရှာ..ရှာလို့ရမှာလဲ!"

တပည့်တွေကို လက်ညှိုးညွှန် အမိန့်ပေးစေခိုင်းခဲ့သော ဆရာတော်မီ..အောက်လမ်းဆရာ ဆရာရစ်ချတ်နှင့်တွေ့မှ အသံ ကလေးတုန်တုန်နှင့် တောင်းပန်နေမိသည်။

"ဘယ်လိုရှာရမလဲ ဟုတ်လား!၊ ကျုပ်ပြောပြမယ်၊ ဒီရက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်း လောလောလတ်လတ် မြှုပ်ထားတဲ့ အလောင်းတစ်လောင်းကို ရှာပြီး ကျုပ်ဆီယူလာခဲ့...ဟုတ်ပြီလား"

"ဟုတ်...ဟုတ်"

ဆရာတပည့်သုံးယောက်သား Lamp လေးကိုင်ကာ ဒူးတုန်တုန် ကြက်သီးတမြမြနှင့် ပုပုရွေးရွေးအလောင်းရှာပုံတော်ဖွင့်ရချေပြီ။

"ဟော့ကောင်တွေ...မြန်မြန်သွားလေကွာ"

"ဒူး..ဒူးတုန်နေလို့ပါ ဆရာရယ်"

Lamp လေးနှင့် ဟိုကြည့်ဒီကြည့်လုပ်ဆဲ ဆရာတော်မိ မြေကမူတစ်ခုကို ခလုတ်တိုက် လဲချေ၏။

ဝမ်းလျားမှောက်ကြီး လဲလေရာ မြေကြီးမှာ ကပ်ထားသလို တော်တော်နှင့် ထ,မရ။ ကမူကလည်း ကြီးလွန်းလှသည်ဟု စိတ်ထဲထင်မိသည်။

ကမ္ဘာမြေကြီးရဲ့ဆွဲငင်အားက သချိုင်းမြေမှာ ပိုလို့ပြင်းထန်တတ်သလား။

သူ...ဘာလို့ ထ,မရတာလဲ။

"ဆ..ဆရာ..."

ဘိုနီ အသံတုန်တုန်နှင့် ခေါ်သည်။

"မြေပုံကြီးပေါ်မှာ ဘာလို့အိပ်နေရတာလဲ ဆရာ... မြင်မကောင်းပါဘူး၊ အိပ်ချင်ရင် အုတ်ဂူပေါ် တက်အိပ်ချင်အိပ်ပါလား"

"ဘာကွ..."

ဆရာတော်မိ ကမ္ဘာမြေကြီးရဲ့ဆွဲငင်အားကို ယှဉ်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



အားစိုက်ကာ ဆန့်ကျင်တွန်းကန်ပြီး ကုန်းရုန်းထ,သည်။

မြေကြီးတွေက သူ့ရင်ဘတ်မှာ အလွှာလိုက် ကပ်ပါလာသည်။ သူ ကုန်းထ,လေ မြေစိုင်ခဲတွေက ကပ်ပါလာလေ။

"ဟော့..ဟော့ကောင်တွေ...ငါ့ကို ဆွဲထူကြပါဦး"

ဆရာတော်မီ ကြောက်လွန်းလို့ တဆတ်ဆတ် တုန်နေပြီ။

သူ့တပည့်တွေကို အားကိုးတကြီး အကူအညီတောင်းသည်။

ဘိုနီနှင့် ဘော်ဘီတို့ မရဲတရဲ အနားကပ်ကာ သူတို့ဆရာကို လက်ကမ်းပေးသည်။

အကြောက်လွန်နေသော ဆရာတော်မီမှာ တပည့်နှစ်ယောက်ရဲ့လက်တွေကို အားကိုးတကြီး ဆွဲယူလိုက်လေလျှင်...

ဆရာတော်မီကတော့ ကြွမလာ။

ဘော်ဘီနှင့်ဘိုနီတို့မှာသာ အရှိန်လွန်ပြီးပါသွားကာ သူ့ဆရာ တော်မီအပေါ် ဝမ်းလျားထိုးကြီးတွေ မှောက်လျက် လဲကျလေတော့သည်။

"ဘယ်..ဘယ်လိုလုပ်လိုက်တာလဲ ဆရာတော်မီရယ်"

"ဆော..ဆောရီးကွာ၊ ငါ..ငါလည်း ကြောက်ကြောက်နဲ့"

ဆရာတပည့်သုံးယောက်သား ဝရုန်းသုန်းကား လုံးထွေးနေကြဆဲ...

"ဟင်း...ဟင်း...ဟင်း...ဟင်း"

သေခါနီး လူမမာညည်းသော ညည်းညူသံကြီးလိုမျိုး မြေပုံထဲမှ ကြားလိုက်ရသည်မို့ သုံးယောက်သား ဆံပင်မွှေးများ



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထသွားပါသည်။

"ဘို...ဘိုနီ...ကြားလား!"

"ကြား....ကြားတယ် ဆရာတော်မီ...ညည်းသံကြီး"

"မြေပုံကြီး..လှုပ်..လှုပ်လာတယ်"

ဘော်ဘီက အလန့်တကြား ထ,ပြောသည်။

ထိုစဉ်...

"အပေါ်က ဖယ်ပေးကြပါဦး"

ခြောက်ကပ်ကပ်အသံကြီး။

အသက်မပါသော အေးတိအေးစက် အသံကြီးကြောင့် သုံးယောက်သား မြေပုံပေါ်မှ အလန့်တကြား ခုန်ထ,မိကြတော့သည်။

သူတို့ ခုန်ထလိုက်သည့်အရှိန်နှင့် မြေပုံကြီးမှာ ဒယ်အိုးကြီးကဲ့သို့ ပက်လက်ဖြစ်သွားလေတော့သည်။

အထဲမှ အခေါင်းပေါ်လာသည်။

သုံးယောက်သား အကြောက်လွန်ပြီး ကြက်သေ,သေနေမိကြသည်။

မျက်လုံးပြူးကြီးတွေနှင့် စိုက်ကြည့်နေမိဆဲမှာပင် အခေါင်းဖုံးကြီးမှာ ဒိုင်းခနဲ အချပ်လိုက် ပွင့်သွားသည်။

အထဲမှာ ငုတ်တုတ်ထိုင်နေသော အလောင်းတစ်လောင်း။

မျက်လုံးကြီးများမှာ စိုက်စိုက်ကြီး ပွင့်လျက်...။

အသက်မဝင်သော မျက်နှာသေကြီး...။

"မင်း...မင်းက..အ..အရှင်လား!...အ..အ... သေလား!"



www.burmeseclassic.com

www.burmeseclassic.com



"အသေ..."

မေးတုန်းက မေးမိပြီးမှ အလောင်းကြီးက မကြည့်ဘဲ ပါးစပ်ကြီးသာ ဟ,လျက် နှုတ်ခမ်းများ မလှုပ်ဘဲ ပြန်ဖြေလေလျှင် ဆရာတော်မီတစ်ယောက် တဆတ်ဆတ်တုန်နေမိသည်။

"အ..အသေ..ဆိုရင်..ဟော့..ဟော့ကောင်တွေ..ပြေး...ပြေး ကြ"

တပည့်တွေကို သတိတရ ဆော်ဩပြီးလျှင်..ဆရာတော်မီ ရှေ့ဆုံးမှပြေးသည်။

ဆရာတပည့်သုံးယောက်သား ပြေးလိုက်ကြသည်မှာ... ဖနောင့်နှင့်တင်ပါး တစ်သားထဲ။

နောက်ကို လှည့်မကြည့်စတမ်း ခြေကုန်ပြေးသည်။

နောက်က အလောင်းကောင်မှာ ထပ်ကြပ်မကွာ တစ် လှမ်းချင်းလိုက်လာတာ သူတို့မသိ။

ဆရာရစ်ချတ်ဆီရောက်လျှင် သူတို့မှာ ချွေးများ တဖြိုက် ဖြိုက်ကျလျက် အမောဆို့နေပြီ။

"ခင်ဗျားတို့ အတော်စွမ်းသားပဲ"

ဆရာရစ်ချတ်က ပြုံးပြုံးကြီး ဆီးကြိုကာ ချီးမွမ်းသည်။

"အလောင်းကို မ,လာကြမယ် ထင်တာ၊ ခုတော့ နောက် ကလိုက်လာအောင် ခေါ်တတ်တယ်ဆိုတော့ ခင်ဗျားတို့ ပညာ လည်း မသေးပါလား"

"ခင်...ဗျာ"

သုံးယောက်သား ခေါင်းများက ချာခနဲ အနောက်သို့...။

www.burmeseclassic.com



အလောင်းကောင်ကြီးမှာ လက်တကမ်းအကွာတွင်.,. တောင့်တောင့်ကြီး ရပ်လျက်။

သုံးယောက်သား တုတ်တုတ်မျှ မလှုပ်ရဲ။

ဒူးများမှာလည်း တဆတ်ဆတ်။

"ခင်ဗျားတို့ တော်တယ်၊ ကဲ...ခင်ဗျားတို့တာဝန် ပြီးပါပြီ၊ ကျွန်တော့်အလှည့် ရောက်ပြီ...အိုကေ"

ဆရာရစ်ချတ်က လက်ခုပ်ဖြောင်းခနဲတီး၏။

မီးပန်းများ ဖွားခနဲ ထ,သည်။

"အောင်မလေး" ဟူသောအသံကြားရ၏။

သုံးယောက်သား ဆရာရစ်ချတ်နောက် ချက်ချင်းရောက်သွားကြသည်။

အလောင်းမှာ မီးများစွဲနေသည်ကို အသည်းပါးမတတ် တွေ့မြင်လိုက်ရသည်။

မီးများ စွဲလောင်နေသော အလောင်းကောင်မှာ ဟိုပြေးလိုက် ဒီပြေးလိုက်နှင့် ဆောက်တည်ရာမရ ဖြစ်နေရှာသည်။

"ဆရာတော်မီ...အဲ့ဒါ သရဲမီးဝိုင်းပေါ့နော်"

ဘိုနီ တီးတိုးဝေဖန်၏။

ဆရာရစ်ချတ်က စကားမများရန် မျက်လုံးဖြင့် လှည့်ကြည့်သတိပေးသည်။

ထို့နောက် လက်ညှိုးနှင့် လက်ခလယ် နှစ်ချောင်းပူးကာ အလောင်းကောင်ကို စတင်အမိန့်ပေးသည်။

"ထိုင်.."



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကောင်မှာ ချက်ချင်းဒူးတုပ်လျက် ထိုင်ရှာ၏။

"ပြော...မင်းနာမည်"

"ရှင်းရှင်းပါ"

ဘိုနီ နှုတ်ခမ်းသတ်၏။ သူက ကြာစံပြတ် အရမ်းကြိုက်သည် မဟုတ်ပါလား။

"အဖေနာမည်"

"ဦးယံယံ..ပါ"

ခေါက်ဆွဲပြုတ်သမား ဘော်ဘီ ဂလုစနဲ တံတွေးမျိုချ၏။

"အမေနာမည်"

"ဒေါ်မားမား"

ဒီတစ်ခါတော့ ဆီချက်ကြိုက်သော ဆရာရစ်ချတ်ကိုယ်တိုင် ဗိုက်ကို ယောင်ယမ်းပွတ်မိ၏။

ဆက်မေးလျှင် စွန်ညီနောင်တို့ ဘာတို့ပါ ပါလာနိုင်သည်မို့ ဆရာရစ်ချတ် ဆက်မမေးတော့။

"မင်း..ပူသလား!"

"မီးရှို့ထားမှတော့ မပူဘဲနဲ့ နေပါ့မလားဗျာ"

"အေး...ငါ့စကားနားထောင်ရင် ပြန်ငြိမ်းပေးမယ်"

"နားထောင်ပါ့မယ်...မြန်မြန်ပြန်ငြိမ်းပေးပါ"

ရှင်းရှင်းဟူသော အလောင်းကောင်မှာ မခံမရပ်နိုင်တော့သလို တောင်းပန်လေသည်။

ဆရာရစ်ချတ် ပြုံး၏။

"အိုကေ...မင်းကို ငါအသုံးချမယ်၊ မင်း ပြဲအမိန့် နာခံရ



www.burmeseclassic.com

www.burmeseclassic.com



မယ်...ကြွားလား!"

ရှင်းရှင်းသရဲ ခေါင်းညိတ်ပြ၏။

ပြူးစိုက်ငေးနေသော မျက်လုံးကြီးများနှင့် တောင့်တောင့်ကြီး၊ ခေါင်းညိတ်ပြလိုက်သော ရှင်းရှင်းသရဲကို ကြည့်ကာ သူတို့မှာ ရင်တွေပန်းတွေ တုန်နေမိသည်။

ဆရာရစ်ချတ်က ကြောက်ဒူးတုန်နေသော သူတို့ကိုလှည့်ကြည့်ကာ လက်မထောင်ပြသည်။

"ဒီကောင် ကျုပ်တို့အစီအစဉ်ကို ကူညီလိမ့်မယ်၊ ခင်ဗျားကိစ္စ အောင်မြင်ပြီလို့သာ မှတ်လိုက်တော့ ဦးတော်မီ"

ဒီရှင်းရှင်းသရဲက သူ့အစီအစဉ်ကို ကူညီလိမ့်မယ်ဆိုပါလား။ ဦးတော်မီ ဝမ်းသာအားရ ပြုံးလိုက်မိသည်။

"မင်း အလင်းရိပ်ဆိုတဲ့ သရဲမကို ငါ့ဆီ ဖမ်းခေါ်လာခဲ့ရမယ်၊ ကြွားလား ရှင်းရှင်းသရဲ"

"ဟုတ်..."

ရှင်းရှင်းသရဲ ခေါင်းညိတ်ပြ၏။

ဆရာရစ်ချတ် မိန့်မိန့်ကြီး ပြုံးသည်။

ဆရာတော်မီတို့ ဆရာတပည့်တွေလည်း လိုက်ပြုံးလိုက်မိကြသည်။

ရှင်းရှင်းကလည်း ပါးစပ်ကြီး ဖြဲကာ ရဲရဲနီနေသော သွားများပေါ်အောင် လိုက်ပြုံး၏။

"အောင်မလေး...သရဲပြုံးတာ ကြောက်စရာကြီး"

သရဲအပြုံးကို မြင်လိုက်ရသောကြောင့် ဆရာတော်မီတို့



www.burmeseclassic.com

www.burmeseclassic.com



တတွေ ကျောချမ်းသွားရသည်။

ရှင်းရှင်းသရဲကတော့ ဆတ်ခနဲ ကျောခိုင်းကာ တောင့်တောင့်မတ်မတ်ကြီး ရွာထဲဝင်သွားချေပြီ။

ခွေးများ တပြိုင်နက်ထဲ ထ,အူသံ ထွက်ပေါ်လာသည်၊

ကောင်းကင်ကြီး ရုတ်ချည်း မှောင်မည်းသွား၏။

ရှင်းရှင်းသရဲမှာ အလင်းရိပ်ဆီ သွားချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အရိပ်မျက်လုံးများ ဖျတ်ခနဲ ဖွင့်လိုက်၏။

သိလိုက်ပြီ…။

မကြာခင်ကမှ ဘဝပြောင်းထားသော ရှင်းရှင်းဆိုသော တစ္ဆေကို သူမကိုဖမ်းရန် လွှတ်လိုက်ချေပြီ။

ရှင်တုန်းက ဒုက္ခပေးရတာအားမရလို့ သေတဲ့အထိ လိုက်လံနှောင့်ယှက်ဆဲ ဆရာတော်မိတို့အုပ်စုကို အရိပ် ခါးခါးသီးသီး နာကြည်းမိသည်။

သူမမှာ သူတို့ကို ယှဉ်ပြိုင်တိုက်ခိုက်ရန် ခွန်အားမရှိ။

သူတို့ဆီမှာ အောက်လမ်းဆရာတစ်ယောက်လည်း ပါလာတာ အရိပ် အာရုံခံမိထားသည်။

အရိပ်ကို သူတို့လက်ထဲ မရောက်အောင် ဘယ်သူ ကယ်



www.burmeseclassic.com

www.burmeseclassic.com



တင်ပေးနိုင်မှာလဲ။

အရိပ် ဘယ်သူ့ကို အကူအညီတောင်းရမှာလဲ။

အရိပ်ရဲ့ အာရုံထဲ လင်းခနဲ။

အရိပ်ရဲ့စိတ်ဝိညာဉ်မှာ မြန်ဆန်လှစွာ လွင့်ခနဲ။

အရိပ်ဆီ ရှင်းရှင်းဆိုတဲ့တစ္ဆေ ရောက်မလာခင် အရိပ် သူ့ဆီအရင်ရောက်မှ ဖြစ်မယ်။

သူကတော့ အရိပ်ကို ကူညီနိုင်မယ့် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

ပြတင်းတံခါးရွက်များ တဒိုင်းဒိုင်း မြည်သည်အထိ ရုတ်တရက် လေကြမ်းလာခဲ့ရာ...

အိပ်ရာဝင်ရန် စိုင်းပြင်းနေကြသော ဆရာတော်တို့တတွေ ချက်လုံးပြူးသွားကြသည်။

ပြတင်းတံခါးရွက်များ ရိုက်ခတ်ရုံမျှမက သစ်ရွက်ခြောက်များပင် အိမ်ထဲ တဖျောဖျော ဝင်လာလေတော့သည်။

"လောရှည်နဲ့ ကုလားပု"

ဆရာတော် ခပ်ကြိတ်ကြိတ် ခေါ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိ..ရှိတယ်လေ ဆရာဇော်"

ဟိုနှစ်ယောက်မှာလည်း အသံထွက်သည်ဆိုရုံ ပြန်ထူးရဲသည်။

ဆရာဇော် ညီမဖြစ်သူ မော်စီကို အားကိုးတကြီး ကြည့်ကာ..

"ညီမလေး မော်စီ"

"ဒီတစ်ခါတော့ လေနတ်သားအစစ်ပဲ အစ်ကို၊ လေနတ်သားယောင်ဆောင်ထားတဲ့ လောရှည်နဲ့ ကုလားပုလက်ချက် မဟုတ်ဘူး"

ထိုစဉ် ရွာထဲမှ ခွေးများစုဝေးကာ ဝူးခနဲ ဝိုင်းအူကြသံက ထွက်ပေါ်လာသည်။

ဆရာဇော်တို့တတွေ သိပ်မျက်နှာမကောင်းကြတော့..။

"အစ်ကိုတို့ မျက်နှာတွေက ဘာဖြစ်နေကြတာလဲ၊ ဘာလဲ တကယ့် အမိနာသရဲမ လာတော့မှာမို့လို့လား"

မော်စီ အစ်ကို့ကို အငေါ်တူး၏။

"ဟဲ့..ဖွဟဲ့..လွဲပါစေ..ချော်ပါစေ"

ဆရာဇော် ကပျာကယာ ပုတ်ချသည်။

"ကြေနတော့ မိုးသားမိန်းမ သရဲမ လိုက်လာပြီနဲ့တူတယ်၊ ညနေတုန်းက အစ်ကိုတို့ သူ့ဆီသွားထားတယ် မဟုတ်လား"

တကယ်တော့..မော်စီက သူ့ဝသီအတိုင်း ဗလွတ်ရွှတ်တ လျှောက်ပြောခြင်းသာ..။

သို့သော် ဆရာဇော်တို့တတွေကတော့ ခေါင်းနားပန်းများ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကာ ကြက်သီးများ တဖြန်းဖြန်း ထ,နေမိသည်။

အိမ်တံခါးမကြီးပါ ဝုန်းခနဲ ပွင့်သွားခဲ့လျှင် မော်စီ ပွစိပွစိ ရေရွတ်ရင်း တံခါးပိတ်ဖို့ ထ,သည်။

"အဲ့ဒါတွေ ကြိုမြင်လို့ မော်စီတို့ကတားတာ၊ ကြမ္မာငင် ချင်တော့များ စွတ်ကိုတိုးတာ၊ နည်းပါသေးတယ်...ထပ်သွားပါဦး လား...ဟင်း...ဟင်း"

မော်စီ တံခါးပိတ်ဖို့ ထွက်လိုက်လျှင် မိန်းကလေးတစ် ယောက် ရပ်နေတာ တွေ့လိုက်ရသည်။

မိန်းကလေးမှာ ငယ်ငယ်ချောချောနုနုကလေးပင်။

မျက်ကွင်းကလေးညိုကာ နှုတ်ခမ်းကလေး ပြာနေသည် မို့ လူမမာကလေး ထင်ပါရဲ့။

သို့သော်...လူမမာရော ဘာရောမသိ။

အစ်ကိုနှင့် ပတ်သက်လာလျှင် မော်စီ တစ်ဖက်ကမ်းခတ် အူတိုသည်။

ကိုယ်မှာ အဖေလည်းမရှိ အမေလည်းမရှိ။ ဒီအစ်ကိုတစ် ယောက်တည်းသာ ရှိသည်မဟုတ်ပါလား။

"အစ်ကို"

မော်စီ ခုနစ်သံချီကာ အော်၏။

"ဟော"

မဖြစ်မနေ ပြန်ထူးရသော်လည်း ဆရာဇော် အသံသဲ့သဲ့ သာ ထွက်နိုင်သည်။

ညနေကသွားခဲ့သော မိုးသားမိန်းမ လိုက်လာခဲ့ပြီမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား။

သို့သော်...ညနေတုန်းက ပြဲသောရုပ်လောက် ထိတ်လန့်ကြောက်ရွံ့စရာမကောင်း။

နည်းနည်းလူဆန်၍နေသည်မို့ ကြည့်ပျော်သလို ရှိသော်လည်း သူတို့မှာတော့ ညနေက အဖြစ်အပျက်ကြောင့် ကြောက်စိတ်က မပြယ်နိုင်သေး။ မော်စီကတော့ ဘယ်သူဘယ်ဝါမှန်းမသိ၍..ကြောက်ရကောင်းမှန်းလည်း မသိ။

"ဒီမှာ အိမ်အထိလိုက်လာပြီ...တွေ့လား!"

"အေး...တွေ့...တွေ့"

"အစ်ကို ဘာရှုပ်ခဲ့သလဲ ပြောစမ်းပါ"

"လော့်..လော့်တက်ကလေး ငှားခဲ့မိတာ"

"ဘာ...လော့်တက်ကလေး ဟုတ်လား၊ ငှားစရာရှားလွန်းလို့ သူ့ဆီကမှ ငှားခဲ့ရသလား...ရှုပ်ရှုပ်ယှက်ယှက် အိမ်အထိ လိုက်တောင်းရတယ်လို့၊ ကုလားပု...လော့်တက် ယူပေးလိုက်၊ ဒီမှာ...ညည်းလည်း လော့်တက်ယူပြီးပြန်...ကြားလား!"

အလင်းရိပ်က အေးစက်စက်ဖြင့် ခေါင်းခါပြလိုက်သည်။

"ဘာ..မပြန်ဘူး ဟုတ်လား၊ ကြည့်စမ်း..ညည်း ဆရာ ဇော်ရဲ့ညီမ မော်စီအကြောင်း မသိဘူးထင်တယ် ဟုတ်လား...၊ အစ်ကို...အစ်ကို့ဟာမက တယ်သတ္တိကောင်းနေပါလား၊ အစ်ကို ဘာမှမပြောတော့ဘူးလားဟင်"

မော်စီ ယမ်းပုံမီးကျလေပြီ။

ထမိန်ကို စွန်တောင်ဆွဲပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ခေါင်းကို ဖြည်းဖြည်းလေး ခါပြ၏။

"အစ်..အစ်ကို..မပြောရဲ"

"ဘာ...မပြောရဲဘူး ဟုတ်လား!...ရတယ်၊ ဒီကတော့ ပြောရဲတယ်၊ ကဲ...ညည်းပြောစမ်းပါဦး၊ ဒီအိမ်ကို လော်တက်ယူဖို့ မဟုတ်ရင် ဘာကိစ္စနဲ့ လိုက်လာတာလဲ"

မတုန်မလှုပ် အေးစက်စက်နိုင်လွန်းသော အမျိုးသမီးက လေးကို မော်စီ အသည်းယားလှပြီ။

ငါ့ကို မထီတရီ စိန်ခေါ်ဝံ့တယ် တွေးမိကာ အားမလိုအား မရနှင့် လက်မောင်းကို ဆွဲခါမိ၏။

မော်စီစိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားသည်။

ကောင်မလေးရဲ့လက်မောင်းမှာ အေးစက်လွန်းလှချေ လား။

"ဆရာတော့်ကို အကူအညီတောင်းချင်လို့ပါ"

"ဘာအကူအညီလဲ!..."

မော်စီ လေသံကို မလျှော့သေး။

"ကျွန်မကို ဒုက္ခပေးမယ့်လူတွေ ရောက်နေတယ်"

မော်စီ စိတ်ရှုပ်ထွေးသွားရသည်။

ဘာတွေလဲ...။

"သူတို့ ကျွန်မကို ရှင်းရှင်းနဲ့ ဖမ်းခိုင်းလိမ့်မယ်"

"ရှင်းရှင်း"

မော်စီ တွေးတွေးဆဆ ဖြစ်သွားရသည်။

ဆရာတော်ကတော့ မျက်လုံးများ ပြူးထွက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းဆိုတာ ဒီရက်ပိုင်းမှ မြေမြှုပ်ပြီးသူ။

"ရှင်းရှင်း မကြာခင် ရောက်လာလိမ့်မယ်"

"ရှင်းရှင်းဆိုတာ..."

မော်စီ မျက်မှောင်ကြီးကြုတ်ကာ ပြန်မေးမိသည်။

ကောင်မလေးက အေးစက်စွာပင် ပြန်ဖြေ၏။

"ရှင်းရှင်းဆိုတာ သရဲလေ"

"ဟမ်!!.."

မော်စီ ပါးစပ်ပြဲကာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်သွားမိသည်။

"ညည်း...ညည်းကရော ဘယ်သူလဲ!"

"ကျွန်မက..."

ကောင်မလေးက မော်စီ့ကို စိမ်းစိမ်းကြီး စိုက်ကြည့်ကာ ဆက်ပြောသည်။

"မိုးသားရဲ့မိန်းမ အလင်းရိပ်ပါ"

"ဘာ!!.."

မျက်လုံးစုံမှိတ်ပြီး မော်စီ အော်လိုက်မိသည်မှာ..အိမ်ပင် သိမ့်သိမ့်တုန်သွားတော့မတတ်။

"ဒါ..ဒါဆို..ညည်းက သရဲမပေါ့ ဟုတ်လား!"

မော်စီ တုန်လှုပ်ချောက်ခြားစွာ သေချာအောင် ထပ်မေးမိသည်။

"အင်း"

အလင်းရိပ်က လေးလေးကြီး ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ်လေး...အစ်ကိုရေ...ကယ်ပါဦး၊ သူ..သူက... မိုးသားမိန်းမ သရဲမတဲ့၊ သိရဲ့သားနဲ့ ဘာလို့မပြောကြတာလဲ!"

"နင့်ဘာသာပဲ ထင်ရာစွတ်ပြောနေပြီးတော့"

"အံ့မယ်လေး...ဒီမှာ လက်ကို ဆွဲထားတယ်၊ လက်ကြီး ကလည်း အေးစက်နေတာပဲ၊ ဒါကြောင့် လူကြီးတွေကပြောတာ၊ ရှင်ရင် အနွေး..သေရင် အအေးတဲ့၊ အံ့မယ်လေး...ကြောက်ပါရဲ့၊ လွှတ်...လွှတ်ပေးပါ"

မော်စီမှာ အလင်းရိပ်၏လက်မောင်းကို တင်းတင်းဆွဲ ထားရင်း စွတ်အော်သည်။

ဆရာဇော်မှာ အမြင်မတော်တော့။

"ငါ့ညီမ..နင်..နင်က ဆွဲထားတာလေ"

"ဟမ်!..."

မော်စီက ခုမှ ကိုယ့်လက်ကိုယ် ပြန်ကြည့်လိုက်မိသည်။

ဟုတ်ပါရဲ့...သူမက ဆွဲထားတာပါလား။

ကြောက်အားလန့်အားနှင့် ကမန်းကတန်း ပြန်လွှတ်ကာ အစ်ကို့နား အမြန်ပြေးသွားလိုက်မိသည်။

အစ်ကို့နောက်မှနေ ကွယ်ကာ သွားဖြဲလေးနှင့်...

"ဆောရီးနော်...ခုနကရန်တွေ့မိတာ ဆောရီးနော်...ဟဲဟဲ၊ ပြန်တော့နော်...နော်"

အလင်းရိပ်မှာ အေးစက်စွာ စိုက်ကြည့်နေလျက်...

"ဆရာဇော် ကူညီပေးပါ"

ဆရာဇော်မှာ ကြောင်ကန်းကာ ဘာလုပ်လို့ လုပ်ရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိ။

တကယ်တော့ သူက ဘာမှလည်း တတ်သည်မဟုတ်။ ဘိုးတော်အစစ်အမှန်လည်း မဟုတ်။

"သူ လိုက်လာပြီ"

အလင်းရိပ်က ဘေးကို လှည့်ကြည့်ရင်း ပြောသည်။

"သူ..."

ဆရာဇော်တို့ မျက်မှောင်ကြုတ်ကာ အသေအချာမြင်ရအောင် ထ,ရပ်ကြည့်ကြသည်။

"ရှင်းရှင်း..."

မနေ့တစ်နေ့ကမှ မြေမြှုပ်ခဲ့သော..အလောင်းကောင်ကို တောင့်တောင့်ကြီး မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရတာကြောင့် ဆရာဇော်တို့တတွေ လိပ်ပြာလွင့်မတတ် ဖြစ်သွားရတော့သည်။

ရှင်းရှင်းနှင့်အလင်းရိပ်။ နှစ်ယောက်စလုံးမှာ မျက်နှာသေကြီးတွေနှင့် တောင့်တောင့်ကြီးတွေ။

"သ..သ..သရဲနှစ်ကောင်"

ဆရာဇော်မှာ အသံတုန်တုန်နှင့် ရေရွတ်မိသည်။

ရှင်းရှင်းရဲ့မျက်လုံးထဲမှာ စူးရဲသော အနီရောင် မီးလျှံများ လျှံထွက်လာလေလျှင်...အလင်းရိပ်မှာ ဆရာဇော့်ဘက် တစ်ချက် လှည့်ကြည့်ကာ...

"ရွာပြင်က သချိုင်းဆီ လိုက်ခဲ့ပေးပါ ဆရာဇော်"

ဟု ပြောခဲ့ရင်း လေထဲ ငှက်တစ်ကောင်လို ပျံသန်းကာ ပျောက်ကွယ်သွားကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဇော်တို့မှာ လေထဲပျောက်ကွယ်သွားသော နာနာဘာဝနှစ်ယောက်ကို အံ့သြထိတ်လန့်စွာ ကြည့်ရင်း ကိုယ့်မျက်စိကိုယ် မယုံနိုင်။

"အစ်ကို...အစ်ကို့ကို လိုက်ခဲ့..တဲ့"

"သူ့ကြည့်ရတာ ဆရာဇော့်ကို အားကိုးတဲ့ပုံပဲ"

"လိုက်သွားလိုက်ပါလား အစ်ကို၊ သူ့မှာ ဒုက္ခတစ်ခုခုရှိနေတဲ့ပုံပဲ"

မော်စီမှာ ကြောက်သော်လည်း မိန်းမပီသစွာ အလင်းရိပ်ဆိုသော တစ္ဆေမကလေးကို သနားနေမိသည်။

"ငါက ဘာမှမလုပ်တတ်ဘဲ ညီမရယ်"

"လိုက်တော့ သွားကြည့်လိုက်ပါ အစ်ကိုရယ်...၊ သူ့ခမျာ အားကိုးတကြီးနဲ့ အစ်ကို့ဆီ လာရှာတာ"

"အစ်ကိုတစ်ယောက်ထဲတော့ မသွားရဲဘူး"

"ဒါဆို အင်အားများအောင် ရှာသားတွေပါ သွားခေါ်ချေလေ"

"အစ်ကိုက တကယ်တမ်းမှာ ဘာမှဉာဏ်ရည်ဉာဏ်သွေးမရှိပါဘူး ငါ့ညီမရယ်"

"ညီမ အားလုံးကိုစီစဉ်ပေးမယ် အစ်ကို၊ ညီမပါ လိုက်ခဲ့မယ်"

ညီမပါ လိုက်မယ်ဆိုတော့ ဆရာဇော် အားတက်သွားပြီ။

ညီမက သူ့နောက်မှာ guide လုပ်ပေးမည်ဆိုလျှင်... ဆရာဇော်တို့ မိုက်ရပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



"နေဦး…ဒီကိစ္စကို မိုးသားရော သိသေးရဲ့လား မသိဘူး၊ မိုးသားကိုလည်း ရှာပြီးအကြောင်းကြားရမယ်၊ အားလုံး လူစုပြီး လိုက်ကြတာပေါ့"

မော်စီ စပြီး အစီအစဉ်ဆွဲပြီ။

မကြာခင် အချိန်အတွင်းမှာ နာနာဘာဝနှစ်ယောက် ပညာ စွမ်းပြိုင်ကြတော့မည်။ နှစ်ယောက်စလုံးမှာ သက်ရှိလူသားများ ရဲ့ အသုံးချခံသက်သက်သာဖြစ်သည်။

သို့သော်…

သူတို့ကို အသုံးချမည့်သူများ ရှိသလို…

ကူညီကယ်ဆယ်မည့်သူလည်း ရှိနိုင်ပါသေးသည်၊

ဆရာတော်တို့မှာ ယုတ်မာနိမ့်ကျသော ပညာများ မတတ် သော်လည်း ဉာဏ်ရည်သက်သက်ဖြင့်သာ ယှဉ်ပြိုင်မှာဖြစ်သည် ပထမဆုံး အဆင့်အနေဖြင့်…သူတို့ ရွာသားတွေ အရင်စုဝေးရ မည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာသားတွေ စုဝေးရောက်ရှိလာချိန်မှာ သချိုင်းမြေကွက်လပ်မှာ မီးတောက်မီးလျှံများက မြင်မကောင်းအောင် ရဲရဲတောက်နေပြီ။ မြင်ရပုံအရဆိုလျှင် ရှင်းရှင်းသရဲမှာ အသာစီးရလျက်ရှိပြီး အလင်းရိပ်မှာတော့ အပြုံပြုံအလဲလဲနှင့် ရှုံးနိမ့်နေပြီ။

ကုန်းကမူတစ်ခုပေါ်မှာ အကျအနထိုင်လျက် ရှုစားနေကြသော လူတစ်စုကို မော်စီက အရင်မြင်သည်။

"အစ်ကို...ဟိုမှာလူတွေ၊ အဲ့ဒီထဲက အကျီအမည်းနဲ့လူက ခေါင်းဆောင်ဖြစ်လိမ့်မယ်"

"အဲ့ဒါ အောက်လမ်းဆရာရစ်ချတ်...ကျွန်တော်သိတယ်"

ကိုမောင်အေးက အသေအချာကြည့်ပြီး ဝင်ပြောသည်။

"အရိပ်ကလေးကို ကယ်ပေးကြပါဦး...၊ သူ့သူ..ဒုက္ခရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချစ်ခဲ့ရတဲ့သူက ဘဝချင်းခြားသော နာနာဘာဝ ဖြစ်နေသည့်တိုင် တကယ်တမ်းမှာ မိုးသားရင်ထဲ မကောင်း။

ကြေကွဲရလွန်းပါ၏။

အရိုပ်ကလေး မီးမြိုက်မြိုက်စွဲကာ အလူးအလိမ့် ခံစားနေရသည်ကို ကြည့်ပြီး သူ့ရင်ထဲမချို။

အောက်လမ်းဆရာ ရစ်ချတ်ဆိုသူက ရှင်းရှင်းသရဲကို လက်ညှိုး လက်ခလယ် နှစ်ချောင်းပူးနှင့် ညွှန်ကြား အမိန့်ပေးကာ စေခိုင်းနေသည်။

"ဟုတ်ပြီ...ရော့..အဲ့ဒီသရဲမကို ကြိုးနဲ့တုပ်လိုက်စမ်း"

ဆရာရစ်ချတ်က အပ်ချည်ကြိုးလို ပါးမျှင်လှသော ကြိုးတစ်ချောင်းကို လက်ညှိုးနှင့် လက်ခလယ်ကြား ညှပ်ကာ လွှင့်ပစ်လိုက်သည်။

ရှင်းရှင်းလက်ထဲ ရောက်သွားသည်က ဆူးများပြွမ်းလျက် ရှိသော ထူထဲလှသည့် ကြိုးကြီးတစ်ချောင်း။

အားလုံး မျက်လုံးများ ပြူးချေပြီ။

"အရိုပ်ကို ကြိုးနဲ့တုပ်ဖမ်းတာမယ်"

မိုးသားရဲ့အသံမှာ အက်ကွဲတစ်ဆို့နေသည်။

ရှင်းရှင်း ကြိုးကို ဆတ်ခနဲ လွှဲလိုက်သည်။

ကြိုးမှာ မြွေတစ်ကောင်ကို လိမ်တွန့်ပြီး အရိုပ်ကို ရစ်ပတ်လိုက်သည်။ အားလုံးမှာ အရိုပ်အတွက် စုပ်တသပ်သပ်။

ကြိုးနှင့် ရစ်ပတ်လိုက်ပြီး မကြာခင်အချိန်အတွင်းမှာပင် အရိုပ်ရဲ့ပုံရိပ်မှာ တဖြည်းဖြည်း မှုန်ဝါး ဖျော့မှိန်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာသားများမှာ မျက်လုံးအပြူးသားနှင့် အသက်ရှူဖို့ပင် မေ့နေမိသည်အထိ။

နောက်ဆုံး...အရိုပ်ရဲ့ပုံရိပ်မှာ လုံးဝပျောက်ကွယ်သွားပြီး ကြိုးချည်းသက်သက်သာ ကျန်တော့သည်။

ကြိုးမှာလည်း တစထက်တစ ဖျော့မှိန်သွားရာမှ အခိုးအငွေ့ ဖြစ်သွားခဲ့ပြီး ဆရာရစ်ချတ် ရှိရာသို့ ဦးတည်သွားလေတော့သည်။

ဆရာရစ်ချတ်မှာ မိန့်မိန့်ကြီး ပြုံးလျက် ရေတကောင်းလို မြေအိုးတစ်လုံးကို အသင့်အဖုံးဖွင့်ထားလိုက်လေလျှင်...

ထိုအခိုးအငွေ့မှာ မြေတကောင်းထဲသို့ ငုပ်လျှိုးဝင်ရောက် ပျောက်ကွယ်သွားတော့သည်။

"ဟား..ဟား..ဟား..ဟား၊ အောင်ပြီကွ..အောင်ပြီ..အောင်ပြီ"

ဆရာရစ်ချတ်မှာ လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ကာ အသံနက်ကြီးဖြင့် ကျူးရင့်သည်။ ဆရာတော်မီတို့ သုံးယောက်သားမှာ အပျော်ကြီးပျော်လျက် ထ,ကကြလေသည်။

မပျော်နိုင်ကြသူများမှာ မိုးသားအပါအဝင် ရွာသားများ။

အားလုံးမှာ စိတ်မကောင်းဖြစ်နေကြသည်။

ဘာပဲဖြစ်ဖြစ် အရိုပ်ကို..လူယုတ်မာတွေ လက်ထဲတော့ အရောက်မခံချင်။

"ကျွန်မတို့ အလင်းရိုပ်ကို ကယ်ကြမယ်"

မော်စီက မျက်နှာကိုမော့လျက် ပြတ်သားစွာ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အားလုံးမှာ မော်စီကို အံ့အားတသင့် ကြည့်ကြသည်။

"ငါတို့က ဘာပညာမှ မတတ်ဘဲနဲ့ အဲ့ဒီအောက်လမ်းဆရာကို ဘယ်လိုယှဉ်မှာလဲ!"

ဆရာဇော်က လူအများရှေ့ အရှက်ကွဲရမည်စိုးသဖြင့် ညီမဖြစ်သူကို ကြိတ်သတိပေးသည်။

"အစ်ကို...ကျွန်မတို့ နာနာဘာဝတွေကို ဗန်းပြပြီး လုပ်စားခဲ့ကြတယ်၊ အခု အခြေအနေကြုံလို့ သူတို့အတွက် ကောင်းမှုပြန်လုပ်ပေးရအောင်"


မော်စီ အစ်ကိုဖြစ်သူကို တီးတိုးပြောလိုက်လျှင် ဆရာဇော်မှာ ငြိမ်သက်သွားခဲ့ရသည်။

ဟုတ်သည်...သူတို့မောင်နှမနှစ်ယောက် မရှိသော အမိနာသရဲမကို ဖန်ဆင်းကာ ရွာသားတွေအပေါ် ခြောက်လှန့်လုပ်စားခဲ့သည်။ အခု...ကိုယ့်ရွာသား မိုးသားနှင့် ပတ်သက်ခဲ့သော နာနာဘာဝ တစ္ဆေမကလေးကို ပြန်ကူညီကယ်ဆယ်သင့်တာပေါ့။

ဆရာဇော် ညီမဖြစ်သူကို ပြုံးကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။

"အိုကေ...ညီမ အစီအစဉ်ဆွဲပြမယ် အစ်ကို"

မော်စီ အစ်ကို့ကို လက်ကုတ်ကာ ရွာသားများနှင့် ခပ်လှမ်းလှမ်းနေရာဆီ ခေါ်ထုတ်သည်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၉)

အောက်လမ်းဆရာတို့ အောင်ပွဲခံလို့မှ အားမရသေးမီ မြေပုံများကြားမှ တလှုပ်လှုပ်နှင့် အရိပ်တစ်ခု တွေ့လိုက်သောကြောင့် ဆရာရစ်ချတ်တို့တတွေ အာရုံနောက်သွားရသည်။

အညိုရောင်ဝတ်စုံနှင့် ခေါင်းပေါင်း အကျအနပေါင်းကာ လက်ကြီးပိုက်လျက် မြေပုံများကြားမှ တရွေ့ရွေ့ ထွက်လာသည်။

ဆရာဇော်...။

တကယ်တော့ ဆရာဇော်က ရွေ့နေခြင်းမဟုတ်..ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်လျက်ပင်။ ဒါဆို မြေပြင်က ရွေ့လျားပေးနေတာလား...၊ မဟုတ်...။

ဘီးတပ်ထားသော လှည်းပုလေးပေါ် မတ်တပ်ရပ်ကာ လိုက်လာခြင်းဖြစ်သည်။ လောရှည်နဲ့ကုလားပုက တစ်နေရာမှ ကြိုးနဲ့ဆွဲနေခြင်းပင်။ ထို့နောက် လှည်းကိုမမြင်ရအောင် ခပ်လှမ်းလှမ်းမှာ ရပ်နေလိုက်သည်။

ဆရာရစ်ချတ် မျက်မှောင်ကြုတ်သွားသည်။

ဘာလဲ...ဒီဘိုးတော် ပညာလာပြိုင်တာလား...။

"ပညာလာပြိုင်တယ်လို့ မအောက်မေ့ပါနဲ့...အလှူလာခံတာပါ"

ဆရာဇော် ဣန္ဒြေအပြည့်နှင့် မိန့်မိန့်ကြီးပြုံးရင်း စကားစသည်။

"ကန်တော့ပါသေးရဲ့...အနုပ်မရှိဘူး"

"အမ်.."

ပြန်ချတ်လိုက်သော ဆရာရစ်ချတ် စကားကြောင့် ဆရာဇော် အူသွားရသည်။

သို့သော် ချက်ချင်း ဣန္ဒြေပြန်ဆည်ရင်း...

"အိုး..အို...ပိုက်ဆံအလှူခံတာ မဟုတ်ပါဘူးကွယ်၊ ဆရာမှာ အားလုံးပြည့်စုံပါတယ်၊ ဆရာ အလှူခံချင်တာက..."

ဆရာဇော် တမင်ပင် ကိုယ့်ကိုယ်ကို 'ဆရာ'ဟု ထည့်ပြောလိုက်တာကြောင့် ဆရာရစ်ချတ် နည်းနည်းတင်းသွားရသည်။

သူက တစ်မူးသာချင်နေသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဇော်က ပြုံးလျက် မြေအိုးလေးကို လက်ညှိုးညွှန်ပြကာ...

"အဲ့ဒီနာနာဘာဝမလေးကိုပါပဲ"

ဆရာရစ်ချတ် မျက်ခုံးများ ပင့်သွားပြီး မခိုးမခန့် ရယ်လျက်..

"ဆရာရယ်...နာနာဘာဝ ဖြစ်နေပြီပဲ၊ ဘာလုပ်လို့ ရတော့မှာလဲ၊ အရှင်လေးတွေကိုပဲ စိတ်ကူးပါ"

လူပျိုကြီး ဆရာဇော် ဆရာရစ်ချတ်စကားကြောင့် မျက်နှာရဲခနဲဖြစ်သွားရသည်။

"ဘာ..ဘာတွေ လျှောက်ပြောနေတာလဲ!..၊ သနားလို့ အလှူခံတာ"

"ဟုတ်ပြီလေ...ဒါဆိုလည်း ကျုပ်ကို နိုင်အောင်တိုက်ကြည့်ပေါ့၊ နိုင်ရင် ဆရာလိုချင်တဲ့ တစ္ဆေမကို ချက်ချင်းလွှတ်ပေးလိုက်မယ်...ဟုတ်ပြီလား၊ ကဲ...စ,မယ်"

ဆရာရစ်ချက် စတင်စိန်ခေါ်ရင်း လင်ဗန်းတစ်ချပ်ကို ဆတ်ခနဲ ကိုင်လိုက်သည်။

"ခဏ...ခဏနေဦး"

ဆရာဇော် ကမန်းကတန်း လက်ကာတားလိုက်သည်။

ဆရာရစ်ချတ် လက်ထဲက လင်ဗန်းဟာ သံလင်ဗန်း မဟုတ်လား သူ အထိနာနိုင်သည်လေ။

"မင်းကို ငါ မတိုက်ဘူး၊ ငါ့တပည့်နဲ့ ပေးတွေ့မယ်"

ဆရာဇော်...ဆရာရစ်ချတ်ကို မျက်ပေတုံးကလေး မေး



www.burmeseclassic.com

www.burmeseclassic.com



ကာကြည့်လိုက်သည်။

(မင်း…ငါ့တပည့်အဆင့်ပဲ ရှိပါသေးတယ် ရစ်ချတ်ရာ) ဟူသောအကြည့်မျိုးမို့ ဆရာရစ်ချတ် မခံချင်စိတ် ပိုကြွလာရသည်။

ဆရာဇော်က ကောင်းကင်ကို မော့ကြည့်လိုက်သည်။

ပြီးလျှင်…

ခေါင်းပေါင်းကို ချွတ်ကာ ပစ်လွှတ်တင်လိုက်သည်။

ရုတ်ချည်း ဆရာဇော် ပျောက်ကွယ်သွားသည်။

ခေါင်းပေါင်းလည်း ပျောက်ကွယ်သွားသည်။

ခေါင်းပေါင်းပျောက်သွားသည်နှင့်…

"ဟင်း..ဟင်း..ဟင်း..ဟင်း"

ပမာမခန့် ရယ်သံတစ်ခုက သစ်ပင်ကြီးများ အထက်နားမှ ပျံ့လွင့်နေသည်။

မိန်းမသံ…။

မျက်နှာမှာ ကြောက်မက်ဖွယ် ကောင်းလောက်အောင်ရဲပတောင်း စတ်နေသည်။

"မင်း ဘယ်သူလဲ!"

"ဒါ..ရှင်သိစရာမလိုပါဘူး"

သူ့ကို ပညာလာပြိုင်နေသော နာနာဘာဝမှာ စုန်းမအောက်ကလီအာအသံနှင့် ပမာမခန့် ပြန်ပြောလေလျှင် ဆရာရစ်ချတ် ဒေါသတို့ ငယ်ထိပ်သို့ တက်ဆောင့်လေပြီ။

"တစ္ဆေစုတ်မ…သေမယ့်သာပြင်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာရစ်ချတ် လင်ဗန်းထဲမှ စီရင်ထားသောဆန်စေ့များကို နာနာဘာဝမဆီ လှမ်းပက်သည်။

တော်ရုံနာနာဘာဝသာဆို မြေပြင်ပေါ် ဖုတ်ခနဲ ကျဆင်းလာမည်ဖြစ်သော်လည်း ထိုနာနာဘာဝမကတော့ ဆန်စေ့များကို ဝါးစပ်ဖြင့်ပင် ဖမ်းပြီး ဝါးစားနေသေးသည်။

"ဟား..ဟား..ပစ်စမ်းပါ..များများပစ်စမ်းပါ၊ ထမင်းချက်စားပစ်မယ်"

ဆရာရစ်ချတ် လင်ဗန်းထဲမှ ဆန်စေ့များ ကုန်လျှင် သုံးဆယ့်သုံးလုံးပါသော ပုတီးစိပ်လေးကို ထုတ်သည်။

ဒီပုတီးက နာနာဘာဝ ချုပ်သည့်ပုတီး။ ထိတာနှင့် နာနာဘာဝမှာ ကျုံ့ဝင်သွားပြီး..ကောင်းကင်မှာတောင် တန်းလန်းချိတ်ဆွဲနိုင်လောက်သည်အထိ စွမ်းသည်။

"ဟင်း..လာရော့...သေစမ်း..သရဲစုတ်မ"

ပုတီးကို နာနာဘာဝမဆီ လက်မှန်းတည့်တည့်နှင့် ပစ်လွှတ်လိုက်သည်။

တော်ရုံ နာနာဘာဝတွေဆို...ဒီပုတီးကို မြင်တာနှင့်ဆောက်တည်ရာမရ တချိုးတည်း ထွက်ပြေးလေ့ ရှိသော်လည်း...

ဒီနာနာဘာဝမကတော့...

"ဟယ်...ပုတီးကလေး လှလိုက်တာ...လာလေ့"

ဆိုကာ ပုတီးပြေးလာသည့် လမ်းကြောင်းမှာ လက်ဖြင့်ထိုးခံသည်။ ပုတီးမှာ လက်ကောက်ဝတ်ဆီမှာ အကျအနှ...။

"လှလိုက်တာ...ကြည့်စမ်း၊ ပုတီးဟဲန်းချိန်းပေါ့..ဟဲ..ဟဲ၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကုံးလောက် လုပ်စမ်းပါဦး...ကျေးဇူးတင်လိုက်တာ ရှင်”

ဆရာရစ်ချတ် ဆွေ့ဆွေ့ခုန်လေပြီ။

ပွဲတိုင်းကျော် လက်မထောင်ခဲ့ပြီး ဒီတစ္ဆေမနှင့်ကျမှ နာမည်ပျက်ရတော့မည်တဲ့လား...ရာဇဝင်ရိုင်းလိုက်လေခြင်း။

ကော်ဇောပေါ်မှာ ဘာကျန်သေးလဲ လိုက်ရှာသည်။

ခရေစေ့လေးများ...အပ်ချည်ကြိုးလေးများ ရှိသေးသည်။ ဒါတွေက နောက်ဆုံးကျည်ဆန်တွေ...ပွဲသိမ်းတွေ။

သို့သော် ဒီသရဲမ ဒီပစ္စည်းတွေကို မှုမည်မဟုတ်မှန်း ဆရာရစ်ချတ် သိလိုက်ပြီ။

အနီးပတ်ဝန်းကျင်မှာ မျက်စိတောင်းမှောက် လိုက်ရှာသည်။ တွေ့ပြီ...ဆရာရစ်ချတ် ပြုံးလိုက်သည်။

အုတ်ခဲကျစ်ကျစ်တစ်လုံး။

ဒါနဲ့မှ မသေရင်တော့ ဒင်းသေစရာ နည်းလမ်းမရှိတော့ပြီ။ ဆရာရစ်ချတ် အုတ်ခဲကို ခပ်ဆဆ ကိုင်လိုက်သည်။

ကောင်းကင်မှာ အဖြူရောင် ဝတ်စုံဖားဖားကြီးနှင့် ဟန်ကျကျ ပျံဝဲနေသော သရဲမကတော့ ဘာမှမသိ။

အမှောင်ထဲမှ ဆရာဇော်ကတော့ ဆရာရစ်ချတ် လက်ထဲမှအုတ်ခဲကို မြင်သည်နှင့် မျက်လုံးပြူးချေပြီ။

ခြုံကွယ်သို့ မာရသွန် ပြေးကာ...

“ဟေ့ကောင်တွေ...ကြိုးမြန်မြန်ဆွဲ၊ မော်စီကို ပြန်ချတော့၊ ဟိုမှာ အုတ်ခဲကိုင်နေပြီ”



www.burmeseclassic.com

www.burmeseclassic.com



ထွန်းလင်းနှင့် ကိုဘမောင် စိုးရိမ်တကြီး ကြိုးကို ပြန်ဆွဲသည်။ ဒါတောင် လေထဲမှာ တန်းလန်းနေရတာ အကြိုက်တွေ့သွားသော မော်စီက ပြန်မဆင်းချင်သေး။

"ဘာလို့ ပြန်ဆွဲချတာလဲ၊ ဟိုမှာ နေလို့ကောင်းနေတဲ့ဟာ"

"နင်ဘာသိလဲ...ဟိုက အုတ်ခဲကိုင်နေပြီ"

"မော်စီ အိုက်တင်ကောင်းလိုက်တာ၊ တကယ့်သရဲမတောင် မော်စီလောက် သရဲနဲ့တူမှာမဟုတ်ဘူး"

ထွန်းလင်းက ချီးကျူးသည်။

"ဆန်စေ့တွေက စားလို့ကောင်းလိုက်တာ၊ မွမွကျွတ်ကျွတ်လေး၊ နည်းနည်းတော့ ငန်တယ်"

"အဲ့ဒီလင်ဗန်းနဲ့ သဲထည့်မွှေလိုက်တာ...ငါတွေ့လိုက်တယ်"

မော်စီ ဖွီးစနဲ့ ပြန်ထွေးထုတ်၏။

"ပုတီးလေးကတော့ လှတယ်နော် အစ်ကို၊ ညီမလက်နဲ့ လိုက်တယ်မဟုတ်လားဟင်"

လက်ကောက်ဝတ်ကို မြှောက်ကြည့်ကာ မော်စီမှာ ကျေနပ်နေသည်။

"အဲ့ဒါ ဒေါ်ဆွဲမိ သေတုန်းက အခေါင်းထဲ ထည့်လိုက်တာတွေ့ဖူးတယ်"

"အိ..."

မော်စီ မျက်နှာရှုံ့မဲ့ကာ ပုတီးကို ချက်ချင်းပြန်ချွတ်ပြီး လွှင့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...အချိန်မရဘူး၊ မော်စီ..နင်နားတော့၊ ဟိုနှစ်ကောင် လောရှည်နဲ့ကုလားပု...ထွက်မယ်"

လောရှည်နှင့်ကုလားပု မြို့ထဲမှ ဝတ်စုံလဲပြီး ထွက်လာကြသည်။ ခြောက်ပေကျော်သော လောရှည်က ကုလားမခြေထောက်စီးထားသေးသည်။ နှစ်ယောက်စလုံး ခေါင်းစွပ်ဝတ်ရုံဖားဖားကြီးများ ဝတ်လျက်။

ဝတ်ရုံကြီးများမှာ အရှေ့မှာ အရိုးခြောက်ပုံဖေါ်ထားသည်။ အမှောင်ထဲမှာဆို ဝတ်ရုံပျောက်လျက် အရိုးခြောက်သဏ္ဍာန်သာ ပီပီပြင်ပြင် ပေါ်သည်။

ကုလားပုကိုတော့ ဆရာဇော်က မှင်စာပုံ ပြင်ပေးထားသည်။ လက်နှစ်ဖက်မှာ ယောက်မနှင့်သံဇွန်း ကိုင်လျက်။

ခေါင်းပေါ်မှာ သရဲဦးထုပ်ဆိုကာ ဂန်ဖလားဟောင်းတစ်လုံး စွပ်ထားလိုက်သေးသည်။

"သူ့လက်နက်တွေ ကုန်သလောက်တော့ ရှိပါပြီနော်... ဆရာ"

ကုလားပု အသံတုန်တုန်ကလေးနှင့် မေးကာ မသွားသေးဘဲ တွန့်ဆုတ်တွန့်ဆုတ် လုပ်နေသည်။

ဆရာဇော် စိတ်မရှည်တော့။

"သွားစမ်းဟာ"

ဖင်ကို အားရပါးရ ဆောင့်ကန်ထည့်လိုက်သည်။

ကုလားပုလည်း ကြောက်ကြောက်နှင့် ဘာမှစဉ်းစားတော့ပဲ အရှိန်နှင့် ကိုးရိုးကားယားပြေးကာ ဆရာရှစ်မျှတ်ကို ပြေး


www.burmeseclassic.com

www.burmeseclassic.com



ဖက်သည်။

ကုလားပု ဆောင်းထားသော ဂန်ဖလားနှင့် ဆရာရစ်ချတ် နဖူး မိတ်ဆက်သွားတာကြောင့် ဆရာရစ်ချတ် အာလူးသီးသွား သည်။

"တောက်...မှင်စာစုတ်၊ ငါ့ကို ကိုယ်ထိလက်ရောက် လာ တိုက်ခိုက်တယ်ပေါ့...ဟုတ်လား!"

ဆရာရစ်ချတ် ဒေါသခိုးမွှန်ကာ လက်နက်ရှာသည်။

ကုလားပု ဘာလုပ်ရမှန်းမသိ။ နောက်မှလိုက်လာသော လောရှည်လည်း အနားရောက်လာပြီးမှ အခြေအနေ မဟန်သည် ကိုတွေ့၍ လှည့်ပြေးဖို့ ကြိုးစားသည်။

သို့သော် ကုလားမ ခြေထောက်မှာ လွယ်လွယ်ကူကူ လှည့်၍ရသည်မဟုတ်။ ခဲတစ်လုံးကို ထောက်မိကာ ဝရုန်းသုန်း ကား ပြုတ်ကျလေတော့သည်။

ကံဆိုးချင်တော့ ဆရာရစ်ချတ်ပေါ်တည့်တည့်။

ဆရာရစ်ချတ် မရှောင်နိုင်တော့...။

ပေါင်တစ်ရာ့ရှစ်ဆယ်ရှိသော လောရှည်ရဲ့ဝိတ် ပိကာ... ဆရာရစ်ချတ် သတိလစ်လေတော့သည်။

သတိမလစ်ခင် ဆရာရစ်ချတ် နောက်ဆုံး တိုးတိုးရေရွတ် သွားခဲ့သောစကားမှာ...

"ဒီရွာက သရဲတွေ တော်တော်ပါဝါပြင်းတာပဲ"

ဆရာရစ်ချတ် မရှုနိုင်မကယ်နိုင် လဲကျသွားသည်နှင့် ရွာ သားများအားလုံး 'ဝေး'ခနဲ ဝမ်းသာအားရ အော်ဟစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာရစ်ချတ် မေ့နေရာမှလန့်ကာ ဆတ်ခနဲ ခေါင်းထောင်ကြည့်၏။

အဝေးမှ ရဲပတောင်းခတ်နေသော မော်စီ ပြေးလာသည်ကို လှမ်းမြင်လိုက်ရလျှင် ဆတ်ခနဲ ပြန်မေ့သွားလေတော့သည်။

မြေအိုးလေးကို ဆရာဇော် ဝမ်းသာအားရ ကောက်ယူသည်။

"အစ်ကို...ညီမကို ခဏပြ"

မော်စီ အတင်းလုယူကြည့်သည်။

လက်အလွှဲအပြောင်းမှာ အိုးလေးက ခွမ်းခနဲ ကျကွဲသွားတော့သည်။

"ဟယ်.."

"ဒုက္ခပဲ.."

မောင်နှမနှစ်ယောက် အလန့်တကြား နောက်ဆုတ်လိုက်ကြသည်။ ကွဲသွားသော အိုးလေးကို အလန့်တကြား ကြည့်နေမိသည်။

သွားပြီ။

သူတို့ အပင်ပန်းခံ ကူညီဖို့ ကြိုးစားခဲ့လေသမျှ သဲထဲရေသွန် ဖြစ်ရပြီ။ အားလုံး တိတ်ဆိတ်ကာ စိတ်မကောင်းဖြစ်နေမိကြသည်။

"ငါ..ငါတောင်းပန်ပါတယ် အလင်းရိုပ်ရယ်..ငါ..ငါ့ကြောင့်..."

မော်စီ စိတ်မကောင်းခြင်းကြီးစွာဖြင့် တောင်းပန်နေမိ

www.burmeseclassic.com

www.burmeseclassic.com


သည်။

မြေအိုးအကွဲထဲမှ မီးခိုးငွေ့များ ထွက်လာလျှင် အားလုံးမှာ အံ့အားသင့်သွားရသည်။

မီးခိုးငွေ့များမှာ ရှည်တန်းစွာ ထွက်လာခဲ့ပြီးနောက်...

ပုံရိပ်တစ်ခုအဖြစ် တစထက်တစ ပီပြင်လာလေတော့သည်။ အားလုံးမြင်တွေ့လိုက်ရသည်မှာ အလင်းရိပ်။

"အလင်းရိပ်"

အားလုံးမှာ တခဲနက် ဝိုင်းအော်ကာ ဝမ်းသာသွားရတော့သည်။ သူတို့ အကြောက်ကြီးကြောက်ခဲ့ရသော နာနာဘာဝမလေးကို ခုလို ယုတ်ကန်းနိမ့်ကျသော အောက်လမ်းဆရာလက်ထဲမှ..လွတ်မြောက်အောင် ဝိုင်းဝန်းကယ်တင်လိုက်နိုင်သည့်အတွက် အားလုံးဝမ်းအသာကြီး သာသွားရသည်။

"အားလုံးကို ကျေးဇူးတင်ပါတယ်"

အလင်းရိပ်က အပြုံးဖြင့် ကျေးဇူးတင်စကား ဆိုသည်။

အားလုံးမှာ အလင်းရိပ်ကို နာနာဘာဝ ဆိုတာထက် ကိုယ့်ရွာသားဖြစ်သော မိုးသားရဲ့ဇနီးမယားအဖြစ် မြင်တွေ့သည့်စိတ်က ပိုကဲနေကြသည်။

"လူယုတ်မာတွေလက်ထဲက ကယ်တင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

အရိပ်ရဲ့အသံမှာ ချက်ချင်း အေးခဲမာကျောသွားသည်။

ဆရာတော်မီတို့ အုပ်စုဘက် မျက်နှာချင်းဆိုင်လိုက်ပြီး...

"ငါ့ကို ရှင်တုန်းကလည်း ဒုက္ခပေးခဲ့တယ်၊ သေပြီးတော့


www.burmeseclassic.com

www.burmeseclassic.com



လည်း ဒုက္ခပေးတုန်းပါပဲလား!”

အေးစက်စွာ ဆိုသောအသံမှာ ချောက်ခြားစရာ ကောင်းလွန်းလှသည်။

ဆရာတော်မီကို စိုက်ကြည့်သော မျက်လုံးများမှာ ညအမှောင်ထဲမှ ကြောင်တစ်ကောင်ရဲ့မျက်လုံးများလို စိမ်းနက်၍နေသည်။

ဆရာတော်မီ ကြောက်လွန်းသဖြင့် တဆတ်ဆတ် တုန်နေသည်။ သူအားကိုးခဲ့သော ဆရာရစ်ချတ်ကိုယ်တိုင်ပင် မြေပေါ်မှာ မှောက်နေသည် မဟုတ်ပါလား။

“နင့်ကို ငါ ဥပေက္ခာပြုဖို့ ကြိုးစားခဲ့ပါသေးတယ်၊ ခုတော့ နင်က အောက်လမ်းဆရာကိုတောင် ဒီအထိ ခေါ်လာပြီး ငါ့ကို ဒုက္ခပေးခဲ့တော့...ငါ ဥပေက္ခာပြုလို့ မရတော့ဘူးပေါ့”

“ငါ့..ငါ့ကို ခွင့်..ခွင့်လွှတ်ပါ..ငါ...ငါ ဘာလုပ်ပေးရမလဲ..”

ဆရာတော်မီ ကြို့ကြို့ရှို့ရှို့နှင့် တောင်းပန်ဖို့ ကြိုးစားသည်။

“တိတ်စမ်း..ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ ငါ ခွင့်လွှတ်ရင် နင် ငါ့ကို ဒုက္ခထပ်ပေးဦးမှာပဲ၊ နင့်ကို ငါသိပ်မုန်းတယ်...သိရဲ့လား၊ နင့်ကြောင့် ငါ့ချစ်သူလည်း ငါ့ဘဝအမှန်ကို သိသွားခဲ့ပြီ၊ ငါ့ချစ်သူနဲ့ ငါခွဲရတော့မယ်၊ နင့်ကိုငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ ဘယ်တော့မှ မကျေဘူး...သိရဲ့လား!”

အရိပ်မှာ အေးစက်သောအသံကြီးဖြင့် ကျယ်လောင်စွာ အော်ဟစ်ပေါက်ကွဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်မီမှာ ကြောက်လွန်းသဖြင့် အသံဖြင့် မထွက်နိုင်တော့။

အရိပ်က စေခိုင်းမည့်သူ မရှိတော့သဖြင့် တောင့်တောင့်ကြီးရပ်နေသော ရှင်းရှင်းသရဲဘက် လှည့်ကာ...

"ရှင်းရှင်း"

ဟု သံပြတ်ဖြင့် ခေါ်လိုက်သည်။

ရှင်းရှင်းသရဲမှာ တောင့်တောင့်ကြီး ရပ်နေရာမှာ ခေါင်းသာ အရိပ်ဘက် လှည့်ကြည့်သည်။

"နင်နဲ့ငါ့ကို ဘဝတူချင်း ရန်တိုက်ပေးခဲ့တဲ့ ဒီလူတွေကို ဒီတိုင်းပဲ ကြည့်နေမလား၊ သူတို့က နင့်ကို အမိန့်ပေးပြီး အသုံးချခဲ့တာလေ၊ ဟိုမှာ နင့်ကို အမိန့်ပေးခဲ့တဲ့ အောက်လမ်းဆရာတော့ မှောက်နေပြီ"

ရှင်းရှင်းသရဲက ဆရာရစ်ချတ်ကို တစ်ချက်ငုံ့ကြည့်သည်။

"ဒီလူတွေကို နင်နဲ့ငါ ပေါင်းပြီး..."

အရိပ်စကားမဆုံးခင် ရှင်းရှင်းသရဲက...

"အင်း"

ဟု ဝမ်းခေါင်းအသံကြီးဖြင့် နားလည်ကြောင်း ထောက်ခံသည်။

နှစ်ယောက်သား အသက်မဲ့သော လှုပ်ရှားမှုမျိုးဖြင့်...ဆရာတော်မီတို့လူစုဆီ တစ်လှမ်းချင်း လှမ်းသည်။

"မ..မလုပ်ကြပါနဲ့..တောင်းပန်"



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်..ကျွန်တော်တို့က ဆရာတော်မိ..ခိုင်း..ခိုင်းတာ လုပ်ရတာပါ၊ ကျွန်တော်တို့...မပါ.."

"တိတ်"

အရိပ်မှာ ဘယ်လိုမှ တောင်းပန်မခံ။

စူးစူးဝါးဝါး စိုက်ကြည့်ရင်း ရှေ့တိုးသည်။

ဆရာတော်မိနှင့် တစ်လှမ်းစာ အကွာအဝေးသို့ ရောက်လျှင်...

"ကဲ...သေပေတော့"

ဟု နာနာမျက်မျက် ကြိမ်းဝါးလျက်..အသည်းနှလုံး ရှိရာသို့ လက်ညှိုးနှင့် လက်ခလယ် နှစ်ချောင်းပူးကာ ချိန်ရွယ်လိုက်သည်။

"မလုပ်ပါနဲ့ ဒကာမလေး"

သြစာအပြည့်ပါသော်လည်း တည်ငြိမ်သောအသံ။

အရိပ်နောက်ကို တုန်လှုပ်စွာ ချက်ချင်းလှည့်ကြည့်လိုက်သည်။

ဘဘုန်း...။

ထို့နောက် ကျေးရွာလူကြီးများ...။

အရိပ်ကလေးကို စိုးရိမ်လွန်းသည့်စိတ်နှင့် ဘဘုန်းကို အပြေးပင့်လာသော မိုးသား...နောက်မှာ ကျေးရွာလူကြီးများပါ လိုက်ပါလာခဲ့ကြသည်။

အရိပ်နှင့်ရှင်းရှင်း...ဘဘုန်းခြေရင်းမှာ လက်အုပ်ချီလျက် ပုဆစ်တုပ်ထိုင်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ကလဲ့စားချေခြင်းဆိုတာ သံသရာ ဆွဲဆန့်တာပဲ ဒကာမ လေးရယ်၊ အေးချမ်းအောင် နေပါ"

အရိပ် ခေါင်းကို တွင်တွင်ငုံ့ထားသည်။

"သူတို့ ကျူးလွန်ခဲ့တဲ့အပြစ်တွေအတွက် သူတို့လည်း ထိုက်သင့်တဲ့ အပြစ်ဒဏ် ခံရပေမပေါ့၊ ကိုယ်က သံသရာ မြန်မြန် ဖြတ်နိုင်အောင် ကြိုးစားရမယ့်ဟာ၊ ပရလောကသားဆိုတဲ့ဘဝ ဟာ ဘယ်လောက်ဒုက္ခဆင်းရဲများသလဲ သိကြရဲ့သားနဲ့ကွယ်"

ဘဘုန်းက စိတ်မချမ်းမြေ့သလို ဆုံးမသည်။

ကျေးရွာလူကြီးများက ဆရာတော်မီတို့ လူတစ်စုကို ကြိုး ဖြင့်တုပ်လိုက်ကြသည်။

ဆိတ်ကွယ်ရာ မရှိသော မကောင်းမှုကို နာနာဘာဝမ လေး အလင်းရိပ်ဟာ ဖော်ထုတ်နိုင်ခဲ့လေသည်။

"ကဲ...သတ္တဝါတွေကို မေတ္တာရှေ့ထားပြီး ဘုန်းဘုန်း ဒီ နေရာကို ကြွခဲ့တာ၊ မင်းတို့အတွက် ဘုန်းဘုန်းလည်း တတ်နိုင်တဲ့ ဘက်က လုပ်ပေးပါ့မယ်၊ ဘုန်းဘုန်းပြုခဲ့သမျှ သီလ..ဒါန..ဘာဝနာ ကုသိုလ်တွေကို အမျှပေးဝေမယ်...သာခုခေါ်နိုင်အောင် ကြိုးစား ကြ၊ ကဲ......"

အရိပ် ပြုံးသည်။ သွေးရောင်မျက်ရည်တို့က ပါးပြင်နှစ် ဖက်ဆီမှာ တလိမ့်လိမ့်။

မိုးသားကို ဖျတ်ခနဲ လှမ်းကြည့်သည်။

*(ဘဝချင်း ခြားနေတဲ့ အခြေအနေမှာ သက်ရှိလူသား ယောင်ဆောင်ပြီး နှလုံးသားထဲ တိတ်တိတ်ခိုးဝင်ခဲ့တာ ခွင့်လွှတ်*

www.burmeseclassic.com

www.burmeseclassic.com



ပါမိုးရယ်...၊ သံသရာအဆက်ဆက်က မြဲမြဲမြံမြံ ဖွဲ့ရစ်ခဲ့မိတဲ့ ချစ်ခြင်းကို အရိုပ် ဘယ်လိုမှ မလွန်ဆန်နိုင်ခဲ့မိလို့ပါ...

ပရလောကသားအဖြစ်ကနေ အယောင်ဆောင်ခဲ့ပေမယ့်လည်း...မိုးအပေါ် ချစ်မိတဲ့ ချစ်ခြင်း တရားကတော့ အစစ်အမှန်ရယ်ပါ)

(အရိုပ်...ဘယ်လိုမှ ဆုံစည်းခွင့် မရနိုင်တဲ့ အခြေအနေမျိုးမို့...ကံကြမ္မာကို ခါးသီးမိပါရဲ့...၊ သံသရာအစဉ်အဆက်က နှောင်ဖွဲ့ခဲ့မိတဲ့ ချစ်ခြင်းတရားကို ကိုယ် ဘယ်လိုရုန်းဖြတ်ရမှာလဲ..

ဘဝပဲဖြစ်ဖြစ် အရိုပ်ကလေးရယ်...

သံသရာတကွေ့မှာတော့..ပြန်တွေ့နိုင်အောင်...

ကိုယ်တို့ ဆုတောင်းကြမယ်နော်...)

အရိုပ်နှင့်မိုးသား စိုလဲ့ရီဝေသော မျက်ဝန်းများဖြင့် အပြန်အလှန် ငေးစိုက်ကြည့်လျက်...။

အရိုပ်က ပြုံးနေရာမှ အံကြိတ်လိုက်သည်။ သွေးမျက်ရည်များကို လက်ခုံဖြင့် ပွတ်တိုက်လိုက်ပြီးသည့်ခဏ...

"ကဲ...အားလုံးကြားကြားသမျှ..အမျှ..အမျှ...အမျှ...ယူတော်မူကြပါကုန်လော့"

ဘဘုန်းက အောင်မြင်ထည်ဝါစွာ အမျှပေးဝေသည်။

အားလုံး ကြို့ကြို့ယုံ့ယုံ့ထိုင်လျက် လက်အုပ်ချီမိုးကာ...

"သာဓု..သာဓု..သာဓု.."

အားလုံး ငုံ့ထားသော ခေါင်းများ ပြန်မော့လိုက်သည်။

ကိုယ်စီ မျက်ဝန်းအိမ်အသီးသီး၌ မျက်ရည်စများ ရစ်ဝဲ



www.burmeseclassic.com

www.burmeseclassic.com



ခိုတွယ်လျက်။

အားလုံး မျက်စိရှေ့၌...အရိပ်ရဲ့ပုံရိပ်မှာ တစထက်တစ မှိန်လျော့ ဝေဝါးလျက်။

တဆတ်ဆတ် တုန်နေသော လက်ခုံပေါ် မျက်ရည်တစ်ပေါက် ကြွေကျသည်။

မျက်ဝန်းများ ကျပ်နေအောင် မှိတ်ချလိုက်သည်။

ချစ်ရလွန်းသော အရိပ်ကလေးရဲ့ ချစ်စဖွယ် ပုံရိပ်ကလေးများက စွဲထင်လျက်။

သံသရာတကွေ့မှာ...

တို့ ပြန်ဆုံတွေ့ကြမယ်နော်...ချစ်သူ...

အဲ့ဒီအခါကျရင်...

ခုလို ဘဝချင်းခြားနားနေတဲ့ ကြမ္မာဆိုးမျိုးနဲ့ မကြုံရအောင် ဖြည့်ဆုတောင်းကြစို့ရဲ့.....။ ။

ချစ်သူတိုင်း ဘဝချင်း ခြားနေသော
အဖြစ်ဆိုးမျိုးမှ ကင်းဝေးကြပါစေ.....

www.burmeseclassic.com